# မြန်မာ့အလင်း

MYANMA ALINN SUNDAY ISSUE

■ အတွဲ [၅၅]
အမှတ် [၁၅၈]

၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက် [6-3-2016]


**အပူသက်သာမည်**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ဝိရိယဝတော ကီ နာမ ကမ္မံ န သိဇ္ဈတိ။
ဆန္ဒဝတော ကီ နာမ ကမ္မံ န သိဇ္ဈတိ။

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂါနာသမ္မတနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၆

၂၀၁၆ ခုနှစ် မတ် ၆ ရက်တွင် ကျရောက်သော ဂါနာသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဂါနာသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျွန် ဒရာမနီ မဟာမားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

# ယောဒေသတစ်ခုလုံး ပိုမိုဖွံ့ဖြိုးလာစေမည့် မြစ်သာရေလှောင်တမံ



သတင်းဆောင်းပါးနှင့်ဓာတ်ပုံ-သန်းနိုင်ဦး(ဇဖဲ)

ဂန့်ဂေါ မတ် ၅

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် ပြင်သာကျေးရွာအနီး မြစ်သာမြစ်၌ ရေဆင်းဧရိယာ ၇၀၀ စတုရန်းမိုင်၊ တမံအမြင့် ၂၀၅ ပေ၊ ကျောက်ဖြည့်တမံ(ဇုန်အမျိုးအစား) ရေလှောင်တမံကို ၂၀၀၂-၂၀၀၃ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ခုနှစ်တွင် အပြီးတည်ဆောက်ကာ ဧကပေ ၃၇၇၆၀၀ ရေသိုလှောင်၍ စိုက်ပျိုးဧက ၁၂၀၀၀ ကို စိုက်ပျိုးရေများပေးဝေနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မကြာမီကာလအတွင်း ယောဒေသတစ်ခုလုံး အသီးအပွင့်များ ပြည့်ဝစွာခံစားနိုင်တော့မည်ဖြစ်သည်။

*စာမျက်နှာ ၇ ကော်လံ ၁* ✻

## တနင်္ဂနွေ ဖတ်စရာ


ရန်ကုန်ရှေးဟောင်းအဆောက်အအုံများရဲ့ ရာဇဝင်
**တည်ငြိမ်ရိုးစင်းသည့်အသွင်သဏ္ဍာန်ဖြင့် အတိတ်နှင့် ပစ္စုပ္ပန်ကိုဖြတ်သန်းဆဲ ဘဏ်အဆောက်အအုံ** *စာမျက်နှာ-၁၅*

ခရီးသွားဆောင်းပါး
**ရှမောဖွယ်ရာ တေဇစ်ကမ်းခြေမှာ . . .** *စာမျက်နှာ-၁၆*

ကျန်းမာရေး
**ဆေးဝါးမကုဘဲ ခေါင်းကိုက်သက်သာစေသော သဘာဝနည်းများ** *စာမျက်နှာ-၁၇*

နိုင်ငံတကာရေးရာဆောင်းပါး
**အမေရိကန်နှင့် ရုရှားနိုင်ငံတို့က ကမကထပြုလုပ်သည့် ဆီးရီးယားအပစ်အခတ်ရပ်စဲရေး အစီအစဉ်** *စာမျက်နှာ-၁၉*





## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

### အနာဂတ်နိုင်ငံတော်အတွက် ကင်းထောက်လူငယ်

ကင်းထောက်လုလင်နှင့် ကင်းထောက်အမျိုးသမီးများ အကြောင်းကို သိရှိသူများအနေဖြင့် လော့ရောဘတ် ဗေဒင်ပိုဝယ်(၁၈၅၇-၁၉၄၁)ကို ကြားဖူးနားဝရှိကြ ပေလိမ့်မည်။ လူငယ်လူရွယ်လေးများ၏ အကျင့်စာရိတ္တ ကောင်းမွန်ရေး၊ လူ့ကျင့်ဝတ်ကိုသိရှိနားလည်ရေး၊ တကိုယ်ကောင်းစိတ်ပယ်ရှားရေးစသည်တို့ကိုရှေးရှုသော ကင်းထောက်လုပ်ငန်းကို စတင်မွေးဖွားခဲ့သူမှာ ဗေဒင်ပိုဝယ်ဖြစ်သည်။ ထို့ကြောင့် လော့ဗေဒင်ပိုဝယ်ကို ကင်းထောက်၏ ဖခင်ဟု ခေါ်ဆိုကြသည်။

တောင်အမေရိကတိုက်တွင် ဘိုးဝါးစစ်ပွဲဖြစ်ပွားစဉ်အတွင်း ရန်သူဘိုးဝါးတပ်ကြီး၏ ခုနစ်လကြာ ဝိုင်းရံထားမှုကို ကြံ့ကြံ့ခံနိုင်ရန် ဗြိတိသျှတပ်မှူး ဗိုလ်မှူးကြီး ရောဘတ်ဗေဒင်ပိုဝယ်သည် စစ်ကူရောက်သည်အထိ လူရွယ်လူကြီးများအား အခြားအလုပ်များလုပ်ကိုင်နိုင်ရေး လူငယ်များကိုကင်းထောက်အလုပ်၊ စာပို့အလုပ်၊ သတင်းပို့အလုပ်၊ ရှေးဦးသူနာပြုအလုပ်များကို လေ့ကျင့်သင်ကြားပေးကာ ကင်းထောက်အဖြစ် အသုံးပြုခဲ့လေသည်။ ဗေဒင်ပိုဝယ်သည် ၁၉၀၈ ခုနှစ်တွင် အင်္ဂလန်ပြည်၌ ကင်းထောက်အဖွဲ့ကို ဖွဲ့စည်းပြီး နောင်သောအခါ ကင်းထောက်လုပ်ငန်းသည် ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့သွားခဲ့လေသည်။ ယခုအခါ ကမ္ဘာ့ကင်းထောက်အဖွဲ့ဟုပင် ပေါ်ပေါက်လာခဲ့ပြီဖြစ်သည်။

အမှန်စင်စစ် ကင်းထောက်လုပ်ငန်းသည် လူငယ်လူရွယ်လေးများအား ကင်းထောက်စည်းမျဉ်းနှင့် စာရိတ္တကောင်းမွန်ရေး လေ့ကျင့်သင်ကြားပေးပြီး တိုင်းပြည်အတွက် အဖိုးတန်သားကောင်းရတနာများ မွေးထုတ်ပေးရေးပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်စာရင်းများအရ လူငယ် ၁၆ သန်းရှိကြောင်း သိရပါသည်။ ဤသို့များပြားလှသော လူငယ်များအား လူတော်လူကောင်းများအဖြစ် လေ့ကျင့်မွေးထုတ်ရာတွင် ကင်းထောက်လုပ်ငန်းသည် ပဓာနကျသောလုပ်ငန်းတစ်ခုဖြစ်ပါသည်။

ထို့ကြောင့်လည်း ၁၉၁၆ ခုနှစ်တွင် စတင်ဖွဲ့စည်းပြီး တိမ်မြုပ်သွားခဲ့သည့် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ကို လက်ရှိနိုင်ငံတော်အစိုးရလက်ထက် ၂၀၁၂ ခုနှစ်တွင် ပြန်လည်ဖွဲ့စည်းကာ လူငယ်ပြုစုပျိုးထောင်ရေး ကင်းထောက်လုပ်ငန်းကို ပြန်လည်အသက်သွင်းနိုင်ခဲ့ပါသည်။ ဤသို့ဖြင့် မြန်မာ့ကင်းထောက်အဖွဲ့ကို ကမ္ဘာ့ကင်းထောက် အဖွဲ့ဝင်ဖြစ်ရေး ကြိုးပမ်းနေသကဲ့သို့ မြန်မာ့ကင်းထောက် နှစ် ၁၀၀ ပြည့်အခမ်းအနားကျင်းပသွားရန်လည်း စီစဉ်လျက်ရှိကြောင်း ကြားသိရပါသည်။

ကျောင်းပေါင်း ၂၀ ကိုအခြေပြု၍ ကင်းထောက်လူငယ်မောင်မယ် ၂၀၀၀ နှင့် စတင်ဆောင်ရွက်ခဲ့ရာမှ ယခုနှစ် ဇန်နဝါရီလအထိ ကင်းထောက်အင်အား ၅၉၀၀၀ ကျော်အထိ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပြီဖြစ်ပါသည်။ ဤသို့ဖြင့် မြန်မာ့ကင်းထောက်အဖွဲ့သည် ပြန်လည်အသက်ဝင်လာခဲ့ပြီး ကင်းထောက်လူငယ်များ စခန်းချတွေ့ဆုံပွဲကို ၂၀၁၅ ခုနှစ် မေလတွင် ပြင်ဦးလွင်၌ ပြုလုပ်နိုင်ခဲ့ပြီး ယခု ၂၀၁၆ ခုနှစ် မတ်လတွင် ပုပ္ပားစခန်း၌ စခန်းချတွေ့ဆုံပွဲကြီး ပြုလုပ်လျက်ရှိပါသည်။ ဤသို့စခန်းချတွေ့ဆုံပွဲများမှတစ်ဆင့် ကင်းထောက်လူငယ်လူရွယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တနှင့် အလေ့အကျင့်ကောင်းများရင့်သန်ခိုင်မာလာပြီး အနာဂတ်အတွက်အားထားရမည့် လူငယ်များအဖြစ် ပေါ်ထွန်းလာမည်ဖြစ်ပါသည်။ လူငယ် လူရွယ်တိုင်းက အရည်အချင်းပြည့်ဝအောင် ကြိုးစားအားထုတ်ပြီး တိုင်းပြည်က အားထားရသည့် လူငယ်လူရွယ်များဖြစ်အောင် လေ့ကျင့်ပျိုးထောင်သွားကြရမည်ဖြစ်ပါကြောင်း။ ။


**မြန်မာ့အလင်း**

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

**Myanma Alinn Daily**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆


## အဏ္ဏဝါ-ကမ္ဘာမြေသိပ္ပံပညာရပ်နယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းစည်းဝေး

**နေပြည်တော် မတ် ၅**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနနှင့် ဂျပန်နိုင်ငံ အဏ္ဏဝါ-ကမ္ဘာမြေ သိပ္ပံနှင့်နည်းပညာရပ်ဆိုင်ရာ ဂျပန်အေဂျင်စီ (Japan Agency for Marine-Earth Science and Technology-JAMSTEC)၊ ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ပူးတွဲစီစဉ်သော Marine and Earth Science နယ်ပယ်နှင့် ဆက်နွယ်သည့် အဖွဲ့အစည်းများအကြား အဏ္ဏဝါ-ကမ္ဘာမြေသိပ္ပံပညာရပ်နယ်ပယ် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ Geoscience Joint-Research Project Development လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မတ် ၄ ရက် နံနက် ၁၀ နာရီက သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကျော်မြတ်က မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား အဏ္ဏဝါ-ကမ္ဘာမြေ သိပ္ပံပညာရပ်နယ်ပယ်တွင် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရှေးရှုရန်ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ သိပ္ပံပညာရပ်နယ်ပယ်တွင် ဂျပန်-အာရှလူငယ်များ အပြန်အလှန်လဲလှယ်ရေးအစီအစဉ်အရ မြန်မာနိုင်ငံမှ အရည်အချင်းရှိသူ လူငယ်သိပ္ပံပညာရှင်၊ သုတေသန ပညာရှင်များအား အဏ္ဏဝါ-ကမ္ဘာမြေ သိပ္ပံနှင့်နည်းပညာရပ်ဆိုင်ရာ ဂျပန်အေဂျင်စီ အစီအစဉ်ဖြင့် ဂျပန်နိုင်ငံသို့ ကာလတိုစေလွှတ်ရေးအတွက် ဆက်သွယ်ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်တစ်ရပ်ဖြစ်မြောက်အောင် ပံ့ပိုးဆောင်ရွက်ရန် မြန်မာဘူမိသိပ္ပံ အဖွဲ့အစည်းပေါ်ပေါက်လာခြင်းနှင့် အတူ ဘူမိသိပ္ပံဆိုင်ရာ စူးစမ်းရှာဖွေရေး၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်တွင် ရှိပြီးပစ္စည်းများနှင့် လိုအပ်ချက်များ ဖော်ထုတ်နိုင်ခြင်း၊ ဘူမိဗေဒ၊ ဘူမိဓာတုဗေဒ၊ ကမ္ဘာ့မြေမျက်နှာသွင်ပြင် ပညာရပ်နယ်ပယ်များတွင် ကျယ်ပြန့်သော အသိဉာဏ်နှင့် စူးစမ်းရှာဖွေမှုများရရှိလာနိုင်မည့်အပြင် ဘူမိသိပ္ပံဆိုင်ရာ စူးစမ်းရှာဖွေရေးနယ်ပယ်တွင် ပြီးပြည့်စုံသည့် အဆိုပြုချက်များ ရယူသွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြခဲ့ကြပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများကလည်း လိုအပ်သည်များကို အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

## ကမ်းနားတစ်လျှောက် အမှိုက်စွန့်ပစ်မှုများ တားမြစ်ပေးစေလို

**ထင်သာမြင်သာပြုပြင်စရာ**

**ရေစကြို မတ် ၅**

ချင်းတွင်းမြစ်သည် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ မြောက်ဘက်ရှိ အမှတ်(၃၊ ၄၊ ၆) ရပ်ကွက်များအနီးမှ ဖြတ်သန်းစီးဆင်းလျက်ရှိရာ အဆိုပါ ရပ်ကွက်များအတွင်း အမှိုက်သိမ်းကားများ လာရောက် အမှိုက်မသိမ်းသဖြင့် ရပ်ကွက်နေသူများက နီးရာမြစ်ကမ်းပါးတွင် အမှိုက်များကိုစွန့်ပစ်နေကြသည့်အတွက် အမှတ် (၃၊ ၄၊ ၆)ရပ်ကွက်များ၏ မြစ်ကမ်းတစ်လျှောက်တွင် အမှိုက်ပုံပေါင်းများစွာဖြင့် မြစ်အတွင်းမှကြည့်လျှင် မြို့ကို အရုပ်ဆိုး၊ အကျည်းတန်စေပါသည်။

ယခုလိုပူပြင်းခြောက်သွေ့သော ရာသီတွင် မီးဘေးအန္တရာယ်အတွက် စိုးရိမ်စရာဖြစ်သည့်အပြင် စည်းကမ်းမဲ့စွန့်ပစ်အမှိုက်များကြောင့် မြစ်ရေများညစ်ညမ်းလျက်ရှိသည်။ အဆိုပါရေကို တိုက်ရိုက်ဖြန့်ဝေပေးလျက်ရှိရာ ပြည်သူများ၏ကျန်းမာရေးကိုပါ ထိခိုက်စေနိုင်သည်။



သို့ဖြစ်၍ မြစ်အတွင်း စည်းကမ်းမဲ့အမှိုက်များ စွန့်ပစ်နေမှုကို သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်ပေးပါရန် ဒေသခံများကမျှော်လင့်လျက်ရှိကြောင်း သိရသည်။ **ဖေထွေးဇော်(ရေစကြို)**

## အသံမှဘာသာပြန်ပေးသည့် အက်ပလီကေးရှင်းထွက်ရှိ

**ရန်ကုန် မတ် ၅**

ပြည်ပသို့ ခရီးသွားသည့်အခါ ဘာသာစကား အခက်အခဲတွေ့ကြုံရသူများအတွက် ဂျပန်နိုင်ငံ NICT နှင့် ကွန်ပျူတာတက္ကသိုလ်တို့က ပူးပေါင်းဆောင်ရွက်ထားသည့် အသံမှ ဘာသာစကားပေါင်း ၂၉ ဘာသာကို ဘာသာပြန်ပေးနိုင်သည့် အက်ပလီကေးရှင်းထွက်ရှိလာသည်။

အဆိုပါ အက်ပလီကေးရှင်းကို Google Play ရှိ http:// voicetra .nict.go.jp/ တွင် ဒေါင်းလော့ဆွဲယူနိုင်ပြီး ကွန်ပျူတာ၊ မိုဘိုင်းဖုန်းနှင့်တက်ဘလက်တို့တွင် အသုံးပြုနိုင်ကြောင်း သိရသည်။

voicetra ကို အသုံးပြုရန် အင်တာနက်ချိတ်ဆက်မှုလိုအပ်ပြီး ဂျပန်၊ အင်္ဂလိပ်၊ မန်ဒရင်း၊ ကိုရီးယား၊ ထိုင်း၊ ပြင်သစ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ စပိန်၊ မြန်မာ၊ အာရေဗျ၊ အီတလီ၊ ဒက်ချ်၊ ဂျာမန်၊ တူရကီ၊ နီပေါ၊ ဟန်ဂေရီ၊ ဖိလစ်ပိုင်၊ မလေးရှားနှင့် ရုရှား စသည့်ဘာသာစကား ၂၉ မျိုးကို အသံထွက်ပေးနိုင်သော ဆော့ဝဲလ်များပါရှိပြီး မိမိပြောလိုက်သောစကားကို အခြားအမျိုးမျိုးသော ဘာသာစကားများအဖြစ် ဘာသာပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းဝင်းမော်**

## မူကြိုကျောင်းသစ်ဖွင့်ပွဲ ကျင်းပ

**ဇီးကုန်း မတ် ၅**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့ အမှတ် (၁)ရပ်ကွက် အေးမြသာယာမြို့သစ် (၁) လမ်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မူကြိုကျောင်းသစ်ဖွင့်ပွဲကို မတ် ၂ ရက်က ကျင်းပသည်။ အဆိုပါကျောင်းတွင် မူလတန်းကြိုကလေး အယောက် ၁၀၀ အား လက်ခံသင်ကြားပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၅-၃-၂၀၁၆

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၂၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၇၈၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

| | ရန်ကုန် |
|---|---|
| ဒီဇယ် | ၄၆၀/၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၄၂၀/၄၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၇၃၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၀၀/၅၂၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)**

| | |
|---|---|
| ဒီဇယ် | ၇၉၀၀၀/၈၂၀၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၈၈၀၀၀/ ၉၂၀၀၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ | - ၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ | - ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ | - ၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ | - ၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ | - ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ | - ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ | - ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ | - ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ | - ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ | - ၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၃၂·၀ |
| ဥရောပ | တစ်ယူရို | ၁၃၄၈·၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၇·၉၃ |
| ထိုင်း | တစ်ဘတ် | ၃၄·၇၇၃ |
| အိန္ဒိယ | တစ်ရူပီး | ၁၈·၃၄ |
| တရုတ် | တစ်ယွမ် | ၁၈၈·၆၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၈·၀၂ |

ခင်ရတနာ-စုစည်းသည်။




# အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၂၅ အောင်မြင်စွာဖော်ဆောင်ရေးနှင့် ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာစေရေးဆွေးနွေး

**နေပြည်တော် မတ် ၅**

အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မတ် ၂ ရက်မှ ၃ ရက်အထိ ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ကျင်းပသည့် (၂၂)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေး၊ (၁၄)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အီးယူကုန်သွယ်မှုကော်မရှင်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်သည်။ **(အပေါ်ပုံ)**

ပြည်ထောင်စုဝန်ကြီးသည် မတ် ၂ ရက်တွင် အာဆီယံစီးပွားရေးဝန်ကြီးများ၏ အလုပ်သဘော ညစာစားပွဲသို့ တက်ရောက်ခဲ့ပြီး အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၁၅ တည်ထောင်နိုင်မှုနှင့် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးသည့် ကိစ္စရပ်များ၊ ၂၀၁၆ ခုနှစ်တွင် ဦးစားပေး အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ အာဆီယံစီးပွားရေး အသိုက်အဝန်းပုံစံ ၂၀၂၅ အောင်မြင်စွာ ဖော်ဆောင်နိုင်ရေးအတွက် ဘာသာရပ်ဆိုင်ရာ လုပ်ငန်းအဖွဲ့များမှ သတ်မှတ်ထားသည့် အချိန်အတွင်း လုပ်ငန်းအစီအစဉ် ရေးဆွဲရေးကိစ္စရပ်များ၊ Trans-Pacific Partnership (TPP) အဖွဲ့ဝင် အာဆီယံနိုင်ငံများ၏ ဆောင်ရွက်နေမှု အခြေအနေများ၊ အာဆီယံစီးပွားရေး ဝန်ကြီးများ၏ အမေရိကန်ခရီးစဉ်အတွင်း ကျင်းပခဲ့သည့် အာဆီယံ-အမေရိကန် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးတွဲကောင်စီ (ASEAN-US TIFA Joint Council Meeting) အစည်းအဝေးရလဒ်တို့နှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

(၂၂)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးကို မတ် ၃ ရက်တွင် ကျင်းပရာ အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ တာဝန်ယူသည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတ နိုင်ငံက ၂၀၁၆ ခုနှစ်တွင် ဦးစားပေးဆောင်ရွက်သွားမည့် လုပ်ငန်းစဉ် (၈)ရပ်ကို ဆွေးနွေးအတည်ပြုခြင်းနှင့် ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းခိုင်မာစေရေးအတွက် အဖွဲ့ဝင်နိုင်ငံများအကြား ဆွေးနွေးညှိနှိုင်းမှုများ ထိရောက်မှုရှိစေရန် တွေ့ဆုံဆွေးနွေးမည့် ယန္တရားပုံစံအပေါ် လွတ်လပ်ပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

ထို့နောက် အာဆီယံစီးပွားရေးအကြံပေးကောင်စီ၏ အေအီးစီ ၂၀၂၅ အကောင်အထည်ဖော်မှုအတွက် ထောက်ခံအကြံပြုချက်များ၊ ပြည်သူ့ဗဟိုပြု ကဏ္ဍများအတွက် ချဉ်းကပ်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ ၂၀၁၆ ခုနှစ် လာအိုနိုင်ငံ၏ ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းစဉ်(၈)ရပ်အား ထောက်ခံအားပေးမှုတို့အပေါ် အာဆီယံစီးပွားရေးဝန်ကြီးများက ဆွေးနွေးအကြံပြုကြသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် (၁၄)ကြိမ်မြောက် အာဆီယံစီးပွားရေး ဝန်ကြီးများနှင့် အီးယူကုန်သွယ်မှုကော်မရှင်အစည်းအဝေးကို ကျင်းပရာ အာဆီယံ-အီးယူ စီးပွားရေးကောင်စီ၏ လုပ်ငန်းတိုးတက်မှုများ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအစီအစဉ် (၂၀၁၅-၂၀၁၆) အကောင်အထည်ဖော်မှုအခြေအနေများ အတည်ပြုခြင်း၊ အာဆီယံဒေသတွင်း ပေါင်းစည်းမှုအတွက် အီးယူက ထောက်ပံ့လျက်ရှိသည့် အစီအစဉ်များ၊ အာဆီယံ-အီးယူ လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ် ချုပ်ဆိုနိုင်ရေးအတွက် ကုန်သွယ်မှုဆိုင်ရာ အချက်အလက်များအား လေ့လာဆန်းစစ်မှု ပြုလုပ်ခြင်း၊ ဒီဟာဖွံ့ဖြိုးမှုအစီအစဉ်၏ ကျန်ရှိနေသည့် ကိစ္စများနှင့် အခြားနယ်ပယ်များတွင် နည်းလမ်းသစ်များဖြင့် ညှိနှိုင်းဖော်ထုတ်ရေးနှင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးအပြီးတွင် (၁၄)ကြိမ်မြောက် အာဆီယံစီးပွားရေး ဝန်ကြီးများနှင့် အီးယူကုန်သွယ်မှုကော်မရှင် အစည်းအဝေး၏ ပူးတွဲသတင်းထုတ်ပြန်ကြေညာချက်ကို ထုတ်ပြန်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သယ်ယူပို့ဆောင်မှုလွယ်ကူချောမွေ့စေရေး နည်းစနစ်များဆိုင်ရာ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေး

**နေပြည်တော် မတ် ၅**

အာရှနှင့်ပစိဖိတ် စီးပွားရေးနှင့် လူမှုရေးကော်မရှင်၏ သယ်ယူပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး နည်းစနစ်များဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ (National Workshop on ESCAP Transport Facilitation Models) ကို ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဗန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂဒေသဆိုင်ရာ အာရှနှင့်ပစိဖိတ် စီးပွားရေးနှင့် လူမှုရေးကော်မရှင် (UNESCAP) တို့ ပူးပေါင်း၍ မတ် ၃ ရက် နံနက်ပိုင်းက Park Royal Hotel ၌ ကျင်းပသည်။ **(ယာပုံ)**




အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် နယ်စပ်ဖြတ်ကျော်နှင့် တစ်ဆင့်ဖြတ်သန်းသယ်ယူပို့ဆောင်မှုဆိုင်ရာ ကိစ္စများနှင့်ပတ်သက်၍ စိန်ခေါ်မှုအခက်အခဲများကို ဆွေးနွေးခဲ့ကြသည်။ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်ကိုကိုက အာရှနှင့်ပစိဖိတ် စီးပွားရေးနှင့် လူမှုရေးကော်မရှင်အား အလုပ်ရုံဆွေးနွေးပွဲ ဖြစ်မြောက်အောင် စီစဉ်ဆောင်ရွက်ပေးမှုအတွက် ကျေးဇူးတင်ရှိကြောင်း၊ ကုန်းလမ်းဖြင့် နယ်စပ်ဖြတ်ကျော်နှင့် တစ်ဆင့်ဖြတ်သန်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် ဆက်စပ်နေသည့် ဌာနအဖွဲ့အစည်းများအတွက် များစွာအကျိုးရှိကြောင်း ပြောကြားခဲ့သည်။

ကုလသမဂ္ဂ အာရှနှင့်ပစိဖိတ် စီးပွားရေးနှင့် လူမှုရေးကော်မရှင်မှ Ms. Virginia Tanase, Chief of Transport Facilitation and Logistics Section က ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ စွမ်းရည်ပြည့်ဝသော ကုန်းလမ်းဖြင့် သယ်ယူပို့ဆောင်ရေးအတွက် တစ်ဆင့်ဖြတ်သန်း သယ်ယူပို့ဆောင်ခွင့်များသည် မရှိမဖြစ်လိုအပ်ချက်တစ်ခုဖြစ်ပါကြောင်း ပြောကြားသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေး၊ အကောက်ခွန်ဦးစီးဌာနစသည့် ဌာနဆိုင်ရာကိုယ်စားလှယ်များနှင့် ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးကဏ္ဍမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

မြန်မာနိုင်ငံ၌ ပေါင်းစည်းမှုရှိသော ဒေသတွင်းသယ်ယူပို့ဆောင်ရေးစနစ် ထူထောင်ခြင်းနှင့် အန္တရာယ်ရှိသော ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်းများအတွက် မြန်မာနိုင်ငံမှ အရာထမ်းများအား စွမ်းရည်မြှင့်တင်ပေးရေးဆိုင်ရာ အကူအညီများကို ကုလသမဂ္ဂ အာရှနှင့်ပစိဖိတ် စီးပွားရေးနှင့် လူမှုရေးကော်မရှင် (UNESCAP) က ပူးပေါင်းဆောင်ရွက်ပေးရန် ဆွေးနွေးသဘောတူခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

**နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းနိုင်**

**နေပြည်တော် မတ် ၅** မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။ **(မြန်မာ့အလင်း)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဂါနာသမ္မတနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် မတ် ၆**

၂၀၁၆ ခုနှစ် မတ် ၆ ရက်တွင် ကျရောက်သော ဂါနာသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဂါနာသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ဒေသတွင်းပေါင်းစည်းရေးဆိုင်ရာဝန်ကြီး မစ္စ ဟန်နာ တက်တာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# မဟာသင်္ကြန်ပွဲတော်တွင် အများပြည်သူ အေးချမ်းစွာရေကစားနိုင်ရေး ညှိနှိုင်းစည်းဝေး

**ရန်ကုန် မတ် ၅**

ရန်ကုန်တိုင်းဒေသကြီး၂၀၁၆ ခုနှစ် မဟာသင်္ကြန်ပွဲတော်တွင် အများပြည်သူ အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် လုံခြုံရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်မည့်အစီအမံများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် ဝင်းနိုင်က အမှာစကားပြောကြားပြီး တက်ရောက်လာသူများက ဆွေးနွေးညှိနှိုင်းကြသည်။

တိုင်းဒေသကြီးရဲတပ်ဖွဲ့အနေဖြင့် ယခုနှစ်သင်္ကြန်ကာလအတွင်း အများပြည်သူ ပျော်ရွှင်အေးချမ်းစွာ ရေကစားနိုင်ရန် မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မှုခင်းကြိုတင်ကာကွယ်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် အသိပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သင်္ကြန်ပွဲတော်ကာလအတွင်း အများပြည်သူတို့ သိရှိလိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များကိုလည်း မီဒီယာများမှတစ်ဆင့် အသိပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရန်ကုန်မြောက်ပိုင်းခရိုင်မြို့နယ်များ စုပေါင်းသွေးလှူဒါန်း

**ရန်ကုန် မတ် ၅**

ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် လသာမြို့နယ် အမျိုးသားသွေးလှူဌာန၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက် အမှာစကားပြောကြားပြီး အမျိုးသားသွေးလှူဌာန တာဝန်ခံ ဆရာဝန်ကြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာအောင်က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် သွေးလှူရှင် ၁၈၅ ဦး စုပေါင်းသွေးလှူဒါန်းနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဗန္ဓုလအငှားအိမ်ရာ လာမည့်နှစ်ပတ်အတွင်း မဲနှိုက်ပေးမည်

**ရန်ကုန် မတ် ၅**

ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း လျှောက်လွှာများခေါ်ယူခဲ့သောရန်ကုန်မြို့ ဒဂုံမြောက်ပိုင်းမြို့နယ်ရှိ ဗန္ဓုလအငှားအိမ်ရာစီမံကိန်းလျှောက်ထားသူများကို လာမည့် နှစ်ပတ်အတွင်း လျှောက်လွှာများ မဲနှိုက်ရွေးချယ်ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“ဒီဗန္ဓုလအငှားအိမ်ရာစီမံကိန်းလျှောက်ထားတဲ့သူက လောလောဆယ်သုံးသောင်းခွဲကျော်ရှိပါတယ်။ နောက်နှစ်ပတ်အတွင်းမှာ မဲနှိုက်ပေးဖို့ လုပ်နေပြီဖြစ်ပါတယ်”ဟု ညွှန်ကြားရေးမှူး ဦးနေဝင်းအောင်က ပြောသည်။ အဆိုပါ ဗန္ဓုလအငှားအိမ်ရာစီမံကိန်း လျှောက်ထားသူများသည် ရန်ကုန်မြို့၌ နေထိုင်သူများသာမက အခြားမြို့နယ်များမှ လျှောက်ထားသူများကိုလည်း လက်ခံထားကြောင်း သိရသည်။

ဗန္ဓုလအငှားအိမ်ရာစီမံကိန်းကို ဝင်ငွေနည်း မိသားစုများအားရည်ရွယ်၍ တစ်လလျှင် ငွေကျပ်သုံးသောင်းနှုန်းဖြင့် အိမ်ခန်းပေါင်း ၁၂၀၀ အငှားချထားရန် လျှောက်လွှာများခေါ်ယူခဲ့ကြောင်း၊ အိမ်ရာတည်ဆောက်မှုမှာလည်း ယခုအခါ ၇၅ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း တည်ဆောက်လျက်ရှိသော အငှားအိမ်ရာနှင့် တန်ဖိုးနည်း၊ တန်ဖိုးမျှတအိမ်ရာများ လက်ရှိဘဏ္ဍာနှစ်အတွင်း အပြီးတည်ဆောက်သွားရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကြံတိုင်းအောင်**

## ၂၀၅၀ တွင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု ၈၀ ရာခိုင်နှုန်း ဂျပန်အစိုးရလျှော့ချမည်

**တိုကျို မတ် ၅**

ဂျပန်အစိုးရသည် လာမည့် ၂၀၃၀ပြည့်နှစ်တွင် ကမ္ဘာကြီးပူနွေးလာမည့် အန္တရာယ်ကို ရင်ဆိုင်နိုင်ရန်အတွက် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်ခြင်းကို လျှော့ချမည့် အစီအစဉ်တစ်ရပ်ကို မူကြမ်းရေးဆွဲခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်က ဖော်ပြခဲ့သည်။ ယင်းအစီအစဉ်သည် ကာလရှည်ရည်မှန်းချက်ဖြစ်ပြီး လာမည့် ၂၀၅၀ ပြည့်နှစ်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်ခြင်းကို ၈၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။

လွန်ခဲ့သော ဒီဇင်ဘာလက ပါရီတွင်ပြုလုပ်ခဲ့သော ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲရေးညီလာခံပါ ဆုံးဖြတ်ချက်များကို လိုက်နာအကောင်အထည်ဖော်သောအားဖြင့် ဂျပန်အစိုးရက သောကြာနေ့တွင် ပြုလုပ်ခဲ့သော အစည်းအဝေးတစ်ရပ်တွင် မူကြမ်းကိုရေးဆွဲခဲ့ခြင်းဖြစ်သည်။ အစီအစဉ်မူကြမ်းတွင် စွမ်းအင်ချွေတာရေး၊ ပြည့်ဖြိုးမြဲစွမ်းအင်များကို အများဆုံးအသုံးပြုနိုင်ရေး၊ ဆန်းသစ်သောနည်းပညာများတိုးမြှင့်ရေး စသည့် ရည်ရွယ်ချက်များပါဝင်သည်။

လာမည့် ၂၀၃၀ ပြည့်နှစ်အတွင်း ဂျပန်နိုင်ငံရှိအိမ်တိုင်းတွင် မီးလင်းရေးအတွက် အယ်လ်အီးဒီမီးလုံးများ ပြောင်းလဲတပ်ဆင်ရေးနှင့် မိသားစုသုံး လောင်စာဆဲလ် စုစုပေါင်း ၅ ဒသမ ၃ သန်းကို အသုံးပြုနိုင်ရေး ဆောင်ရွက်ချက်များလည်းပါဝင်ကြောင်း သိရသည်။ ထို့အပြင် ကားအရောင်းဈေးကွက်တွင် လျှပ်စစ်စွမ်းအင်သုံး ယာဉ်စုစုပေါင်း ၇၀ ရာခိုင်နှုန်းအထိတိုးမြှင့် ရောင်းချနိုင်ရေးလည်း ပါဝင်သကဲ့သို့ စွမ်းအင်ပြည့် အပူစွမ်းအင်သုံး စက်ပစ္စည်းသစ်မိတ်ဆက်ခြင်းများလည်း ပါဝင်သည်။

ထို့အပြင် အစိုးရသည် ယင်းအစီအစဉ်နှင့်ပတ်သက်ပြီး လူထုစစ်တမ်းကောက်ယူကာ မေလတွင် အိုင်းရှီမာ၌ကျင်းပမည့် ဂျီ ၇ အုပ်စုထိပ်သီးအစည်းအဝေးမတိုင်မီ လွှတ်တော်က အတည်ပြုချက်ရယူရန် ကြိုးစားနေကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

## ဇီကာပိုင်းရပ်ပျံ့နှံ့ခြင်းကို ထိန်းချုပ်ရန် အိမ်ဖြူတော်စီစဉ်

**ဝါရှင်တန် မတ် ၅**

အိမ်ဖြူတော်နှင့် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဆိုင်ရာ အမေရိကန် အမျိုးသားဗဟိုအဖွဲ့တို့သည် ပြည်နယ်များနှင့် ဒေသန္တရဆိုင်ရာ အရာရှိများကို လာမည့်လတွင်တွေ့ဆုံ၍ ထိန်းချုပ်ရန်ခက်ခဲသော ဇီကာဗိုင်းရပ်ပိုးပျံ့နှံ့စေသည့်ခြင်ကို နှိမ်နင်းတိုက်ဖျက်ရန်အစီအစဉ်တစ်ရပ်ချမှတ်မည်ဖြစ်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင်ဖော်ပြခဲ့သည်။

ဖက်ဒရယ်ကျန်းမာရေးအရာရှိများက ပထမဆုံးဇီကာဗိုင်းရပ်ရောဂါပျံ့နှံ့ခြင်းသည် အမေရိကသို့ ဇွန်လနှင့် ဇူလိုင်လလောက်ကရောက်ရှိလာကြောင်း ခန့်မှန်းခဲ့သည်။

အိမ်ဖြူတော်သည် ပြည်သူ့ကျန်းမာရေးနှင့် ခြင်အန္တရာယ်ထိန်းချုပ်ရေးတွင်ပါဝင်သော အရာရှိများကို လာမည့် ဧပြီ ၁ရက်တွင် စီဒီစီ အတ္တလန္တာဌာနချုပ်တွင် ကျင်းပမည့် ဇီကာဗိုင်းရပ်ပျံ့နှံ့ခြင်းဆိုင်ရာ ထိန်းချုပ်ရေးဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(ရိုက်တာ)**

## တရားမဝင် ညစ်ညမ်းဝက်ဘ်ဆိုက်များနှင့် စာရွက်စာတမ်းများကို တရုတ်နိုင်ငံတွင် ပိတ်သိမ်း

**ပေကျင်း မတ် ၅**

တရားမဝင်ထုတ်ဝေဖြန့်ချိသော စာရွက်စာတမ်း စုစုပေါင်း ၁၅ သန်း အပါအဝင် တရားမဝင် ညစ်ညမ်းဝက်ဘ်ဆိုက် ၂၈၀၀၀ကို တရုတ်နိုင်ငံတွင် ၂၀၁၅ ခုနှစ်ကနိုင်ငံတော်အဆင့် အရေးယူဆောင်ရွက်မှုများအနေဖြင့် ပိတ်သိမ်းခဲ့ရကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

ညစ်ညမ်းရုပ်ပုံများနှင့် တရားမဝင်ထုတ်ဝေဖြန့်ချိမှု နှိမ်နင်းရေး အမျိုးသားရုံးက ၎င်းတို့၏ လုပ်ဆောင်မှုအောင်မြင်သည့် အထိမ်းအမှတ်အနေဖြင့် သောကြာနေ့က ထိုသို့ ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။ အွန်လိုင်းညစ်ညမ်းရုပ်ပုံများနှင့် တရားမဝင်စာရွက်စာတမ်းထုတ်ဝေဖြန့်ချိခြင်းဆိုင်ရာ ဆန့်ကျင်ရေးလှုပ်ရှားဆောင်ရွက်မှုများကို ယခုနှစ် ၂၀၁၆ ခုနှစ်အထိ ဆက်လက်လုပ်ဆောင်နေကြောင်း သိရသည်။ သက်ဆိုင်ရာ အာဏာပိုင်များက ထိုကဲ့သို့ ညစ်ညမ်းကာတွန်း များနှင့် အခြားတရားမဝင် စာရွက်စာတမ်းများရောင်းချသည့်ဆိုင်များကို အရေးယူဖော်ထုတ်နိုင်ရန် အတွက် ကျောင်းပတ်ဝန်းကျင်ဒေသများကို ဂရုစိုက်ကြပ်မတ်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် ညစ်ညမ်းဝက်ဘ်ဆိုက် သို့မဟုတ် အွန်လိုင်းပေါ်တွင် သိမ်းဆည်းထားသော ညစ်ညမ်းဖိုင်များကို မျှဝေသုံးစွဲခြင်းများ၊ ညစ်ညမ်းပုံပါဝင်သည့် ဂိမ်းများ၊ ဖိုင်များကိုမျှဝေသုံးစွဲသည့် အလေ့အထ များရှိပါကလည်း အရေးယူအပြစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

## ဖွံ့ဖြိုးမှုအရှိန်ကို ထိန်းညှိရန် အလုပ်အကိုင်ဖန်တီးပေးရေး တရုတ်ရည်ရွယ်



မတ် ၅ ရက်က ပေကျင်း၌ကျင်းပသော အမျိုးသားကွန်ဂရက်လွှတ်တော်အစည်းအဝေးတွင် ဝန်ကြီးချုပ် လီခချန်း အဖွင့်အမှာစကားပြောကြားစဉ်။

**ပေကျင်း မတ် ၅**

တရုတ်နိုင်ငံသည် လာမည့် ငါးနှစ်တာကာလအတွက် ၎င်း၏စီးပွားရေးတိုးတက်မှုကို အနည်းဆုံး ၆ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ရန်မျှော်မှန်းထားခဲ့ကြောင်း အလုပ်အကိုင်အခွင့်အလမ်းများပိုမိုဖန်တီးပေးပြီး လုံလောက်မှုမရှိသော စက်မှုလုပ်ငန်းများကို ပြန်လည်တည်ဆောက်ပေးမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် လီခချန်းက ပြောခဲ့သည်။

၆ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်မှုသည် နိုင်ငံအများစုအတွက် အရှိန်ပျက်စေနိုင်လောက်သော်လည်း ကမ္ဘာ့ဒုတိယအကြီးမားဆုံး စီးပွားရေးအင်အားကို ပိုင်ဆိုင်ထားသော တရုတ်နိုင်ငံအတွက်မူ ငွေကြေးလည်ပတ်စီးဆင်းမှု၊ ကမ္ဘာ့ကုန်သွယ်ရေးဆိုင်ရာတို့တွင် ပြဿနာမဖြစ်စေနိုင်သကဲ့သို့ ဒေသတွင်း ဂုဏ်သိက္ခာကျဆင်းမှုအတွက်လည်း ပြန်လည်အဖတ်ဆယ်နိုင်မည်ဖြစ်သည်။

"ဒီနှစ်မှာ ကျွန်တော်တို့နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် စိန်ခေါ်မှုတွေ အခက်အခဲတွေ အများကြီးကြုံတွေ့ခဲ့ရပါတယ်။ ဒါကြောင့် ခက်ခဲတဲ့ တိုက်ပွဲတစ်ခုအတွက် ပြင်ဆင်ထားရပါမယ်"ဟု လွှတ်တော် နှစ်ပတ်လည် အစည်းအဝေး၌ ၎င်းက ပြောကြားခဲ့သည်။

၂၀၁၆ ခုနှစ်တွင် ပေကျင်း၏ စီးပွားရေးတိုးတက်မှုနှုန်းကို ၆ ဒသမ ၅ မှ ၇ ရာခိုင်နှုန်းအထိ မျှော်မှန်းထားကြောင်း၊ လွှတ်တော်အစည်းအဝေးမစတင်မီ အစီရင်ခံစာမူကြမ်းအရ ငွေကြေးဖောင်းပွမှုနှုန်းမှာ ၃ ရာခိုင်နှုန်းအထိ ရှိနိုင်ကြောင်း အရန်ငွေထားရှိမှုမှာ ၁၃ ရာခိုင်နှုန်းဝန်းကျင်ခန့်ရှိနိုင်ကြောင်း အစောပိုင်း ရိုက်တာသတင်းများတွင် ဖော်ပြထားသည်။ **(ရိုက်တာ)**

## ဆလိုဗက်ကီးယားရွေးကောက်ပွဲ၌ ရွှေ့ပြောင်းသွားလာသူများဝင်ရောက်မှုကို ဆန့်ကျင်သည့် ဝန်ကြီးချုပ် အနိုင်ရဖွယ်ရှိ

**ဗရတ်တီ ဆလာဗာ မတ် ၅**

စနေနေ့က ဆလိုဗက်၌ ဆန္ဒမဲပေးပွဲများ စတင်ကျင်းပခဲ့ရာ ရွှေ့ပြောင်းသွားလာသူများဝင်ရောက်မှုကိုဆန့်ကျင်သည့် လက်ဝဲယိမ်း အမျိုးသားရေးဝါဒီ တစ်ဦးဖြစ်သူ ဝန်ကြီးချုပ် ရောဘတ်ဖစ်ဆိုသည် တတိယအကြိမ်မြောက် အနိုင်ရဖွယ်ရှိနေသည်။

စစ်တမ်းကောက်ယူချက်များအရ ဖစ်ဆို၏ ဆိုရှယ်ဒီမိုကရေစီပါတီသည် လွှတ်တော်အတွင်း ၎င်းပါတီ၏ အကျင့်ပျက်ခြစားမှုများ၊ ကျောင်းဆရာ ဆရာမ များနှင့် သူနာပြုများက လုပ်ခလစာနည်းပါးမှုကြောင့် ဆန့်ကျင်မှုများရှိနေသည့်အတွက် ရှုံးနိမ့်ဖွယ်ရာ အခြေအနေကြုံနေရသည်။ သို့သော်လည်း ကျောင်းသားကျောင်းသူများနှင့် ပင်စင်စားများအတွက် မီးရထားအခမဲ့ စီးနင်းခွင့်နှင့် ရွှေ့ပြောင်းသွားလာသူ ဒုက္ခသည်များဝင်ရောက်မှုကို ဆန့်ကျင်သည့်အတွက်ကြောင့် လူကြိုက်များနေကြောင်း ၎င်းအဖို့ ဆန္ဒမဲအရေအတွက် ၃၀ ရာခိုင်နှုန်းကျော်ရရှိနိုင်ကြောင်းကိုလည်း စစ်တမ်းများတွင် ဖော်ပြထားသည်။ ယင်းမဲအရေအတွက်မှာ ညွန့်ပေါင်းအစိုးရတစ်ခုဖွဲ့စည်းရန် လုံလောက်မှုရှိကြောင်း သိရသည်။

ရွှေ့ပြောင်း သွားလာသူများကို ဆန့်ကျင်ရေး လက်ကမ်းစာစောင်များနှင့် အာဝဇ္ဇန်းရွှင်ရွှင်ပြောတတ်မှုတို့က ဖစ်ဆိုအတွက် ရွေးကောက်ပွဲအနိုင်ရရှိရန် သေချာသလောက်ဖြစ်နေသည်ဟု နိုင်ငံတကာ လစ်ဘရယ် လက်မှုကျောင်းမှ ဆင်မျူရယ် အေဘရာဟန်က ပြောသည်။




ဆလိုဗက်ကီးယားသည် ဇူလိုင်လမှစ၍ အီးယူ၏ အလှည့်ကျ ဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းရယူရမည်ဖြစ်ရာ အီးယူ၏မူဝါဒရေးရာ ဆွေးနွေးပွဲများတွင် အရေးပါအရာရောက်လာသည်။ **(ရိုက်တာ)**

## မြောက်ကိုရီးယားနိုင်ငံအား အီးယူက တိုးချဲ့ပိတ်ဆို့မှုပြုလုပ်

**ဘရပ်ဆဲလ် မတ် ၅**

မြောက်ကိုရီးယားက နောက်ဆုံး နျူကလီးယားစမ်းသပ်မှုနှင့် ဒုံးပျံပစ်လွှတ်ခဲ့ပြီးနောက် လူ ၁၆ ဦးနှင့် ကုမ္ပဏီ ၁၂ ခုကို အရေးယူပိတ်ဆို့ဒဏ်ခတ်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဥရောပသမဂ္ဂ(အီးယူ)က သောကြာနေ့တွင် ပြောကြားလိုက်သည်။



ကုလသမဂ္ဂကလည်း ပြုံယမ်းအား ဗုဒ္ဓဟူးနေ့တွင် အရေးယူပိတ်ဆို့ဒဏ်ခတ်မှုများ တိုးချဲ့ပြုလုပ်ရန် တစ်ပြိုင်တည်း မဲပေးဆုံးဖြတ်ခဲ့ကြသည်။ ဥရောပသမဂ္ဂအနေဖြင့် ၂၀၀၆ ခုနှစ် ဒီဇင်ဘာလက မြောက်ကိုရီးယားအား ဆန့်ကျင်သည့် အရေးယူပိတ်ဆို့မှုများ ဆောင်ရွက်ခဲ့သည်။ သောကြာနေ့က ပြုလုပ်သည့် အရေးယူပိတ်ဆို့မှုသည် တိုးချဲ့လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ၂၈ နိုင်ငံကိုယ်စားပြု အီးယူကောင်စီက ပြောသည်။

အမေရိကန်ကလည်း မြောက်ကိုရီးယားနိုင်ငံအား အရေးယူပိတ်ဆို့မှုများ တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အိမ်ဖြူတော်က ပြောသည်။

ကုလသမဂ္ဂက မြောက်ကိုရီးယားနိုင်ငံအား အရေးယူပိတ်ဆို့မှုများ တိုးချဲ့လုပ်ဆောင်သွားရန် ဆုံးဖြတ်ခဲ့ပြီးနောက် မြောက်ကိုရီးယားနိုင်ငံအနေဖြင့်လည်း ရန်သူများအား တုံ့ပြန်နိုင်ရန် နျူကလီးယားလက်နက်များ သုံးစွဲသွားနိုင်ရေး အသင့်ရှိကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက ပြောဆိုလိုက်သည်။ **(ရိုက်တာ)**



# နွေရာသီ အင်္ဂလိပ်စာသင်တန်းဖွင့်

**နေပြည်တော် မတ် ၅**

မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း (MWCDF) အစီအစဉ်ဖြင့် ယနေ့ မွန်းလွဲ ၁ နာရီက အသင်းရုံးချုပ်ရှိ သင်တန်းခန်းမ ဆောင်၌ ဒုတိယအကြိမ် နွေရာသီ English Language Proficiency Course ( Pre-Intermediate Level) သင်တန်းကို နေပြည်တော် အထက(၁၂) ချင်းရွာမှ ကျောင်းသား ကျောင်းသူ ၂၆ ဦးဖြင့် ဖွင့်လှစ်ခဲ့သည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် MWCDF ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ဝေဝေသာက အမှာစကားပြောကြားပြီး ဗဟိုအလုပ်အမှုဆောင် ဒေါ်မေမြင့်မောင်က သင်တန်းစည်းကမ်းဆိုင်ရာများပြောကြားကာ အထက(၁၂)ချင်းရွာမှ ကျောင်းအုပ်ဆရာမကြီးက အမှာစကားပြောကြား၍ အင်္ဂလိပ်စာသင်ကြားပေးမည့် ဆရာဦးမင်းစိုးသူရက မိတ်ဆက်ပြောကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

# မြဂန္ဓမာဈေး အကြီးစားပြုပြင်ခြင်းလုပ်ငန်း ၉၀ ရာခိုင်နှုန်းပြီးစီး

**ရန်ကုန် မတ် ၅**

နိုင်ငံတော်အစိုးရ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ပြုပြင်ပြောင်းလဲမှု အခန်းကဏ္ဍတစ်ရပ်တွင် ရန်ကုန်မြို့တော်ကြီးကို မြို့ပြအင်္ဂါရပ်နှင့်လျော်ညီစွာ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာက တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဈေးများဌာနက တာဝန်ယူကာ ငွေကျပ်သိန်း ၅၁၅၀ အကုန်ကျခံ၍ မရမ်းကုန်းမြို့နယ် အမှတ်(၂) ရပ်ကွက် (ကုလားကျောင်း) မြဂန္ဓမာဈေးကို အကြီးစား ပြုပြင်ခြင်းလုပ်ငန်းများ ၂၀၁၅ ခုနှစ် ဇွန်လပထမပတ်မှ စတင်တည်ဆောက်ခဲ့ရာ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း ဈေးတာဝန်ခံရုံးမှ သိရသည်။

"ကျွန်တော်တို့ဈေးရဲ့ မြေဧရိယာမှာ ၁ ဒသမ ၂၁၁ ဧကကျယ်ဝန်းတယ်၊ Steel Structureနဲ့ ခြောက်ပေ ပတ်လည်အခန်းပေါင်း ၂၀၀ ပါရှိတဲ့ နှစ်ထပ်ရုံနှစ်ရုံ၊ အလျားခြောက်ပေ၊ အနံငါးပေရှိ အခန်းပေါင်း ၁၈၀ ပါရှိတဲ့ တစ်ထပ်ရုံသုံးရုံနဲ့ ရေဂါလန် ၂၀၀၀ ဆံ့ မီးသတ်ရေကန် ဈေးအတွင်း မျက်နှာစာမှာပါတယ်။ ဒီမတ်လကုန် ပြီးစီးမည်"ဟု ဈေးသာယာရေးကော်မတီဥက္ကဋ္ဌ ဦးစံမြင့်က ပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**



# အယ်နီညိုရာသီဥတုအကြောင်း အသိပညာပေးဟောပြော

**အိမ်မဲ မတ် ၅**

ဧရာဝတီတိုင်း ဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်အတွင်းရှိ အယ်နီညို ရာသီဥတုအကြောင်း ပြည်သူများ သိရှိစေရေးအတွက် အသိပညာပေး ဆွေးနွေးဟောပြောပွဲများကို မတ် ၄ ရက်တွင် ရေငံကွင်းကျေးရွာအုပ်စုနှင့် မတ် ၅ ရက်တွင် သရွတ်ကြီးကျေးရွာအုပ်စုများ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် အိမ်မဲမြို့နယ်အတွင်း ကျေးရွာများ၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန်၊ သောက်သုံးရေ ပြတ်လပ်မှုမရှိစေရန်၊ စိုက်ပျိုးရေ အခက်အခဲမရှိစေရေး၊ စိုက်ပျိုးမြေလယ်ယာများ အထွက်လျော့ခြင်းနှင့် သီးနှံပျက်စီးမှုများ မဖြစ်ပေါ်စေရန်၊ သဘာဝဘေး အန္တရာယ်ဖြစ်ပေါ်ပါက ကူးစက်ရောဂါများဖြစ်လာနိုင်၍ ကြိုတင်ကာကွယ်ကြရန် စသည့်အကြောင်းအရာများကို မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးကောင်းစံနှင့် တာဝန်ရှိသူများက ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ **(မိုး/ဇလ)**

# ကိုယ်ဝန်ဆောင်သည်ဟုယူဆရသော အမျိုးသမီးအား ခွဲစိတ်ရာမှ ၂၃ ပေါင်ခန့်ရှိ အသားလုံးတွေ့



လူနာအမျိုးသမီးအား မခွဲစိတ်မီ ဆရာဝန်များ ပြင်ဆင်နေမှုကို တွေ့ရစဉ်။
ဓာတ်ပုံ-ဒေါက်တာတင်ထွန်းဦး

**နေပြည်တော် မတ် ၅**

အောင်ပန်းမြို့ အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင် ၇၀၀ တွင် မတ် ၃ ရက်က ၄၂ နှစ်အရွယ် ကိုယ်ဝန်နေ့စေ့လစေ့ဟု ထင်ရသော အမျိုးသမီးလူနာတစ်ဦးအား ခွဲစိတ်ဆရာဝန်များ၊ ရောဂါဗေဒပါရဂူများ၊ မေ့ဆေးဆရာဝန်များ၊ ဓာတ်မှန်ပါရဂူများ၊ သမားတော်ကြီးများအဖွဲ့က ဝိုင်းဝန်းကူညီမှုဖြင့် သားဖွားမီးယပ်ဆရာဝန်ကြီးများ၏ ကြိုးပမ်းမှုကြောင့် အောင်မြင်စွာ ခွဲစိတ်နိုင်ခဲ့သည်။

အဆိုပါ အမျိုးသမီးလူနာအား ခွဲစိတ်ကုသရာ ကိုယ်ဝန်ဆောင်ထားခြင်းမဟုတ်ဘဲ သားအိမ်အတွင်း၌ တဖြည်းဖြည်းကြီးထွားလာသော အသားလုံးကြီးသာဖြစ်ပြီး အဆိုပါအသားလုံးကြီးမှာ ၂၃ ပေါင် ရှိသည်။

ယခုအခါ အဆိုပါအသားလုံးကြီးအား ရောဂါရှာဖွေဓာတ်ခွဲ စမ်းသပ်ရန် ရောဂါဗေဒဌာနသို့ ပေးပို့ထားကြောင်း သိရသည်။ အဆိုပါခွဲစိတ်မှုနှင့် ပတ်သက်၍ အောင်ပန်းမြို့ အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင် (၇၀၀)မှ မီးယပ်နှင့် သားဖွားပါရဂူ ဗိုလ်မှူးတင်ထွန်းဦးအား မြန်မာ့သတင်းစဉ်အဖွဲ့က ဆက်သွယ်မေးမြန်းခဲ့သည်။

ဗိုလ်မှူးတင်ထွန်းဦးက ပြောကြားရာတွင် "လွန်ခဲ့သည့် ဖေဖော်ဝါရီလနောက်ဆုံးပတ်က ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့ ပြည်သူ့ဆေးရုံမှ အောင်ပန်းမြို့ အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင် (၇၀၀) သို့ ၄၂ နှစ်အရွယ် အမျိုးသမီးလူနာတစ်ဦး ဆေးလွှဲစာဖြင့် ရောက်လာကြောင်း၊ အဆိုပါအမျိုးသမီးလူနာမှာ မွေးဖွားခါနီး နေ့စေ့လစေ့ထင်ရလောက်အောင် ဝမ်းဗိုက်ပူနေကြောင်း၊ အဆိုပါ အမျိုးသမီးလူနာ၏ ရောဂါရာဇဝင်နှင့် ဆေးမှတ်တမ်းများကို စစ်ဆေးကြည့်ရှုခဲ့ကြောင်း၊ လူနာအမျိုးသမီးမှာ ယနေ့အထိ ကလေးရဖူးခြင်းမရှိကြောင်း။

အဆိုပါ ဆေးရုံပြောင်းနှင့်ရောက်လာသော လူနာအမျိုးသမီးအား အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင် (၇၀၀) အောင်ပန်းမှ ထပ်မံစစ်ဆေးခဲ့ရာ ယခင်တွေ့ဖူးခဲ့သည့် Fibroid Uterus (multiple)ကဲ့သို့ မတူတာတွေ့ရကြောင်း၊ ဝမ်းဗိုက်တစ်ပြင်လုံးပြည့်နေသည့် အလုံးကြီးသာ ဖြစ်နေကြောင်း၊ အဆိုပါအလုံးကြီးမှာ မီးယပ်ပိုင်းဆိုင်ရာ သားအိမ်နှင့် သားဥအိမ်ကဖြစ်သလား၊ ဝမ်းဗိုက်အတွင်းမှ ဖြစ်သလားဆိုသည်ကို ခွဲစိတ်ဆရာဝန်နှင့် ပြသတိုင်ပင်၍ Ultrasound,CT Scan တို့နှင့် အဖြေရှာခဲ့သော်လည်း အဆိုပါအလုံးမှာ သားအိမ်အတွင်းဖြစ်ရာမှ တဖြည်းဖြည်းကြီးလာသော အသားလုံးဟုယူဆရကြောင်း" တပ်မတော်ဆေးရုံ ခုတင် (၇၀၀)မှ ဗိုလ်မှူးတင်ထွန်းဦးက ပြောသည်။

အဆိုပါအသားလုံးကြီးမှာ ၂၃ ပေါင်ရှိပြီး မည်သည့်အတွက်ကြောင့် ယခုကဲ့သို့ဖြစ်သည်ကို ရောဂါအတိအကျသိရှိရန် ရောဂါဗေဒဌာနသို့ ပို့ဆောင်ထားပြီဖြစ်ပြီး ခွဲစိတ်ခံလူနာအမျိုးသမီးမှာ ယခုအခါ တပ်မတော်ဆေးရုံမှ ကျန်းမာရေးစောင့်ရှောက်မှုများပေးထားလျက်ရှိပြီး လူနာရှင်အမျိုးသမီးမှာ ကျန်းမာလျက်ရှိကြောင်း သိရသည်။

ထို့အပြင် တပ်မတော်ဆေးတပ်ရင်းများအနေဖြင့် ပြည်သူများအား နယ်လှည့်ဆေးကုသမှုများ ဆောင်ရွက်ပေးသကဲ့သို့ ပြည်သူများ၏ အရေးကြီးရောဂါဝေဒနာများကိုလည်း တပ်မတော်ဆေးရုံများတွင် ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



လူနာအမျိုးသမီးအား ခွဲစိတ်ပြီးနောက် တွေ့ရှိရသော အသားလုံးကြီးကို ဆရာဝန်များက ပြသစဉ်။
ဓာတ်ပုံ-ဒေါက်တာတင်ထွန်းဦး

# ပင်လယ်သွားဆေးရုံရေယာဉ်ဖြင့်သုံးရက်အတွင်း ပြည်သူ ၁၇၀၀ ကျော် အခမဲ့ကုသပေးနိုင်

**ဟိုင်းကြီးကျွန်း မတ် ၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့ရှိ ပမ္မဝတီရေတပ်စခန်းဌာနချုပ် အမှတ်(၅) တပ်မတော်ဆေးရုံ၌ ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်) ဆေးဝါးကုသမှုအဖွဲ့က မတ် ၁ ရက်မှစတင်၍ မြို့ပေါ်နှင့်ကျေးရွာနေပြည်သူများကို အခမဲ့ဆေးဝါးကုသမှုများ၊ ကျန်းမာရေးအသိပညာပေး ဟောပြောမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မတ် ၁ ရက်မှ ၃ ရက်အထိ သုံးရက်အတွင်း ပြည်သူ ၁၇၀၀ ကျော်ကို ဆေးဝါးကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ဆေးဝါးကုသမှုအဖွဲ့တွင် ခွဲစိတ်ပါရဂူများ၊ သားဖွားမီးယပ်ပါရဂူများ၊ ကလေးရောဂါကုပါရဂူများ၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းပါရဂူများ၊ သွားနှင့် ခံတွင်းပါရဂူများ၊ အရိုးအထူးကု ဆရာဝန်ကြီးများ၊ ဓာတ်မှန်၊ မေ့ဆေး၊ ဓာတ်ခွဲခန်းစသော ပါရဂူများနှင့် ဆေးမှူးများ၊ သူနာပြုများ စုစုပေါင်း ၇၂ ဦးပါဝင်ကာ မတ် ၁ ရက်မှစ၍ ပမ္မဝတီရေတပ်စခန်းဌာနချုပ် အမှတ်(၅)တပ်မတော်ဆေးရုံ၌ အခမဲ့ဆေးဝါးကုသပေးရာတွင် ဟိုင်းကြီးကျွန်းမြို့နှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ လူနာအများအပြားလာရောက်၍ ဆေးဝါးကုသမှုများ ခံယူလျက်ရှိကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# လူငယ်နှင့် အများအကျိုးဆောင်လိုစိတ်

**"You can have everything you want in life, if you just help enough other people get what they want."**

**Hileary Zig Ziglar (1926-2012)**

**"အခြားသူများအတွက် သူတို့လိုချင်သည့်အရာများ ရရှိအောင်သာ ကူညီပေးခဲ့သော် သင်၏ဘဝတွင်လည်း ဘာမဆိုလိုတာ အကုန်လုံးရနိုင်ပါ၏"**

**ဟီလာရီဇစ်ဇီဂလာ (၁၉၂၆-၂၀၁၂)**

ချစ်နိုင်(စိတ်ပညာ)

ကျွန်တော်တို့ အထက်တန်းကျောင်းသားဘဝက ကင်းထောက်လူငယ်အသင်းမှာ ပါဝင်ခဲ့ပါသည်။ ကျောင်းသားတိုင်းတော့ မဝင်ကြပါ။ မိမိဆန္ဒအလျောက် ပါဝင်လိုသူ အချို့ကိုသာ ဖွဲ့စည်းထားသော အသင်းဖြစ်ပါသည်။ ကင်းထောက်ဆရာများဖြစ်ကြသော ကျွန်တော်တို့ချောက်မြို့ အထက(၁)မှ ဆရာဦးသန်းနိုင်နှင့် ဆရာဦးအောင်စန်းရည်တို့၏ အများအကျိုးဆောင်ရွက်လိုစိတ်မှာ ချီးကျူးအားကျစရာကောင်းလှပါသည်။ လခလည်းမရ၊ ထောက်ပံ့ကြေးလည်းမရှိဘဲနှင့် ကျွန်တော်တို့ကို စစ်ရေးပြ၊ သူနာပြု၊ စခန်းချ၊ အချက်ပြအစရှိသည့် ပညာရပ်များကို အချိန်ပိုသင်ကြားပို့ချကြပါသည်။ သင်တန်းရှိသောနေ့တိုင်း မိုးချုပ်မှအိမ်ပြန်ရောက်ကြ၏။

ကျောင်းစာသင်ခန်းမှာ စာသင်ကြားသော ဆရာဆရာမများကိုလည်း ကျေးဇူးကြီးမားလှသည်ဟု ခံယူပါ၏။ ထိုဆရာနှစ်ဦး၏ အနစ်နာခံမှု၊ စွန့်လွှတ်မှု၊ တပည့်များအပေါ် ထွန်းထွန်းပေါက်ပေါက်ဖြစ်စေလိုသည့် စေတနာထက်သန်မှုကိုကား နှလုံးသားချင်းနားလည်နိုင်ကြပါသည်။

ပုဂံဘုရားများကို ဆရာတို့နှင့်အတူ လေ့လာရေးသွားကြ၏။ ပုပ္ပားတောင်မကြီးကို တောင်ထိပ် ၄၉၈၁ ပေအထိ ရောက်အောင်တက်ခဲ့၏။ တပ်မတော်မှာ အဆင့်မြင့်ရာထူးတာဝန်ထမ်းဆောင်နိုင်ခဲ့ခြင်း၊ အရပ်ဘက်ဌာနဆိုင်ရာအကြီးအကဲတာဝန်ကို အောင်မြင်စွာစွမ်းဆောင်နိုင်ခြင်းနှင့် ယခုကဲ့သို့ စာများကို နှစ်ပေါင်း ၃၀ ကျော်ကြာမျှ ရေးသားနေနိုင်ခြင်းတို့သည် ငယ်စဉ်ကကင်းထောက်လူငယ်အဖြစ် အများအကျိုးဆောင်လိုစိတ်ကို ကောင်းစွာပြုစုပျိုးထောင်ခံခဲ့ရခြင်းကြောင့်ဖြစ်သည်ဟု ယုံကြည်ပါ၏။

မိမိသည် လောကအတွင်းမှာ တည်ရှိနေသဖြင့် မိမိတို့အားလုံးကို လွှမ်းခြုံနေသော လောကတစ်ခုလုံး၏ ကောင်းရာကောင်းကြောင်း ဦးထိပ်ထားရမည်ဟု ခံယူပါသည်။ မိမိနှင့် နိုင်ငံတော်အကျိုးဆိုလျှင် နိုင်ငံတော်အကျိုးကို အဓိကရည်ရွယ်လုပ်ဆောင်ရမည်။ မိမိနှင့်မြို့ရွာအကျိုးဆိုလျှင် မိမိကအနစ်နာခံပြီး မြို့ရွာကောင်းကျိုးကို ဦးစားပေးရမည်။ မိမိတစ်ဦးချင်း၏ ဘဝတိုးတက်မှုကို ကြိုးစားကြရမည်မှန်ပါ၏။ တိုင်းပြည်နှင့်လူမျိုး၏အကျိုးကိုတော့ မထိပါး စေရ။ ဤသို့သဘောထားရပါမည်။

မိမိသည် လောကပတ်ဝန်းကျင်၏အရိပ်ကို ခိုနေရသည်။ အရိပ်ခိုလိုလျှင် အပင်၏အကိုင်းကိုမခုတ်ရ၊ မဖြတ်ရ၊ မဖျက်ဆီးရ၊ လောကကိုကောင်းမွန်အောင် တိုးတက်အောင်သာ ဆောင်ရွက်ရမည်။ လောကဝန်းကျင်ကိုမဖျက်ဆီးရ။ လောကကောင်းကျိုးအတွက် မိမိကအစွမ်းကုန်ပေးဆပ်နေသင့်သည်။

အများအကျိုးဆောင် ကိုယ့်အကျိုးအောင်ဟူသည့်ဆောင်ပုဒ်ကို မိမိတို့ငယ်ရွယ်စဉ်က ရွတ်ဆိုကြရသည်။ ဆရာ ဆရာမများက သင်ကြားခဲ့သည်။ အချို့က နောက်နောက်ပြောင်ပြောင်နှင့် အများအကျိုးချည်းပဲဆောင်နေရင် ကိုယ့်အကျိုးပြောင်မှာပဲဟု ပြက်ရယ်စကားပြောလေသည်။ သူပြောတာလည်း တကယ်အစစ်အမှန်ဟုတ်ပါပေသည်။ အများအကျိုးကို ထူးထူးချွန်ချွန်စွမ်းဆောင်သူများသည် ထူးထူးခြားခြား ပြောင်လက်ကာ ဂုဏ်သတင်းအရောင်ထွက်ပါ၏။ နာမည်ကောင်းတစ်ခု ထင်ရှားကျော်ကြားခြင်းဖြစ်၏။

အများအကျိုးဆောင်လျှင် ကိုယ့်အကျိုးပါအောင်လိမ့်မည်ဟူသော အပြောအဆိုကို သူလုံးဝမယုံကြည်ပါဟု စာထဲမှာထည့်ရေးသော နာမည်ကျော်အင်္ဂလိပ်ကျူရှင်ဆရာ စာရေးဆရာတစ်ဦးကို တွေ့ရဖူး၏။ သူ့အမြင်ကို သူထင်ရာဖော်ပြခြင်းသာဖြစ်၏။ စကားရည်လုပြီး တားဆီးကန့်ကွက်ရန်မရှိ။ သူလည်း လွတ်လပ်စွာ

**မိမိသည် လောကပတ်ဝန်းကျင်၏အရိပ်ကို ခိုနေရသည်။ အရိပ်ခိုလိုလျှင် အပင်၏အကိုင်းကို မခုတ်ရ မဖြတ်ရ၊ မဖျက်ဆီးရ၊ လောကကို ကောင်းမွန်အောင် တိုးတက်အောင်သာ ဆောင်ရွက်ရမည်။ လောကဝန်းကျင်ကို မဖျက်ဆီးရ။ လောကကောင်းကျိုးအတွက် မိမိက အစွမ်းကုန် ပေးဆပ်နေသင့်**

ယုံပါ။ ရေးပါစေ။

စာရေးသူကမူ သီတဂူဆရာတော်ကြီး အရှင်ဉာဏိသရ အမေရိကန်ပြည်ထောင်စု တင်နက်ဆီပြည်နယ်မှာ လွန်ခဲ့သောအနှစ် ၂၀ ခန့်က ဟောကြားခဲ့သော တရားတော်ကို အလွန်သဘောကျ၏။ တင်နက်ဆီပြည်နယ်ဆိုသည်မှာ ၂၀၁၆ ဇန်နဝါရီအတွင်းက အသက် ၁၀ နှစ်အရွယ်ကောင်လေးတစ်ယောက်က ရှစ်နှစ်အရွယ် အိမ်နီးချင်း ကလေးမလေးတစ်ဦးကို (သူမ၏ကြောင်လေးကို ကြည့်ခွင့်မပေးလို့ဆိုလား၊ ကိုင်ခွင့်မပေးလို့ဆိုလား၊ အကြီးအကျယ်ဒေါပွကာ) သေနတ်ဖြင့် ပစ်သတ်ခဲ့လိုက်၏။ အမေရိကန်ပြည်ထောင်စုမှာ မှုခင်းအမျိုးမျိုး ထူပြောလှသည်မှာ မထူးဆန်းတော့သော်လည်း ဤကလေးငယ်ချင်းပစ်သတ်ဖြတ်မှုက ဟိုးလေးတကျော်ဖြစ်သွား၏။ ဤတင်နက်ဆီပြည်နယ်ထဲရှိ ပင်ဒါဘစ်တက္ကသိုလ်မှာ ဆရာတော်တစ်ခွန်းမှ မဟာရသေးမီ ပါမောက္ခတစ်ဦးကစပြီး မေးပါလေတော့၏။

"ဘာရည်ရွယ်ချက်နဲ့ ဘုန်းကြီးလုပ်တာလဲ"

ဆရာတော်ကပြုံးသည်။

တကယ်က တစ်နာရီဟောပြီးမှ အမေးအဖြေကဏ္ဍရောက်မှာ မဟုတ်လား။ မစောင့်နိုင်၊ မအောင့်နိုင်ဘဲ အလောတကြီးမေးသဖြင့် အတော်သိချင်စိတ်ပြင်းထန်နေပုံရ၏။

"ဒကာကြီး မေးတာကိုဖြေပါမယ်။ ဘုန်းကြီးမေးတာကို ဒကာကြီး အရင်ဖြေပြစေလိုပါတယ်။ လူဖြစ်ရတဲ့ ရည်ရွယ်ချက်ကဘာလဲ"

အမေရိကန်ပါမောက္ခကြီး ချွေးပြန်သွား၏။ ဘာဖြေရမလဲမသိ။ အဖြေရုတ်တရက်မတွေ့။ ဘာရမလဲ အမေရိကန်ပါမောက္ခပဲ။

"အရှင်ဘုရားက ကျွန်ုပ်ကိုယ်စားဖြေပြပါ" ဘော်လီဘောကစားတာ ကျွမ်းကျင်ပုံရလေသည်။ ဖြေရန်တာဝန်ကိုရှောင်လွှဲပြီး ပုတ်ထုတ်လိုက်၏။

"ကောင်းပြီ ပါမောက္ခကြီး။ သင့်ကိုယ်စားဘုန်းကြီးဖြေပြပါမည်။ သင်ကြိုက်လျှင် ကြိုက်သည်ပြော၊ မကြိုက်လျှင် မကြိုက်ဘူးပြော။ သင့်ရဲ့သဘောအတိုင်းရွေးချယ်ခွင့်တော့ရှိပါတယ်။ လူဖြစ်ရတဲ့ ရည်ရွယ်ချက်က သုံးချက်ရှိပါတယ်-

၁။ လောကကောင်းကျိုးကိုသယ်ပိုးရန်

၂။ မိဘဆွေမျိုး လူမျိုးအကျိုးကို ဆောင်ရွက်ရန်နဲ့

၃။ မိမိကိုယ်ကိုမြှင့်တင်ရန်တို့ဖြစ်တယ်"

ပင်ဒါဘစ်ယူနီဗာစီတီကအမေရိကန်ပါမောက္ခကြီးဟာ အံ့အားသင့်စွာ ဝမ်းပန်းတသာနဲ့ "သူလည်း သဘောတူပါသည်"ဟု လျှောက်ထားလေတော့သည်။

" ဘုန်းကြီးဝတ်တာဟာလည်း ဒီရည်ရွယ်ချက်ပါပဲ" ဟု သီတဂူဆရာတော်က အဓိပ္ပာယ်သက်ရောက်စေအောင် ဖြေကြားပေးလိုက်ခြင်းပင်။

လူသားတစ်ယောက်ဖြစ်လာပြီဆိုလျှင် လူ့အခွင့်အရေးများနှင့်အတူ တာဝန်လည်းပါလာပါ၏။

လူသားတိုင်းသည် လောကကောင်းကျိုးကို တတ်စွမ်းသမျှ ပါဝင်ထမ်းဆောင်ရမည် မဟုတ်ပါလား။

မိမိ၏ကျေးဇူးရှင်ဖြစ်သော မိဘ၊ ဆွေမျိုး၊ လူမျိုး၏ အကျိုးကိုလည်း သယ်ပိုးရန်တာဝန်ရှိမည်မဟုတ်လား။ အထက်ပါ မလွဲမသွေတာဝန်နှစ်ရပ်ကို ကျေပွန်စွာထမ်းနိုင်အောင် လူသားသည် ပခုံးနှစ်ဖက်သန်မာရပေလိမ့်မည်။ မိမိကိုယ်ကိုယ် အရည်အသွေးမြင့်မားအောင် ပျိုးထောင်တည်ဆောက်ရပါလိမ့်မည်။

မိမိကိုယ်ကိုယ် ပျိုးထောင်ခြင်းသည်ပင်လျှင် လောက ကောင်းကျိုးကို စွမ်းစွမ်းတမံထမ်းဆောင်နိုင်အောင်ရည်ရွယ်ပြီး ဆောင်ရွက်ရခြင်းမဟုတ်လား။ ပန်းတိုင်နှင့် လမ်းကြောင်း တစ်ဆက်တည်းပင်။

လူငယ်များသည် မိမိကိုယ်ကျိုးသက်သက်ဦးစားမပေးရ။ မိမိခံစားလိုမှုကို ရှေ့တန်းမတင်ရ။ မိမိဆန္ဒကို အကြောင်းပြုပြီး အခွင့်အရေးမယူရ။ လောကကောင်းကျိုးအတွက်ဆိုလျှင် ဘယ်နေရာမှာနေရနေရ၊ ဘယ်တာဝန်ကိုယူရယူရ၊ ဘယ်အလုပ်ကိုပဲလုပ်ရလုပ်ရ အကောင်းဆုံးတာဝန်ကျေပွန်စေရမည်ဟု သဘောထားခံယူချက်ရှိအပ်ပါ၏။ လူ့လောကသည် ကိုယ်ကျိုးရှာခြင်းလွန်ကဲသူများကို အရေးမထားဘဲ ကိုယ်ကျိုးစွန့်လွှတ်သူတို့ကိုသာ အလေးအမြတ်ထားပေသည်။

အများအတွက် သောက်ရေအိုးစင်တစ်ခုပင် တည်မပေးဖူးသေးသူက ပါးစပ်နှင့်မဆံ့သော စကားလုံးကြီးကြီးမားမားတွေဖြင့် လေလုံးထွားနေတတ်သူမျိုးလည်း ရှိ၏။ လောကမှာအပြောသည် တကယ်တမ်းမထိရောက်ချေ။ အလုပ်ဖြင့်သာလျှင် သက်သေပြကြရပေသည်။ အလုပ်၏စွမ်းရည်နှင့် ထိရောက်မှုအပေါ်မှာသာမူတည်၍ လူကိုတန်ဖိုးဖြတ် အကဲခတ်ကြရပေသည်။

တကယ်စွမ်းဆောင်သော အပြုအမူကသာလျှင် ပါးစပ်ကပြောနေသောစကားထက် ထိရောက် တာသွား၏။ လူတစ်ယောက်၏ တန်ဖိုးဆိုသည်မှာ ခေတ်သမိုင်းက သူ့ပခုံးပေါ်တင်ပေးလိုက်သည့်တာဝန်ကို သူမည်မျှကျေပွန်စွာ ထမ်းဆောင်သနည်းဆိုသော အချက်အပေါ်မှာ မူတည်သည်ဟု စာရေးဆရာ ဗန်းမော်တင်အောင်က ပြောခဲ့ဖူးလေသည်။

ဆရာကြီး ပါရဂူကတော့ ရှင်းရှင်းလင်းလင်းတိတိကျကျဆိုမိန့်၏။ အာဏာရှိသူ၊ ငွေကြေးချမ်းသာသူ၊ နာမည်ကျော်ကြားသူ၊ ပေါ်ပြူလာဖြစ်သူ ဘယ်သူ့ကိုမှ သူကအရေးတယူ တလေးတစား အသိအမှတ်မပြုတတ်ပါ။ ပရဟိတအများကောင်းကျိုးကို လုပ်ဆောင်သူဆိုပါက ဆင်းရဲချမ်းသာမခွဲ၊ အသက်ကြီးငယ်မရွေး လေးစားတန်ဖိုးထားပါသည်တဲ့။

ဆရာကြီးဦးရွှေအောင်က ရေးဖူး၏။

"လောကသည် မိမိအတွက်မဖြစ်စေရ။

မိမိသည် လောကအတွက်ဖြစ်စေရပါမည်"တဲ့။

လောကဝန်းကျင်မှာ မြင်တွေ့နေကြရပါသည်။ အခွင့်အာဏာရှိသူများသည် မဟော်သဓာဇာတ်တော်ထဲမှ ဘုရင့်စားဖိုဆောင်မှ ခွေးသတ္တဝါနှင့် ဆိတ်သတ္တဝါကဲ့သို့ ပြုကျင့်နေကြကုန်၏။ ရာထူးရှိသူက ငွေကြေးရှိသူနှင့်ပေါင်းသင်း၏။ အပြန်အလှန် အပေးအယူနှင့် ကျေးဇူးပြုကြ၏။ လူတွေက ရွံ့ရှာမုန်းတီးကြ၏။ စက်ဆုတ်ရှုတ်ချကြ၏။ မနှစ်မြို့ကြပါ။ ကိုယ်ကျိုးမရှာသူများလည်း ရှိပါ၏။

အများအကျိုးကိုသာ အာရုံစူးစိုက်ကြိုးပမ်းသူအချို့လည်း တွေ့ရတတ်ပါ၏။ လူနည်းစု။ သူတို့၏ ရိုးသားဖြောင့်မတ်ခြင်း၊ အဂတိကင်းစင်ခြင်း ဂုဏ်သတင်းကား အရပ်ဆယ်မျက်နှာသို့ အပိုင်းအခြားမရှိ သင်းပျံ့မွှေးကြိုင်လေသည်။ သီလ၏ရနံ့က လေအောက်လေတင်အနီးအဝေး မွှေးထုံကြိုင်လှိုင်ပေသည်။ အများကောင်းကျိုး သယ်ပိုးဆောင်ရွက်ရေးကိုသာ လူငယ်များ အဓိကဦးစားပေး ရည်ရွယ်ချက်ထား၍ ကြိုးစားကြလျှင် မိမိတို့တိုင်းပြည်၏အနာဂတ်သည် ရွှေရောင်ဝင်းလက်တောက်ပြောင်ပေလိမ့်မည်။

## ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်းခွင်ဆိုင်ရာ အလုပ်အကိုင်ပြပွဲကျင်းပမည်

**ရန်ကုန် မတ် ၅**

ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်းကြီးများအတွက် လိုအပ်လျက်ရှိသော အရည်အချင်းမီ ဝန်ထမ်းများရရှိနိုင်စေရန် ရည်ရွယ်၍ အွန်လိုင်းအလုပ်အကိုင်ရှာဖွေရေး လုပ်ငန်းဖြစ်သည့် work.com.mm က ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်းခွင်ဆိုင်ရာအလုပ်အကိုင်ပြပွဲကို ဦးဆောင်ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါပြပွဲကို မတ် ၂၇ ရက်တွင် ရန်ကုန်မြို့ MICT Park ၌ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ ပြပွဲတွင် ပြည်တွင်းပြည်ပအခြေစိုက် ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်းကြီးများမှ ဝန်ထမ်းများလိုအပ်ချက်အလိုက် ခေါ်ယူသွားမည်ဖြစ်သည်။ work.com.mm ၏ ဒုတိယအကြိမ်မြောက် အလုပ်အကိုင်ပြပွဲကို ဇန်နဝါရီ ၁၆ ရက်နှင့် ၁၇ ရက်က ကျင်းပခဲ့ရာ ပြည်တွင်းပြည်ပကုမ္ပဏီပေါင်း ၃၀ ကျော်မှ ဝန်ထမ်းများခေါ်ယူခဲ့ပြီး အလုပ်ခန့်အပ်နိုင်မှု ၃၀၀၀ ကျော်ရှိခဲ့ကြောင်း သိရသည်။ လုပ်ငန်းရှင်များအနေဖြင့် on line သာမက off line တွင် ဝန်ထမ်းခေါ်ယူနိုင်ရေးအတွက် ဟိုတယ်နှင့် အသက်မွေးမှုကျောင်းများနှင့် ပြပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း၊ အသေးစိတ်ကို ဖုန်း-၀၉-၂၆၁၆၀၁၀၉၅ သို့ဆက်သွယ်နိုင်ကြောင်း သိရသည်။

**မွန်းဦးနဒီ**



မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နဘူးအိုင်စံပြကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားကို မတ် ၄ ရက်က တိုင်းဒေသကြီးလျှပ်စစ်ဝန်ကြီး ဦးကျော်မြင့်နှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြန်မာ့အလင်း)

# သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒသမအစည်းအဝေးကျင်းပမည်

**ရန်ကုန် မတ် ၅**

သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒသမအစည်းအဝေးကို ၁၃၇၇ ခုနှစ် တပေါင်းလဆန်း ၁၊ ၂၊ ၃၊ ၄ရက် (၂၀၁၆ ခုနှစ် မတ် ၉၊ ၁၀၊ ၁၁၊ ၁၂ ရက်)တို့တွင် အကြိုညှိနှိုင်းအစည်းအဝေးနှင့် ၁၃၇၇ ခုနှစ် တပေါင်းလဆန်း ၅၊ ၆ ရက် (၂၀၁၆ ခုနှစ် မတ် ၁၃၊ ၁၄ ရက်)တို့တွင် အစည်းအဝေးကျင်းပမည်ဖြစ်သည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအနေဖြင့် ၁၃၇၇ခုနှစ် တပို့တွဲလပြည့်ကျော် ၁၄ ရက် (၂၀၁၆ ခုနှစ် မတ် ၈ ရက်) တွင်လည်းကောင်း၊ ကမ္ဘာအေးကုန်းမြေမဟာနာယကကျောင်းတော်ကြီးသို့ ကြွရောက်တော်မူပါရန်နှင့် သတ္တမအကြိမ်နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့စတုတ္ထအစည်းအဝေးကို မတ် ၁၆ ရက်မှ ၁၈ ရက်အထိ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပမည်ဖြစ်ပါသဖြင့် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများသည် မတ် ၁၅ ရက်တွင် လည်းကောင်း ကြွရောက်ပါရန် ပင့်လျှောက်ထားကြောင်း သာသနာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျေးရွာနေပြည်သူများအား သောက်သုံးရေများ သွားရောက်လှူဒါန်း

**စစ်ကိုင်း မတ် ၅**

စစ်ကိုင်းမြို့နယ်အတွင်း သောက်သုံးရေခက်ခဲသည့် ကျေးရွာများသို့ မြို့မိမြို့ဖ ဦးဆောင်သော အလှူရှင်များက သောက်သုံးရေများကို ကျေးရွာများအရောက် သွားရောက်လှူဒါန်းလျက်ရှိရာ ဆည်လေးတောကျေးရွာနေပြည်သူများအတွက် လိုအပ်သည့်သောက်သုံးရေများ လှူဒါန်းမှုကို မတ် ၅ ရက် နံနက် ၇ နာရီက အဆိုပါကျေးရွာရှိ ကင်းမင်းဆည်ပရိယတ္တိဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အလှူရှင်များက လှူဒါန်းသည့် သောက်သုံးရေများကို မြို့မိ မြို့ဖအဖွဲ့က ဦးဆောင်ကာ မြို့နယ်မီးသတ်က ရေသယ်ယာဉ်တစ်စီး၊ မြို့နယ်စည်ပင်က ရေသယ်ယာဉ်တစ်စီး၊ မြို့မိ မြို့ဖ အဖွဲ့က ရေသယ်ယာဉ်တစ်စီး၊ သုခကာရီကျန်းမာရေးနှင့် လူမှုကူညီရေးအသင်းက ရေသယ်ယာဉ် တစ်စီးတို့ဖြင့် စုစုပေါင်း ရေဂါလန် ၅၈၀၀ ကို အဆိုပါကျေးရွာ မူလတန်းကျောင်းဝင်းအတွင်း၌ ဒေသခံပြည်သူများအား လှူဒါန်းခဲ့ကြောင်း သိရသည်။

အနယ်နယ်အရပ်ရပ်မှ သောက်သုံးရေလှူဒါန်းလိုသူများနှင့် မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ သောက်သုံးရေအခက်အခဲရှိသူများသည် ဦးဇော်ဝင်း ဥက္ကဋ္ဌ မြို့မိ မြို့ဖအဖွဲ့ စစ်ကိုင်းမြို့ ဖုန်း ၀၉-၂၀၁၁၄၁၂ ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **မျိုးဝင်း(စစ်ကိုင်း)**



# ပြည်လုံးချမ်းသာစေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပွဲကျင်းပ



**ဖားကန့် မတ် ၅**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာ မော်ရှန်ရပ်ကွက်ရှိ ဝင်းသီရိမင်္ဂလာကျောင်းတိုက် အောင်တော်မူစေတီကုန်းတော်ပေါ်၌ တည်ထား ကိုးကွယ်လျက်ရှိသော ဆုတောင်းပြည့် ပြည်လုံးချမ်းသာစေတီတော်မြတ်ကြီးအား ရွှေထီးတော်တင်လှူပွဲ အခမ်းအနားကို မတ် ၃ ရက် နံနက် ၉ နာရီက စေတီတော်မြတ်ကြီး၏ ဘုရားပရိဝုဏ်အတွင်း၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ဖားကန့်မြို့ ဆန်းကြွယ်မစိုးရိမ်ကျောင်းတိုက် မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကဝိသာရ (မဟာသဒ္ဓမ္မဇောတိကဓဇ) ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဂျန်ကာဆရာတော်ကြီးက နတ်ဒေဝါများ ပင့်ဖိတ်ကာ အလှူရှင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို ဆရာတော်ကြီးများအား ဆက်ကပ်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်အပါး ၁၂၀ တို့အား လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားတော်မူကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များနှင့် တပ်မမှူး ဗိုလ်မှူးကြီးသန်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်တို့ဦးစီး၍ အလှူရှင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို ပန်းရထားဖြင့် တင်လှူပူဇော်ခဲ့ကြကြောင်း သိရသည်။

**စိုးနိုင်ဦး(ဖားကန့်)**

# သောက်သုံးရေ ခက်ခဲနေသည့် ထွင့်ခေါင်ကျေးရွာသို့ ရေပေးဝေ

**မန္တလေး မတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ထွင့်ခေါင်ကျေးရွာ၌ သောက်သုံးရေခက်ခဲနေကြောင်း သိရှိရသဖြင့် မတ် ၄ ရက် ညနေပိုင်းက မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဒေါ်စုစုလင်းက ရေဂါလန် ၅၀၀ ဆံ့ ရေသယ်ယာဉ် ၁၀ စီးဖြင့် သွားရောက် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ ထွင့်ခေါင်ကျေးရွာသည် အိမ်ခြေ ၁၇၀ နှင့် လူဦးရေ ၈၅၀ ရှိသောရွာဖြစ်ပြီး သောက်သုံးရေရရှိမှု ခက်ခဲသောကြောင့် စက်ရေတွင်းတစ်တွင်းကိုသာ အလေးထားသုံးစွဲနေရကြောင်း သိရသည်။

အဆိုပါကျေးရွာသို့ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သောက်သုံးရေခက်ခဲမှု မရှိစေရန် ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ပြီး ကျေးရွာသုံးရေလှောင်ကန်များအတွင်း ရေများဖြည့်တင်းသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

* ရွှေဖုံးမှ

ပင်မတမံအလျားပေ ၂၆၀၀၊ ကုန်းကျောတမံ(၁) အလျားပေ ၂၇၄၅၀၊ ကုန်းကျောတမံ(၂)အလျားပေ ၄၀၀၊ ကုန်းကျောတမံ(၃) အလျားပေ ၁၂၀၀၊ ကန်ရေသေရေလှောင်ပမာဏဧကပေ ၇၀၈၀၀၊ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၃၇၇၆၀၀၊ ရေပြည့်ရေပြင်ကျယ်ဧရိယာ ၅၇၈၈ ဧကရှိ မြစ်သာရေလှောင်တမံ၌ အကျယ်ပေ ၁၂၀ နှင့် ပေ ၆၀၊ အလျားပေ ၁၂၅၀၀ ရေလွှဲမြောင်းများ တည်ဆောက်ထားသည်။ အလျား ၁၃၁၂ ပေ၊ အကျယ် ပေ ၂၀၀ရှိ သံကူကွန်ကရစ် ရေပိုလွှဲအမျိုးအစား၊ အချင်း ၁၉ ပေရှိရေအား လျှပ်စစ်ရေထုတ်ပြွန်များဖြင့် ဖွဲ့စည်းထားသည်။

မြစ်သာတမံ တည်ဆောက်ရာတွင် အကြိုတည်ဆောက်မှုလုပ်ငန်း၊ တမံတည်ဆောက်ခြင်း၊ ရေလွှဲမြောင်းလုပ်ငန်း၊ ရေအားလျှပ်စစ်ဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ခြင်း၊ ရေပိုလွှဲတည်ဆောက်ခြင်း၊ ရေထုတ်ပြွန် တည်ဆောက်ခြင်း၊ ဆည်ရေသောက်စနစ်တည်ဆောက်ခြင်းစသည့် လုပ်ငန်းစဉ်(၇)ရပ်ဖြင့် ဆည်မြောင်းဦးစီးဌာနက ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ စတင်ဆောင်ရွက်ခဲ့သည့် ပင်မတမံတည်ဆောက်ခြင်းလုပ်ငန်းမှာ ၈၇ ဒသမ ၀၂ ရာခိုင်နှုန်း၊ ကျောက်ကြီးစီခြင်းလုပ်ငန်း ၄၁ ဒသမ ၆၄ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ ကုန်းကျောတမံ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၀၄ ခုနှစ် မတ်လက စတင်ခဲ့ပြီး လုပ်ငန်းပြီးစီးမှု ၉၃ ဒသမ ၁၁ ရာခိုင်နှုန်း၊ ယာယီရေထိန်းတမံ တည်ဆောက်ခြင်းလုပ်ငန်းရာနှုန်းပြည့်နှင့် ၂၀၁၅ ခုနှစ် ဇူလိုင်လကုန်ပိုင်း မြစ်သာမြစ်ရေမြင့်တက်မှုမှကာကွယ်နိုင်ရန် ယာယီရေထိန်းတမံ ငါးပေမြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သည်။ ရေအား လျှပ်စစ်ဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ခြင်းနှင့် ရေပိုလွှဲတည်ဆောက်ခြင်း လုပ်ငန်းများလည်း ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်သည်။ လုပ်ငန်းစဉ်များအားလုံး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြီးစီးရန် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းလုပ်ငန်းများလည်း ၁၆ ဒသမ ၂၂ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သောကြောင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်တည်ဆောက်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြစ်သာရေလှောင်တမံကြီးတည်ဆောက်ရာ၌ ပနန်း၊စပယ်၊ ယင်းမာ၊ စင်ပုံ ကျေးရွာလေးရွာ ရေဝပ်ဧရိယာအတွင်း ကျရောက်ခဲ့ပြီး စံပြမြို့ကွက်သစ်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ပနန်းကွက်သစ်၌ အိမ်ရာ ၁၃၅ လုံး၊ စပယ်ကွက်သစ်၌ အိမ်ရာ ၇၇ လုံး၊ ယင်းမာကွက်သစ်၌ အိမ်ရာ ၆၇ လုံး၊ စင်ပုံကွက်သစ်၌ အိမ်ရာ ၉၆ လုံး စုစုပေါင်းအိမ်ရာ ၃၇၅ လုံး၊ ဘုန်းတော်ကြီးကျောင်းလေးကျောင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးလေးရုံး၊ မူလတန်းကျောင်းလေးကျောင်း၊ ဘုန်းကြီးကျောင်းလေးကျောင်းအတွက် ဆွမ်းချက်ဆောင်လေးဆောင်၊ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံတစ်ခုတို့ကို တာဝန်ရှိသူများက ဆောင်ရွက်ပေးခဲ့ပြီးနောက် သက်ဆိုင်ရာတာဝန်ရှိသူများထံ လွှဲပြောင်းပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ရွှေ့ပြောင်းကျေးရွာများ သောက်သုံးရေရရှိရေးအတွက် တစ်နာရီ ပျမ်းမျှရေဂါလန် ၁၅၀၀၀ ထွက်ရှိသည့် လေးလက်မ စက်ရေတွင်းခုနစ်တွင်း တူးဖော်ထားရှိပြီး ကုန်းမြင့်ပိုင်း၌ ဂါလန် ၃၀၀၀၀ ဆံ့ ရေစုကန်ငါးလုံး တည်ဆောက်ကာ ရေပိုက်လိုင်းများဖြင့် နေအိမ်များရှိ အုတ်ရေကန်များအရောက် ရေပေးဝေလျက်ရှိသည်။ ကျွဲ၊ နွားတိရစ္ဆာန်များ သောက်သုံးရေအတွက် ရေဂါလန်ခုနစ်သန်းခန့်စီ သိုလှောင်နိုင်သည့် လျှိုပိတ်တမံနှစ်ခုကိုလည်းတည်ဆောက်ပြီးဖြစ်သည်။ ကျေးရွာများ လျှပ်စစ်မီးရရှိရေးအတွက် ဂန့်ဂေါ-မြစ်သာဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းကို ပြင်ပလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကာ စံပြကွက်သစ်များအတွင်း လျှပ်စစ်မီးတိုင်စိုက်ထူခြင်း၊ ကြိုးသွယ်တန်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်သည်။

၂၀၁၅ ခုနှစ် မေ ၉ ရက်အထိ ကျေးရွာလေးရွာမှ ပြောင်းရွှေ့ပြီး အိမ်ထောင်စု ၃၇၅ စုအတွက် မြေယာ လျော်ကြေး၊ နှစ်ရှည်သီးနှံလျော်ကြေး၊ ဆန်စက်၊ ဆီစက်ပြောင်းရွှေ့စရိတ်ငွေ ကျပ် ၄၄၁၆၃ ဒသမ ၃၈ သိန်းနှင့် ပထမတစ်နှစ်စာအထိ ရိက္ခာဆန် ၁၅၇၈၂ တင်း၊ ငါးပြည်၊ လေးဘူးတို့ကို ပေးအပ်နိုင်ခဲ့သည်။

စိုက်ပျိုးမြေ ဖော်ထုတ်ခြင်းလုပ်ငန်းအနေဖြင့် လယ်မြေဧက ၅၁၀၊ ယာမြေဧက ၁၀၇၁ ဧက၊ စုစုပေါင်းလယ်ယာမြေဧက ၁၅၈၁ ဧကဖော်ထုတ်နိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ် စက်တင်ဘာလအတွင်း လယ်မြေ ၄၀၇ ဒသမ ၀၈ ဧက၊ ယာမြေ ၈၂၃ ဒသမ ၃၁ ဧကတို့ကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီက ကျေးရွာလေးရွာသို့ ခွဲဝေပေးခဲ့သည်။

မြစ်သာရေလှောင်တမံစီမံကိန်းကြီးသည် ဆည်ရေသောက်ဧက ၁၂၀၀၀ ကို ရေပေးဝေနိုင်မည့်အပြင် နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၇၀ ကို ထုတ်ပေးနိုင်မည် ဖြစ်သောကြောင့် ဒေသအကျိုးစီးပွားကို များစွာမြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

# သောက်သုံးရေရှားပါးသည့် ကျေးရွာများသို့ သောက်သုံးရေများဖြန့်ဝေ

**ဒီပဲယင်း မတ် ၅**

ကမ္ဘာ့ရာသီဥတုပြောင်းလဲလာခြင်းနှင့် ၂၀၁၆ ခုနှစ် အယ်နီညိုအကျိုးသက်ရောက်မှုကြောင့် ဖြစ်ပေါ်လာမည့် အပူဒဏ်ခံစားရနိုင်မှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်၌ သောက်သုံးရေရှားပါးသည့် အေးငြိမ်းသာယာကျေးရွာသို့ သောက်သုံးရေများဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါကျေးရွာသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ သောက်သုံးရေများ ဖြန့်ဝေပေးခဲ့ပြီး ရေဂါလန် ၈၀၀ ဆံ့ မီးသတ်ရေသယ်ယာဉ်ဖြင့် သောက်သုံးရေ နှစ်ကြိမ်ပေးပို့ခဲ့သောကြောင့် သောက်သုံးရေပြတ်လပ်မှုမရှိတော့ကြောင်း သိရသည်။ **သိန်းထွန်း(ဒီပဲယင်း)**

# မြန်မာနိုင်ငံကင်းထောက်လူငယ်မောင်မယ်များ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဘုရားဖူးလေ့လာရေးခရီးသွားရောက်

**ကျောက်ပန်းတောင်း　မတ်　၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတွင်စခန်းချလျက်ရှိသော ၂၀၁၆ ခုနှစ် မြန်မာနိုင်ငံကင်းထောက် လူငယ်မောင်မယ်များသည် မြန်မာနိုင်ငံကင်းထောက်ကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်ညိုနှင့် ကြီးကြပ်အုပ်ချုပ်သူဆရာ/ဆရာမများနှင့်အတူ မတ် ၅ ရက် နံနက် ၇ နာရီက ယာယီစခန်းဖွင့်လှစ်ထားရှိသည့်ပုပ္ပားမှ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေပုဂံဒေသသို့ ဘုရားဖူးလေ့လာရေးခရီး ထွက်ခွာခဲ့ကြကြောင်း သိရသည်။ **(ယာပုံ)**

မြန်မာနိုင်ငံ ကင်းထောက်လူငယ်မောင်မယ်များသည် အမျိုးသားကင်းထောက်အဖွဲ့နှင့် အမျိုးသမီးကင်းထောက်အဖွဲ့ နှစ်ဖွဲ့ခွဲ၍ ပုဂံဒေသရှိ တန်ခိုးကြီးဘုရားများနှင့် အထင်ကရနေရာများဖြစ်သော လောကနန္ဒာဘုရား၊ မြစေတီဘုရား၊ ဓမ္မရံကြီးဘုရား၊ သဗ္ဗညုဘုရား၊ အာနန္ဒာဘုရား၊ ရွှေစည်းခုံဘုရားတို့အားဖူးမြော်ပြီး ပုဂံရွှေနန်းတော်နှင့် ယဉ်ကျေးမှုသုတေသနပြတိုက်တို့အား လှည့်လည်ကာ အလှူငွေများ စုပေါင်းထည့်ဝင်လှူဒါန်းခဲ့ကြသည်။ ကင်းထောက်အဖွဲ့ဝင်များနှင့် ကြီးကြပ်သူ ဆရာ၊ ဆရာမများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ကင်းထောက်ကြီးဦးရဲမြင့်က ပုဂံရွှေနန်းတော်ပရိဝုဏ်တွင် မြန်မာ့ရိုးရာစားသောက်ဖွယ်ရာများဖြင့် ကျွေးမွေးဧည့်ခံခဲ့သည်။ အဆိုပါအဖွဲ့တွင် မြန်မာနိုင်ငံကင်းထောက်ကော်မတီဥက္ကဋ္ဌနှင့် အုပ်ချုပ်ရေးအဖွဲ့၊ ကြီးကြပ်သူ ဆရာ/ဆရာမများအပါအဝင် ကင်းထောက် လူငယ်မောင်မယ် အမျိုးသား ၃၀၆ ဦး၊ အမျိုးသမီး ၃၁၃ ဦး စုစုပေါင်း ၆၁၉ ဦး လိုက်ပါခဲ့ကြပြီး ဘုရားဖူးလေ့လာရေးအဖွဲ့ဝင်များသည် ညနေ ၄ နာရီ မိနစ် ၂၀ တွင် ယာယီစခန်းဖွင့်လှစ်ထားရှိရာ ပုပ္ပားအခြေခံပညာအထက်တန်းကျောင်းသို့ ပြန်လည်ရောက်ရှိကြသည်။

ယင်းနောက် ကင်းထောက်လူငယ်မောင်မယ်များသည် ကင်းထောက်အဖွဲ့ဆိုင်ရာ လေ့လာဆန်းစစ်ချက်မေးခွန်းလွှာများကို ဖြေဆိုခဲ့ကြပြီး ည ၇ နာရီတွင် ဂီတပဒေသာအဆိုအကများဖြင့် ပျော်ရွှင်စွာ သီဆိုကခုန်ကြမည်ဖြစ်၍ မတ် ၆ ရက်တွင် နံနက်စာသုံးဆောင်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ပြန်လည်ထွက်ခွာကြမည်ဖြစ်ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**



# တမူးမြို့ (၂၄) နာရီ မီးလင်းရေး နှစ်နိုင်ငံသဘောတူ လက်မှတ်ရေးထိုး

**တမူး　မတ်　၅**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ ၂၄ နာရီ မီးလင်းနိုင်ရေးအတွက် အိန္ဒိယနိုင်ငံနှင့် နှစ်နိုင်ငံသဘောတူအတည်ပြု စာချုပ်လက်မှတ်ရေးထိုးခြင်းကို မတ် ၅ ရက် နံနက် ၁၀ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ယုဇနရိပ်သာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးတင်အောင်၊ ဒုတိယအင်ဂျင်နီယာချုပ် ဦးရဲတိုးသွင်၊ တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးသန့်ထွန်း၊ မြို့နယ်အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးလှမောင်နှင့်အဖွဲ့ဝင်များ၊ မြို့မီးလင်းရေးကော်မတီဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လတ်တို့ တက်ရောက်ခဲ့ပြီး အိန္ဒိယနိုင်ငံ MSPDCL မှ L.Priyokumar (ED/Tuch),L.Jaychauba(G.M)နှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါ နှစ်နိုင်ငံသဘောတူစာချုပ်အား ဖေဖော်ဝါရီ ၁၉ ရက်က အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ပြုလုပ်ခဲ့သည့် မြန်မာ-အိန္ဒိယ တမူးမြို့မီးလင်းရေး သဘောတူလက်မှတ်ရေးထိုးခဲ့သည့်စာချုပ်ကို ထပ်မံအကောင်အထည်ဖော် အတည်ပြုချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ နှစ်နိုင်ငံသဘောတူ စာချုပ်များအရ မတ် ၂၀ ရက် နောက်ဆုံးထားပြီး တမူးမြို့ကို ၂၄ နာရီ မီးပေးနိုင်ရန်၊ မီးပေးရာတွင် ၃ မဂ္ဂါဝပ်အထိ အသုံးပြုနိုင်ပြီး တစ်ယူနစ်လျှင် အိန္ဒိယရူပီး (6 Rs.) နှုန်းဖြင့် ဝယ်ယူရန် သဘောတူပြီး ၂၀၁၇ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ သဘောတူစာချုပ်ချုပ်ဆို၍ အသုံးပြုမှု အတိုးအလျှော့အား တစ်နှစ်တစ်ကြိမ် ပြန်လည်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းနိုင်(တမူး)**

# စာရေးဆရာအသင်း စုံညီအစည်းအဝေးကျင်းပ

**သာယာဝတီ　မတ်　၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် စာရေးဆရာအသင်း မျက်နှာစုံညီအစည်းအဝေးနှင့် ဒုတိယအကြိမ် စာပေညီလာခံကိုယ်စားလှယ်တင်မြှောက်ပွဲကို မတ် ၁ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးရန်လင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဒုတိယဦးစီးမှူး ဒေါ်အိအိအောင်နှင့် မြို့နယ်စာရေးဆရာအသင်းမှ နာယက ဦးလှထွန်းတို့က ညီလာခံကိုယ်စားလှယ်များ ရွေးချယ်တင်မြှောက်ခဲ့သည်။

သာယာဝတီမြို့နယ် စာရေးဆရာအသင်းတွင် ဥက္ကဋ္ဌ ဦးထွန်းလင်း၊ (ပန်းဒကာမောင်ထွန်း)အတွင်းရေးမှူး ဦးမြင့်ချို (ဘုန်းမြင့်ချိုသာယာဝတီ)၊ ဘဏ္ဍာရေးမှူး ဦးကံထူး(သုံးဆယ်ကံထူး)၊ အမှုဆောင် ဦးမောင်မောင်သန်း(တင်မောင်မောင်သန်း သုံးဆယ်) ၊ ဦးခင်မောင်အေး(ထွန်းထွန်းသာယာဝတီ)တို့က ရွေးချယ်တင်မြှောက်ခဲ့ပြီး ဒုတိယအကြိမ် စာပေညီလာခံကိုယ်စားလှယ်အဖြစ် ဦးခင်မောင်အေး(ထွန်းထွန်းသာယာဝတီ)အား ရွေးချယ်ခဲ့ကြကြောင်း သိရသည်။

**မောင်မောင်**

# မြစ်ရေတိုက်စားမှုမှ ကင်းဝေးစေရန် ရေကာတာတည်ဆောက်

**ကသာ　မတ်　၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် မင်္ဂလာရန်ငြိမ်းကျွန်းအနီး ဧရာဝတီမြစ်ကမ်းပါး ပြိုကျရာနေရာ၌ နှစ်စဉ်မြစ်ရေတိုက်စားမှုမှ ကင်းဝေးစေရန်အတွက် အလျားပေ ၁၀၀၀၊ အကျယ်ခုနစ်ပေရှိ ရေကာတာကို မတ် ၅ ရက်က စတင်တည်ဆောက် လျက်ရှိကြောင်း သိရသည်။

"အရင်က ကျွန်တော်တို့ရွာနဲ့ ဧရာဝတီမြစ်ကမ်းပါးက တော်တော်ဝေးတယ်။ နှစ်စဉ်မြစ်ရေတိုးတဲ့အခါမှာ မြစ်ရေတိုက်စားလို့ အခုလို ဧရာဝတီမြစ်ကမ်းပါးနဲ့ ကျွန်တော်တို့ရွာ နီးနီးကပ်ကပ်ဖြစ်သွားတာ သိပ်မကြာသေးဘူး"ဟု ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါ ရေကာတာ တည်ဆောက်ရာသို့ ကသာခရိုင် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်း၊ မြို့နယ် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ အလှူငွေများပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ ရေကာတာ တည်ဆောက်ခြင်းဖြင့် မင်္ဂလာရန်ငြိမ်းကျွန်းကျေးရွာအပါအဝင် ပိုးစာကုန်းကျေးရွာ၊ ရွာသစ်ကျေးရွာနှင့် ပုလွေရွှေကျေးရွာတို့ကို ဧရာဝတီမြစ် ရေတိုက်စားမှုမှ ကင်းဝေးစေမည်ဖြစ်ကြောင်း သိရသည်။

**မောင်ငြိမ်းဝင့်**

❖ *ကျောဖုံးမှ*

ယင်းခွင့်ပြုချက်က အချိန်တစ်နှစ်ပေးထားကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ ၂၀၁၁ ခုနှစ်ကတည်းက နိုင်ငံခြားဘဏ်များကို နိုင်ငံအတွင်း လုပ်ငန်းလည်ပတ်ခွင့်လိုင်စင်များ ခွင့်ပြုပေးလျက်ရှိရာ ယခုတစ်ခါ နိုင်ငံခြားဘဏ်လေးခုအား လုပ်ငန်းလည်ပတ်ခွင့် လိုင်စင်နောက်ထပ်ခွင့်ပြုရန် ဆုံးဖြတ်ချက်မှာ မြန်မာအစိုးရအနေဖြင့် နိုင်ငံအတွင်း လုပ်ငန်းလည်ပတ်ရန် နိုင်ငံခြားဘဏ်များအား ဒုတိယအကြိမ်မြောက် ခွင့်ပြုခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် ၂၀၁၄ခုနှစ်နှောင်းပိုင်းက ထိုင်းနိုင်ငံအပါအဝင် အာရှနိုင်ငံများမှ ဘဏ်ကိုးခုကို နိုင်ငံအတွင်း လုပ်ငန်းလည်ပတ်ခွင့် လိုင်စင်ခွင့်ပြုခဲ့သည်။ မြန်မာနိုင်ငံတွင် ဒေသဆိုင်ရာပုဂ္ဂလိကဘဏ် ၂၄ ခုနှင့် အစိုးရပိုင်ဘဏ်လေးခုရှိကြောင်း သိရသည်။

# အမြန်လမ်းမကြီး ၈၄ မိုင်အနီး မြို့ချောင်းကျေးရွာတွင် မီးလောင်မှုဖြစ်ပွား

**ကျောက်တံခါး　မတ်　၅**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအုပ်စု မြို့ချောင်းကျေးရွာ အမြန်လမ်း မိုင်တိုင်အမှတ် ၈၄ မိုင်အနီး လမ်း၏အရှေ့ဘက် တစ်ဖာလုံခန့်အကွာ ဈေးတန်း (၁) ရပ်ကွက်တွင် မတ် ၅ ရက် မွန်းတည့် ၁၂ နာရီက မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။ **(အောက်ပုံ)**

မီးလောင်မှုဖြစ်ပွားရာသို့ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင့်ကျော်လွင်နှင့် တာဝန်ရှိသူများ၊ ဖြူး၊ တောကျွဲအင်း၊ ကညွတ်ကွင်း၊ ပဲနွယ်ကုန်း၊ ကျောက်တံခါး၊ ဒိုက်ဦး၊ ညောင်လေးပင်၊ ဖဒို၊ မြို့ချောင်း၊ ဥသျှစ်ကုန်းမှ မီးသတ်ယာဉ် ၁၀ စီး၊ ရေသယ်ယာဉ် သုံးစီးတို့ဖြင့် ငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီခွဲတွင် မီးထိန်းနိုင်ခဲ့ပြီး မွန်းလွဲ ၂ နာရီတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်ရသည့်အကြောင်းမှာ မြို့ချောင်းဈေးတန်း (၁) ရပ်ကွက်နေ စီကူမာသည် နေအိမ်မီးဖိုချောင်တွင် ထမင်းချက်ရာမှ စတင်ခဲ့ခြင်းဖြစ်ပြီး နေအိမ်ပေါင်း ၄၂ လုံး မီးလောင်ခဲ့သည်။

မီးဘေးသင့်အိမ်ထောင်စုပေါင်း ၄၂ စုအား မြို့ချောင်းကျေးရွာတွင် ယာယီကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ကာ တာဝန်ရှိသူများနှင့် စေတနာရှင်ပြည်သူများက ထောက်ပံ့ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**



ဓာတ်ပုံ-မြို့နယ် (ပြန်/ဆက်)

# မြန်မာနိုင်ငံမြေငလျင်သမိုင်းတွင် နှစ် ၁၀၀ အတွင်း ငလျင်ကြီးတစ်ကြိမ်လှုပ်လေ့ရှိ ကြောက်စရာမလိုသော်လည်း သတိထားရမည်ဖြစ်ကြောင်း ပညာရှင်များသုံးသပ်ပြောကြား

သတင်း-မင်းသစ်
ဓာတ်ပုံ-မြန်မာနိုင်ငံမြေငလျင်ကော်မတီ

ရန်ကုန် မတ် ၅

**မြန်မာနိုင်ငံ မြေငလျင်သမိုင်းတွင် နှစ်ပေါင်း ၁၀၀ အတွင်း ငလျင်ကြီးတစ်ကြိမ်လှုပ်လေ့ရှိကြောင်း၊ စစ်ကိုင်းပြတ်ရွေ့၏ အစိတ်အပိုင်းဖြစ်သည့် ပဲခူးငလျင်သည်လည်း နှစ်ပေါင်း ၈၀ နှင့် ၁၀၀ ကြား လှုပ်ရန် ခန့်မှန်းထားသည့်အတွက် လှုပ်ခတ်ရန်အခွင့်အလမ်းများရှိနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံမြေငလျင်ကော်မတီမှ သိရသည်။**

"တခြားသဘာဝ ဘေးအန္တရာယ်တွေက ဘယ်အချိန် ဘာဖြစ်မယ်ဆိုတာ ခန့်မှန်းတွက်ချက်လို့ ရတယ်။ ငလျင်က ကြိုတင်တွက်ချက်လို့မရဘူး။ သတိတော့ထားရမယ်။ ကြောက်စရာတော့မလိုဘူး။ ခန့်မှန်းထားတဲ့နှစ်ထက်စောပြီး လှုပ်မယ်ဆိုရင်တော့ ပြင်းအားကသေးပါတယ်။ ငလျင်က လှုပ်ဖို့အတွက် အချိန်ကြာလေလေ ပြင်းအားကြီးလေလေပဲ။ နှစ်ပေါင်း ၈၀ နဲ့ ၁၀၀ ကြား လှုပ်မယ်ဆိုရင် ရစ်ချ်တာစကေး ၇ ဝန်းကျင်လောက်ရှိမယ်။ အဲဒီအချိန်မှ မလှုပ်ဘဲ နောင်နှစ် ၁၅၀၊ ၂၀၀ မှ လှုပ်မယ်ဆိုရင် ပြင်းအားပိုကြီးသွားနိုင်တယ်" ဟု မြန်မာနိုင်ငံ မြေငလျင်ကော်မတီ အတွင်းရေးမှူး ဒေါက်တာမျိုးသန့်က ပြောသည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် ရန်ကုန် မြစ်ဝကိုဗဟိုပြု၍ ရစ်ချ်တာစကေး ၄ ဒသမ ၈ ငလျင်နှင့် နောက်ဆက်တွဲ ငလျင်ငယ် သုံးကြိမ်လှုပ်ခတ်ခဲ့ပြီး ဖေဖော်ဝါရီ ၂၄ ရက်ကလည်း ဒေးဒရဲမြို့တောင်၊ အရှေ့တောင်ဘက် ၁၅ မိုင်အကွာတွင်လည်း ရစ်ချ်တာစကေး ၄ ဒသမ ၄ အဆင့်ရှိ ငလျင်များ လှုပ်ခတ်ခဲ့ကြောင်း ငလျင်မှတ်တမ်းများအရ သိရသည်။

ရန်ကုန်မြစ်ဝကိုဗဟိုပြု၍ လှုပ်ခတ်ခဲ့သည့် ငလျင်သည် စစ်ကိုင်းပြတ်ရွေ့ကြော၏ တောင်ဘက်စွန်းအစိတ်အပိုင်းပေါ်၌ ကျရောက်နေပြီး ယင်းအစိတ်အပိုင်းမှာလည်း ဗဟိုကျရောက်နေကြောင်း ဒေါက်တာမျိုးသန့်က ပြောသည်။

ရန်ကုန်မြို့ရှိ အထပ်မြင့်အဆောက်အအုံများနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဥက္ကဋ္ဌ ဦးဝင်းခိုင်က "အမိကသတ်မှတ်ထားတဲ့အမြင့်ရှိတဲ့ အထပ်မြင့်အဆောက်အအုံတွေကို မြေငလျင်ဒဏ်ခံနိုင်အောင် ဆောက်ရမယ်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီကဖွဲ့ထားတဲ့ အဆောက်အအုံစစ်ဆေးရေး အဖွဲ့တွေကလည်း ၁၂ ထပ်ခွဲထိ စစ်ဆေးတယ်။ အိုးအိမ်ကဖွဲ့ထားတဲ့ အဖွဲ့ကတော့ ၁၂ ထပ်ခွဲထက်မြင့်တဲ့ အဆောက်အအုံတွေကို စစ်တယ်"ဟု ပြောသည်။

မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနမှ အထပ်မြင့်အဆောက်အအုံများကို စံချိန်စံညွှန်းနှင့်အညီ ဆောက်လုပ်နိုင်ရန်အတွက် ပညာရှင်များဖြင့် အထပ်မြင့်အဆောက်အအုံများ အရည်အသွေး ထိန်းသိမ်းရေးအဖွဲ့ကို ၂၀၁၃ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ကြောင်းသိရသည်။

"စစ်ဆေးရေးအဖွဲ့တွေ ဖွဲ့ပြီးနောက်ပိုင်းဆောက်တဲ့ အဆောက်အအုံတွေကတော့ ပူစရာမလိုဘူး။ အဲဒီကာလမတိုင်ခင် ဆောက်တဲ့ အဆောက်အအုံတွေကိုတော့ စိစစ်ဖို့လိုတယ်။ ဒါပေမယ့် ဒီအဆောက်အအုံတွေကလည်း နိမ့်တဲ့အဆောက်အအုံများပါတယ်။ လေးထပ်ကနေ ရှစ်ထပ်အထိဆောက်တဲ့ အဆောက်အအုံလေးတွေရှိတယ်။ တချို့ကတော့ ကောင်းကောင်း ဆောက်တယ်။ တချို့လည်း အားနည်းတဲ့အဆောက်အအုံတွေရှိတယ်"ဟု ဦးဝင်းခိုင်က ပြောသည်။

"ရန်ကုန်မြို့ဆိုတာ သတိထားသင့်တဲ့မြို့ပါ၊ ငလျင်လှုပ်လို့မှ မဟုတ်ဘဲ ငလျင်နဲ့ပတ်သက်ပြီဆိုရင် မြို့ကြီးလည်းဖြစ်တယ်။ လူဦးရေလည်း ထူထပ်တယ်။ ဖွံ့ဖြိုးမှုကလည်း မြန်ဆန်လာတော့ သတိတော့ ထားရမယ်။ ဒါက ဖွံ့ဖြိုးရေးအပိုင်းကကြည့်တာပါ။ ငလျင်လှုပ်ပြီဆိုရင် အဓိကကျတဲ့အချက်တွေက လူဦးရေထူထပ်တာ၊ အဆောက်အအုံများတာကလည်း အဓိကအချက်ပါ"ဟု ဒေါက်တာမျိုးသန့်က ပြောသည်။

"နောက် အဓိကအချက်က ရန်ကုန်မြို့က စစ်ကိုင်းပြတ်ရွေ့ အနောက်ဘက် ၂၅ ကီလိုမီတာ လောက်အကွာအဝေးမှာ ရှိနေတာ၊ ပဲခူးငလျင်လှုပ်ဖူးထားတဲ့ Segment နဲ့နီးနေတယ်။ ပဲခူးငလျင်ကလည်း ၁၉၃၀ လောက်မှာ ဆက်တိုက်လှုပ်ခဲ့တာဆိုတော့ စစ်ကိုင်းပြတ်ရွေ့က ဒီ အစိတ်အပိုင်းကလှုပ်မယ်ဆိုရင် ရစ်ချ်တာစကေးက ၇ အထက် လှုပ်နိုင်ပါတယ်"ဟု ၎င်းက သုံးသပ်ပြောကြားသည်။

စစ်ကိုင်းပြတ်ရွေ့သည် ဘင်္ဂလားပင်လယ်မှ ပဲခူး၊ တောင်ငူ၊ စစ်ကိုင်း၊ မန္တလေးမှ မြောက်ဘက် ကချင်ပြည်နယ် ပူတာအိုထိ အပိုင်းလိုက် ကီလိုမီတာ ၁၂၀၀ ခန့်ရှိကြောင်း မြန်မာနိုင်ငံ မြေငလျင်ကော်မတီက သုံးသပ်ထားသည်။

မြန်မာနိုင်ငံ မြေငလျင်ကော်မတီသည် မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ UN နှင့် NGO များနှင့်ပူးပေါင်းပြီး မြေငလျင်အသိပညာပေး ဟောပြောပွဲများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတို့က မြေငလျင်လှုပ်ရှားမှုကို လေ့လာရန်နှင့် ငလျင်ကြောင့်ဖြစ်ပေါ်သောဘေးအန္တရာယ် လျော့ပါးစေရန်အတွက် ၁၉၆၁ ခုနှစ်တွင် ရန်ကုန်မြို့ ကမ္ဘာအေးမြေငလျင်စခန်းကိုလည်းကောင်း၊ ၁၉၆၆ ခုနှစ်တွင် မန္တလေး မြေငလျင်စခန်းကို လည်းကောင်း၊ ၁၉၈၄ ခုနှစ်တွင် စစ်တွေမြေငလျင်စခန်းကိုလည်းကောင်း၊ ၁၉၈၅ ခုနှစ်တွင် ထားဝယ်မြေငလျင်စခန်းကိုလည်းကောင်း တည်ဆောက်ခဲ့သည်။

မြန်မာနိုင်ငံ၌ ၁၈၃၉ ခုနှစ် အင်းဝ၊ အမရပူရတွင် ရစ်ချ်တာစကေး ၈ ဒသမ ဝ ခန့်ရှိ ငလျင်၊ ၁၈၅၈ ခုနှစ်တွင် သရက်မြို့၌ ရစ်ချ်တာစကေး ၇ ဒသမ ၅ ခန့်ရှိ ငလျင်၊ ၁၉၃၀ ပြည့်နှစ်တွင် ပဲခူးမြို့၌ ရစ်ချ်တာစကေး ၇ ဒသမ ၃ ခန့်ရှိငလျင်နှင့် ဖြူးမြို့၌ ရစ်ချ်တာစကေး ၇ ဒသမ ၃ ခန့်ရှိ ငလျင်၊ ၁၉၄၆ ခုနှစ်တွင် တကောင်းမြို့၌ ရစ်ချ်တာစကေး ၇ ဒသမ ၅ ခန့်ရှိ ငလျင်၊ ၁၉၅၆ ခုနှစ်တွင် စစ်ကိုင်းမြို့၌ ရစ်ချ်တာစကေး ၆ ဒသမ ၅ ခန့်ရှိ ငလျင်၊ ၁၉၇၅ ခုနှစ်တွင် ပုဂံမြို့၌ ရစ်ချ်တာစကေး ၆ ဒသမ ၈ ခန့်ရှိ ငလျင်၊ ၁၉၉၁ ခုနှစ်တွင် တကောင်းမြို့၌ ရစ်ချ်တာစကေး ၇ ဒသမ ၁ ခန့်ရှိငလျင်၊ ၂၀၀၃ ခုနှစ်တွင် တောင်တွင်းကြီး၌ ရစ်ချ်တာစကေး ၆ ဒသမ ၇ ခန့်ရှိ ငလျင်၊ ၂၀၁၁ ခုနှစ်တွင် ရှမ်းပြည်နယ်အရှေ့ပိုင်း တာလေမြို့၌ ရစ်ချ်တာစကေး ၆ ဒသမ ၈ ရှိ ငလျင်နှင့် ၂၀၁၂ ခုနှစ်တွင် သပိတ်ကျင်းမြို့၌ ရစ်ချ်တာစကေး ၆ ဒသမ ၈ ရှိ ငလျင်ကြီးများလှုပ်ခဲ့ကြောင်း ငလျင်မှတ်တမ်းများအရ သိရသည်။

၂၀၁၂ ခုနှစ် သပိတ်ကျင်းမြို့တွင် လှုပ်ခဲ့သည့် ရစ်ချ်တာစကေး ၆ ဒသမ ၈ ရှိ ငလျင်သည် ၁၉၄၆ ခုနှစ်က တကောင်းမြို့၌ လှုပ်ခဲ့ပြီး နှစ်ပေါင်း ၆၀ အကြာတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ မြေငလျင်ကော်မတီမှ သိရသည်။

မြေငလျင်ကြီးများ လှုပ်ပြီးနောက် နောက်ဆက်တွဲ ဘေးအန္တရာယ်များအဖြစ် နောက်ဆက်တွဲငလျင်များ၊ မြို့ပြမီးဘေးအန္တရာယ်များ၊ ရေကာတာများကျိုးပျက်၍ ရေကြီးခြင်းများ၊ တောင်ပြိုခြင်း၊ မြေပြိုခြင်းများ၊ ရွှံ့မီးတောင်များ ပေါက်ကွဲပန်းထွက်ခြင်းများ၊ ဆူနာမီရေလှိုင်းဖြစ်ပေါ်ခြင်းများနှင့် ကောလာဟလသတင်းလွှင့်ခြင်းများ ဖြစ်ပေါ်နိုင်သည့်အတွက် သတိထားရန် လိုအပ်ကြောင်း ငလျင်ပညာရှင်များက ပြောသည်။

ထူးခြားမှုအနေဖြင့် ကမ္ဘာ့မြေငလျင်များလှုပ်ခဲ့သည့် သမိုင်းတွင် ၁၉၇၅ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ မန်ချူးရီးယားပြည်နယ်၌ ငလျင်ကြီးလှုပ်မည်ကို ငလျင်ပညာရှင်များက ကြိုတင်သတိပေးမှုများ ပြုလုပ်နိုင်ခဲ့ကြောင်း ငလျင်မှတ်တမ်းများအရ သိရသည်။



**၂၀၁၂ ခုနှစ်တွင် သပိတ်ကျင်းမြို့၌ ရစ်ချ်တာစကေး ၆ ဒသမ ၈ ရှိ ငလျင်ကြီးလှုပ်ခတ်မှုကြောင့် ဧရာဝတီမြစ်ကူး ရတနာသိင်္ဃတံတား ပြိုကျပျက်စီးမှုကို တွေ့ရစဉ်။**




☆ *ကျောဖုံးမှ*

AA သောင်းကျန်းသူအဖွဲ့သည် ၂၀၁၅ ခုနှစ် မတ်လအတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ဒေသ နယ်ခြားမှတ်တိုင်အမှတ် (၆၈) နှင့် (၇၁)အကြား နယ်မြေများသို့ စတင်ဝင်ရောက်လှုပ်ရှားခဲ့ပြီး နယ်စပ်ဒေသမှတစ်ဆင့် အတွင်းပိုင်းဖြစ်သည့် ပလက်ဝ၊ ကျောက်တော်နယ်မြေများသို့ အခြေခံနယ်မြေတည်ဆောက်ရန် ရည်ရွယ်ချက်ဖြင့် ဝင်ရောက်လာခဲ့ရာ တပ်မတော်စစ်ကြောင်းများက ဒေသခံပြည်သူလူထုနှင့် ပူးပေါင်း၍ နယ်မြေရှင်းလင်းခြင်းများ လုပ်ဆောင်ခဲ့သဖြင့် သောင်းကျန်းသူများသည် တစ်ဖက်နိုင်ငံအတွင်းသို့ ပြန်လည်ထွက်ခွာသွားပြီးနောက် ယခုကဲ့သို့ တပ်မတော်စစ်ကြောင်းများအား ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်ခြင်းဖြစ်ကြောင်း သိရသည်။

(မြဝတီ)

# ရခိုင်ပြည်နယ်အတွင်း သောက်သုံးရေကန် ၁၃၂ ကန်ကို မတ်လကုန်တွင် ပြီးစီးအောင်ဆောင်ရွက်မည်

**စစ်တွေ မတ် ၅**

အယ်နီညိုရာသီဥတုကြောင့် ဖြစ်ပေါ်လာမည့် ရေရှားပါးမှုပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်မှ ကျေးရွာပေါင်း ၁၃၁ ရွာတွင် ရေကန်ပေါင်း ၁၃၂ ကန်ကို မတ်လကုန်တွင် ပြီးစီးအောင် တူးဖော်သွားမည်ဖြစ်ကြောင်း မတ် ၃ ရက်က ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသော အယ်နီညိုရာသီဥတု ကြိုတင်ကာကွယ်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတင်မောင်ဆွေက ပြောသည်။

အဆိုပါမြို့နယ်များမှာ ရခိုင်ပြည်နယ်အတွင်း ရေပြတ်လပ်နိုင်သည့် မြို့နယ်များဖြစ်သော ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ ရသေ့တောင်၊ ပေါက်တော၊ မြေပုံနှင့် မင်းပြားမြို့နယ်တို့ဖြစ်ပြီး ပုဏ္ဏားကျွန်းမြို့နယ်တွင် ၂၇ ကန်၊ ကျောက်တော်မြို့နယ်တွင် ကန် ၂၀၊ မြောက်ဦးမြို့နယ်တွင် လေးကန်၊ ရသေ့တောင်မြို့နယ်တွင် ၁၀ ကန်၊ ပေါက်တောမြို့နယ်တွင် ၄၆ ကန်၊ မြေပုံမြို့နယ်တွင် ၁၅ ကန်နှင့် မင်းပြားမြို့နယ်တွင် ၁၀ ကန်တို့ ဖြစ်ကြောင်း သိရသည်။

ယင်းရေကန်များကို သက်ဆိုင်ရာကုမ္ပဏီများမှ မတ် ၃၁ ရက် နောက်ဆုံးထား အပြီးသတ်တူးဖော်ရမည်ဖြစ်ကြောင်း သိရသည်။ မိုးလေဝသပညာရှင် ဦးထွန်းလွင်၏ခန့်မှန်းချက်အရ အယ်နီညိုဖြစ်စဉ်တွင် ဧပြီလလယ်အတွင်း မိုးများရွာသွန်းနိုင်ကြောင်း ခန့်မှန်းထားသည်။

ထို့အပြင် မီးသတ်ဦးစီးဌာနအနေဖြင့်လည်း သောက်သုံးရေရရှိရေး အတွက် မီးသတ်ယာဉ် ကိုးစီး၊ ရေသယ်ယာဉ် ငါးစီးကို အရန်ထားရှိမည်ဖြစ်ကြောင်း၊ ထို့ပြင် တစ်မြို့နယ်တွင် ဒီဇယ်ဆီဂါလန် ၆၀၀ ကို မီးဘေး၊ ရေဘေး၊ သဘာဝဘေးအန္တရာယ်ကြုံလာသောအခါ လုပ်သားပြည်သူများ အတွက် သောက်ရေသုံးရေများ အခက်အခဲရှိပါက မီးသတ်တပ်ဖွဲ့ ရန်ပုံငွေမှ အသုံးပြုရန် စီစဉ်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

မီးဘေးကာကွယ်ရေးအနေဖြင့် မီးသတ်ရေကန်များအနေနှင့် ရေလှောင်ရန် အဆင်ပြေသော နေရာများတွင် မီးသတ်ရေကန်များနှင့် ရေလှောင်ထားရှိကြောင်း၊ ပင်လယ်ကမ်းနားဒေသများတွင် မီးလောင်သောအခါ မီးငြိမ်းသတ်နိုင်ရန်အတွက် ချဉ်းကပ်နေရာများ၊ ရေစုပ်စက်များချနိုင်အောင်၊ အပူရှိန်မြင့်တက်လာသောအခါ ပြည်သူများ၏ပေါ့ဆမှုကြောင့် မီးလောင်မှုများမဖြစ်နိုင်အောင် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်များအနက် ရခိုင်ပြည်နယ်သည် ရေချိုရှားသော ပြည်နယ်တစ်ခုဖြစ်ပြီး ရေချို၊ ရေကောင်းရေသန့်ရရှိမှုမှာ ၃၇ ဒသမ ၇ ရာခိုင်နှုန်းသာရှိသည့်အတွက် မြန်မာနိုင်ငံတွင် ရေချိုရရှိမှုအနိမ့်ဆုံးဒေသ တစ်ခုဖြစ်ကြောင်း သိရသည်။ ရခိုင်ပြည်နယ်တွင်း ရေကောင်းရေသန့် ရရှိသုံးစွဲမှုမှာ သံတွဲခရိုင်တွင် ၇၈ ရာခိုင်နှုန်း၊ မောင်တောခရိုင်တွင် ၄၆ ဒသမ ၂ ရာခိုင်နှုန်းနှင့် ကျောက်ဖြူခရိုင်တွင် ၄၄ ဒသမ ၈ ရာခိုင်နှုန်း၊ စစ်တွေခရိုင်တွင် ၂၇ ဒသမ ၇ ရာခိုင်နှုန်း၊ မြောက်ဦးခရိုင်တွင် ၁၆ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်း အစိုးရအဖွဲ့ညွှန်ကြားရေးမှူး ဦးမိုးဟိန်းက ပြောသည်။

နိုင်ငံတကာတွင် အယ်နီညိုရာသီဥတုကြောင့် ငါးဖမ်းလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများ လုံးဝပြိုလဲသွားခဲ့သည့် သာဓကများလည်းရှိသည်။ မြန်မာနိုင်ငံ၌ ၁၉၉၈ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်က အဆိုးဆုံးအဆင့် အယ်နီညို ဖြစ်ခဲ့ဖူးသည်။ ထို့အပြင်လည်း ကမ္ဘာ့မိုးလေဝသ စောင့်ကြည့်ခန့်မှန်းရေး အဖွဲ့များကလည်း ယခုနှစ် တစ်ကမ္ဘာလုံး ကြုံတွေ့ရမည့် အယ်နီညို ရာသီဥတုသည် ကမ္ဘာ့သမိုင်းတွင် စတုတ္ထမြောက် အပြင်းထန်ဆုံး ရာသီဥတု ဖြစ်လိမ့်မည်ဟု ခန့်မှန်းထားသည်။

သို့ဖြစ်၍ ရခိုင်ပြည်နယ်အတွင်း လက်ရှိဖြစ်ပေါ်နေသည့် အယ်နီညို ဖြစ်စဉ်နှင့် နောက်ဆက်တွဲ ဖြစ်ပေါ်လာနိုင်သည့် အကျိုးသက်ရောက်မှုများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများအလိုက် စီမံချက်များရေးဆွဲ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြတ်ဝေ**

# မန္တလေးတိုင်းဒေသကြီး အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်း မကြာမီဆောင်ရွက်မည်

**မန္တလေး မတ် ၅**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းကို ရှမ်းကလေးကျွန်းတွင် တိုင်းဒေသကြီးအတွင်း ခေတ်မီပြီး စနစ်ကျသည့် မြို့ပြစနစ် ပေါ်ထွန်းရေးအတွက် Mandalay Business Capital City Development Co.,Ltd မှ ဒေသခံများအားချပြ၍ မကြာမီ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယင်းကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးစံဖုန်းတင့်က ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကမ်းဘေးတွင် နှစ်စဉ် ရေလွှမ်းမိုးသည့် ရေမြုပ်ကွင်းများကာကွယ်ပြီး မြေနုကျွန်းများဖော်ထုတ်နိုင်မည်ဖြစ်ကြောင်း၊ စီမံကိန်းဧရိယာတွင် ရွာမြေဖြစ်ပါက ယင်းအကျယ်အဝင်းအတိုင်း ဖွံ့ဖြိုးပြီး မြို့ပြမြေများအဖြစ် ပြန်လည်ပေးအပ်မည်ဖြစ်ကြောင်း၊ မူလအဆောက်အအုံအရွယ်အစားအတိုင်း ပိုမိုကောင်းမွန်သည့် အဆောက်အအုံများအတိုင်း ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရှမ်းကလေးကျွန်း မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းနေရာ။

"ရွာတွေ ပြောင်းရွှေ့ဖို့မလိုဘဲ လုပ်ဆောင်သွားမှာပါ။ ဖွံ့ဖြိုးပြီး မြေနှင့် အဆောက်အအုံတွေပါဝင်တဲ့ အဆောက်အအုံသစ်များရမှ ပြောင်းရွှေ့ရမှာပါ။ ဆက်လက်နေထိုင်ချင်ရင် ပြောင်းရွှေ့ရန်မလိုဘဲ ပြန်လည်ပေးအပ်မည့် ဖွံ့ဖြိုးပြီးမြို့မြေနှင့် လက်ရှိရွာမြေနှင့် နှိုင်းယှဉ်ရင်ပိုမိုကောင်းမွန်နေလို့ပါ" ဟု ဦးစံဖုန်းတင့်က ပြောသည်။

အဆိုပါ စီမံကိန်းဧရိယာအတွင်း လယ်မြေများမပါဝင်ဘဲ ယာမြေ/ ကိုင်းမြေနှင့် ရေမြုပ်မြေများပါဝင်ကြောင်း၊ ယင်းမြေများကို သက်ဆိုင်သည့်ပိုင်ဆိုင်သူများအား မူလပိုင်ဆိုင်မှုတန်ဖိုးထက် ပိုမိုသည့် ဖွံ့ဖြိုးပြီးမြို့မြေများကို ရာနှုန်းတစ်ခုနှင့် ပြန်လည်ပေးအပ်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းအချက်အလက်များကို အသေးစိတ်သီးခြားရှင်းလင်းသွားမည်ဖြစ်ပြီး Information Centerများ ထားရှိမည်ဖြစ်ကြောင်း သိရသည်။

"ပြည်တွင်း ကုမ္ပဏီတစ်ခုက မြို့ပြစီမံကိန်းအဖြစ် ကနဦးအနေဖြင့် ရှမ်းကလေးကျွန်းနဲ့ နံကပ်အင်းကို မြို့ပြစီမံကိန်းအဖြစ်လုပ်မယ်။ ရှမ်းကလေးကျွန်း မြို့ပြဖွံ့ဖြိုးရေးအတွက် ဧက ၂၀၀၀ ကျော်ကို ဇုန်တစ်ခုသတ်မှတ်ပြီး အခြေခံအဆောက်အအုံတွေပါမယ့်အပြင် အသက်မွေးဝမ်းကျောင်း သင်တန်းတွေနဲ့ အငှားအိမ်ရာများနဲ့ ဆေးရုံ၊ ဟိုတယ်၊ ဈေးဝယ်စင်တာတွေ ပါဝင်မယ်။ မန္တလေးမြို့ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒေသခံတွေ အကျိုးစီးပွားအတွက် ဒီစီမံကိန်းဆောင်ရွက်တာဖြစ်ပါတယ်" ဟု မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်းက ပြောသည်။

နိုင်ငံတကာ စံချိန်စံညွှန်းအတိုင်း၊ နိုင်ငံတော်မှ ချမှတ်သည့် စည်းကမ်းဥပဒေများနှင့်အညီ မန္တလေးနှင့် ရန်ကုန်မှ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး ဒေသခံများကိုလည်း စီမံကိန်းမှာ ပါဝင်နိုင်ကာ အစိတ်အပိုင်းအားလုံးတွင် ပါဝင်ခွင့်ရအောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လုပ်အားနှင့် သော်လည်းကောင်း၊ လုပ်ငန်းပါဝင်ဆောင်ရွက်ခြင်း လည်းကောင်း၊ ငွေကြေးရင်းနှီးမြှုပ်နှံမှု ခွင့်ပြုပေးမယ်။ စီမံကိန်းအတွင်း အများနှင့်သက်ဆိုင်သည့် သာသနိကအဆောက်အအုံများနှင့် ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်း၊ ဆေးရုံ၊ ဆေးခန်း၊ အုပ်ချုပ်ရေးဆိုင်ရာ ပညာရေး၊ အားကစားဆိုင်ရာများ၊ အားကစားဆိုင်ရာများ ပါရှိမည့်အပြင် အထူးသဖြင့် မြန်မာ့ယဉ်ကျေးမှု ဗဟိုဌာနတစ်ခု ပါဝင်တည်ဆောက်သွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။

ယင်းစီမံကိန်းဆောင်ရွက်ရန် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် Mandalay Business Capital City Development Co.,Ltd တို့ မတ် ၁ ရက်က နှစ်ဖက်သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းကို တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ပြုလုပ်ခဲ့သည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မော်လမြိုင်မြို့ တိုးချဲ့ကမ်းနားလမ်း အဆင့်(၆)စီမံကိန်း မတ်လအပြီးဆောင်ရွက်မည်

**မော်လမြိုင် မတ် ၅**

မော်လမြိုင်မြို့ ဘိုကုန်းရပ်ကွက် ညောင်လေးပင်ချောင်းမှ ကွင်းရပ်ကျောက်မီးသွေးရုံအထိ တိုးချဲ့ကမ်းနားလမ်း အဆင့်(၆)စီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှုများကို မတ်လအတွင်းပြီးစီးအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

"အခု ခင်းသွားမယ့်လမ်းက ကတ္တရာလမ်းပါ။ လမ်းအကျယ် ပေ ၄၀ ရှိပြီး လူသွားလမ်းပလက်ဖောင်း တစ်ဖက်ကို ၈ ပေအကျယ်ရှိပါတယ်။ တိုးချဲ့တဲ့လုပ်ငန်းစဉ်ထဲမှာ တံတားငါးစင်းပါပါမယ်။ တံတားသုံးစင်းက ပေ ၂၀ ရှည်ပြီး နှစ်စင်းက ပေ ၄၀ အရှည်ရှိပါတယ်။ စီမံကိန်းလုပ်ငန်းတွေကို မတ်လအတွင်း အပြီးဆောင်ရွက်သွားမှာပါ" ဟု ဆောက်လုပ်ရေးစီမံကိန်း မန်နေဂျာ ဦးမိုးကျော်က ပြောသည်။ တိုးချဲ့ကမ်းနားလမ်း အဆင့်(၆)စီမံကိန်းကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွင်းက စတင်ဆောင်ရွက်ခဲ့ပြီး လမ်းပေအရှည်မှာ ပေ ၄၆၅၀ ရှိကြောင်း၊ တိုးချဲ့လမ်းစီမံကိန်းတွင် ခံနိုင်ဝန်မှာ ၇၅ တန်အထိရှိသော တံတားငါးစင်းအပါအဝင် စီမံကိန်းတစ်ခုလုံး ကုန်ကျငွေမှာ ကျပ်သိန်းပေါင်း ၁၀၀၀၀ ကျော်ရှိကြောင်း သိရသည်။ စီမံကိန်းကြီးပြီးစီးသွားပါက ပြည်သူများအနေဖြင့် ယာဉ်အန္တရာယ်မှ ကင်းဝေးနိုင်သည့်အပြင် ကမ်းနားလမ်းတစ်လျှောက် လူသွားလမ်းပလက်ဖောင်းပေါ်တွင် ဒေသခံပြည်သူများ လေညှင်းခံလမ်းလျှောက်နိုင်မည့် အပန်းဖြေစရာနေရာလည်း ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(မော်လမြိုင်)**



# မြန်မာ့ရိုးရာ ကျေးလက်အကပြိုင်ပွဲ ကရင်ဒုံးအဖွဲ့ ပထမဆုဆွတ်ခူး

**ရန်ကုန် မတ် ၅**

မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းက ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာကျေးလက်အကပြိုင်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်း မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ယင်းပြိုင်ပွဲ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အဖွဲ့ ၁၂ ဖွဲ့က မြန်မာ့ရိုးရာတောရွာဓလေ့ကျေးလက်သဘာဝသရုပ်ဖော်အကများဖြင့် ယှဉ်ပြိုင်ကြရာ ကရင်ဒုံးအဖွဲ့က ညီညာဖျဖျစည်းလုံးကြ ဒုံးအကဖြင့် ပထမ၊ ကချင်အဖွဲ့က မနောအလှဝေဆီ ဂျိမ်းဖောဌာနေအကဖြင့် ဒုတိယ၊ ဆောင်းချယ်ရီအကအဖွဲ့က ကောက်သစ်စားပွဲည ရှမ်းရိုးရာအကဖြင့် တတိယရရှိသွားကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# ဗန်းမောက်မြို့နယ် ဘူးတောင်းကျေးရွာအနီး မဲဇာမြစ်အတွင်းမှ ရွှေတူး၊ ရွှေရှာလုပ်ငန်းများရပ်နား

**ဗန်းမောက် မတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် ဘူးတောင်းကျေးရွာအနီး မဲဇာမြစ်အတွင်းမှ ရွှေတူးခြင်း၊ ရွှေရှာခြင်းလုပ်ငန်းများသည် ဖေဖော်ဝါရီလကုန်ပိုင်းက ရပ်နားသွားပြီဖြစ်ကြောင်းသိရသည်။

"မဲဇာမြစ်ထဲမှာ လုပ်ကိုင်နေကြတဲ့ ရွှေမှော်ကတော့ အခုရက်ပိုင်းအတွင်းမှာ ရပ်သွားပါပြီ။ ဘာကြောင့်လဲဆိုတော့ ဖေဖော်ဝါရီ ၁၈ ရက်ညက ဆိုင်ကယ်နှစ်စီးနဲ့ လူလေးယောက်ရောက်လာပါတယ်။ သူတို့က သူတို့ကိုယ်သူတို့ ကေအိုင်အေကလို့ပြောပြီး ရွှေမျှောလုပ်ကိုင်တဲ့ လူတွေကိုခေါ်ပြီးတော့ ငွေကျပ်တစ်ရာ့ရှစ်ဆယ့်လေးသိန်း တောင်းသွားပါတယ်" ဟု ဘူးတောင်းကျေးရွာသားတစ်ဦးက ပြောကြားသည်။

အဆိုပါ ဒေသသည် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်ဖြစ်ပြီး ကချင်ပြည်နယ် မိုးညှင်းမြို့နယ်နှင့် ဆက်စပ်ဒေသဖြစ်သည်။

ဆက်စပ်ဒေသဖြစ်သည့်အတွက် တစ်ခါတစ်ရံ လက်နက်ကိုင်အဖွဲ့များက ရွှေလုပ်ငန်းရှင်များထံတွင် ဆက်ကြေးကောက်ဆင်းလေ့ရှိကြောင်း သိရသည်။

ယခု ဖေဖော်ဝါရီလကုန်ရက်များအတွင်း ကေအိုင်အေ အမည်ခံ၍ ရွှေမျှောများ၌ ငွေလာကောက်သူများကို ရွှေလုပ်ကိုင်သူအချို့က "အခုငွေလာကောက်တဲ့သူတွေဟာ ကေအိုင်အေ မဖြစ်နိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ ဖိုးသမားတွေ အကြံအဖန်လုပ်တာဖြစ်နိုင်ပါတယ်။ လာတာက ဆိုင်ကယ်နဲ့ဆိုတော့၊ နောက်ပြီးချက်ချင်းကြီး ငွေတောင်းပြီးတော့ လစ်တာမြန်တယ်" ဟု ပြောခဲ့သည်။ ကေအိုင်အေအမည်ခံ၍ မည်သူမည်ဝါ ငွေတောင်းသွားသည်ကို မသိသော်လည်း ငွေတောင်းသူက ရွှေမျှောလုပ်ကိုင်သူများကို ကေအိုင်အေ ရင်း (၃၅)မှ ဒုတပ်ရင်းမှူး ဂျံစံဟုပြောပြီး ငွေတောင်းယူသွားခြင်းဖြစ်ကြောင်း သိရသည်။

ယခု ဖေဖော်ဝါရီလကုန် မတ်လဆန်းရက်များအတွင်း တပ်မတော်စစ်ကြောင်းများက ဗန်းမောက်မြို့နယ် ဘူးတောင်းကျေးရွာအနီးရှိ မဲဇာမြစ်အတွင်း တရားမဝင် ရွှေတူးဖော်လုပ်ကိုင်နေကြသူများကို တားမြစ်ကာ အင်းတော်မြို့နယ် ကျေးရွာများဘက်သို့ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် နယ်မြေစိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း သိရသည်။

**သန်းမောင်လေး(ကချင်မြေ)**



# ဆီဘောက်ဆာယာဉ် အရှိန်မထိန်းနိုင်ဘဲ ချောက်အတွင်း ထိုးကျ

**တောင်ကြီး မတ် ၅**

တောင်ကြီး-အေးသာယာအဆင်းလမ်း မိုင်တိုင်အမှတ် (၁၁၂/၀)နှင့် (၁၁၂/၁)အကြားတွင် တောင်ကြီးဘက်မှ အေးသာယာဘက်သို့ ယာဉ်မောင်း ဦးကျော်ဆွေဝင်း (၄၇နှစ်) မောင်းနှင်လာသော ယာဉ်အမှတ် 9G/---- ၂၂ ဘီး ဆီဘောက်ဆာယာဉ် (ဆီမပါ) ကို မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်ခြမ်းပေ ၁၅၀ ခန့်ရှိချောက်အတွင်းသို့ မတ် ၄ ရက် ညသန်းခေါင်ကျော်က ထိုးကျတိမ်းမှောက်ခဲ့သည်။ **(အောက်ပုံ)**

ယင်းယာဉ်တိမ်းမှောက်မှုကြောင့် ဆီဘောက်ဆာယာဉ်တွင် ရှေ့ခေါင်းပိုင်းကြေမွ ပျက်စီးခဲ့ကာ လူတစ်ဦးတစ်ယောက်မျှ ဒဏ်ရာမရကြောင်း သိရှိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**








# အင်းတော်မြို့နယ်၌ မော်တော်ယာဉ်တစ်စီး လမ်းဘေးထိုးကျမှုဖြစ်

**မော်လူး မတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ စီးမော်ကျေးရွာအုပ်စု စီပိန်းကျေးရွာအနီး၌ မတ် ၅ ရက် နံနက် ၈ နာရီခန့်တွင် ဝက်တင်ခြောက်ဘီး မော်တော်ယာဉ်တစ်စီး လမ်းဘေးမြောင်းထဲထိုးကျမှုဖြစ်ပွားခဲ့သည်။ **(အပေါ်ပုံ)**

ဖြစ်စဉ်မှာ ရွှေဘိုမှ မြစ်ကြီးနားဘက်သို့ ဝက်တင်ခြောက်ဘီး မော်တော်ယာဉ်အမှတ် 8L/---- ယာဉ်သည် ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးကားလမ်း မိုင်တိုင်အမှတ် (၁၅၈/၅)နှင့် (၁၅၈/၆)ကြားအရောက်၌ ကွန်ကရစ်လမ်းမအရှေ့ဘက်ရှိ မြောင်းထဲသို့ ညာဘက်ခြမ်း မော်တော်ယာဉ်ဘီး ကျွံကျခဲ့သည်။

ယင်းကျွံကျခဲ့သည့်ယာဉ်ကို လမ်းအထူးအဖွဲ့မှ မော်တော်ကားဖြင့် မွန်းလွဲ ၁ နာရီက မတင်ကူညီဆောင်ရွက်ပေးခဲ့သည်။

**ခင်မောင်ဆွေ(မော်လူး)**

## ထူးခြားသည့် နေ့အပူချိန်များ

**၅- ၃ - ၂၀၁၆** ထူးခြားသည့် နေ့အပူချိန်များမှာ နေပြည်တော်(ရေဆင်း)၊ ရမည်းသင်းမြို့၊ ချောက်မြို့၊ မကွေးမြို့၊ အောင်လံမြို့၊ တောင်ငူမြို့၊ ကြို့ပင်ကောက်မြို့၊ ဘော်လခဲမြို့နှင့် သိမ်ဇရပ်မြို့တို့တွင် ၃၈ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ မြိတ်မြို့၌ ၀ ဒသမ ၀၄ လက်မဖြစ်သည်။

**(မိုး/ဇလ)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြန်ကြားရေးဝန်ကြီးဌာန
## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
## နေပြည်တော်
## လူတွေ့ နှုတ်ဖြေ စာမေးပွဲကျင်းပမည့်ရက်ကြေညာခြင်း

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက(၂၈-၂-၂၀၁၆)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် (လစာနှုန်း-ကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူး နေရာများအတွက် ရေးဖြေစာမေးပွဲ ဖြေဆိုအောင်မြင်သူများစာရင်းများအနက် ၉-၃-၂၀၁၆ရက်တွင် လူတွေ့နှုတ်ဖြေစာမေးပွဲ ဖြေဆိုရမည့်သူများ စာရင်းကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာအပ်ပါသည်။ လူတွေ့ဖြေဆိုရမည့်သူများသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင် နံနက် ၉နာရီမှစတင်၍ ကျင်းပသွားမည်ဖြစ်ပါသဖြင့် ပညာအရည်အချင်းအောင်လက်မှတ်(မူရင်း)နှင့်အတူ အချိန်မီ လာရောက်ဖြေဆိုကြရန် ကြေညာအပ်ပါသည်။

**၂။၉-၃-၂၀၁၆ (ဗုဒ္ဓဟူးနေ့)**

တက(သံကျွမ်း)-၁၊ တက(သံကျွမ်း)-၆၊ တက(သံကျွမ်း)-၈၊ တက(သံကျွမ်း)-၁၀၊ တက(သံကျွမ်း)-၁၂၊ တက(သံကျွမ်း)-၁၆၊ တက(သံကျွမ်း)-၂၄၊ တက(သံကျွမ်း)-၃၅၊ တက(သံကျွမ်း)-၃၆၊တက(သံကျွမ်း)-၆၆၊ တက(သံကျွမ်း)၇၀၊ တက(သံကျွမ်း)-၇၄၊ ရက(သံကျွမ်း)-၃၊ ရက(သံကျွမ်း)-၆၊ ရက(သံကျွမ်း)-၁၀၊ ရက(သံကျွမ်း)-၁၄၊ ရက(သံကျွမ်း)-၁၅၊ တက(ရေဒီယို)-၅၊ တက(ရေဒီယို)-၃၆၊ ရက(ရေဒီယို)-၁၀၊ ရက(ရေဒီယို)-၁၁၊ တက(ရုပ်သံ)-၂၊ တက(ရုပ်သံ)-၃၊ တက(ရုပ်သံ)-၅၊ တက(ရုပ်သံ)-၆၊ တက(ရုပ်သံ)-၇၊ တက(ရုပ်သံ)-၂၆၊ တက(ရုပ်သံ)-၂၇၊ တက(ရုပ်သံ)-၃၀၊ တက(ရုပ်သံ)-၃၁၊ တက(ရုပ်သံ)-၃၃၊ တက(ရုပ်သံ)-၃၆၊ တက(ရုပ်သံ)-၃၇၊ တက(ရုပ်သံ)-၄၅၊ တက(ရုပ်သံ)-၄၈၊ တက(ရုပ်သံ)-၄၉၊ တက(ရုပ်သံ)-၅၀၊ တက(ရုပ်သံ)-၅၁၊ တက(ရုပ်သံ)-၅၄၊ တက(ရုပ်သံ)-၅၅၊ တက(ရုပ်သံ)-၇၈၊ တက(ရုပ်သံ)-၇၉၊ တက(ရုပ်သံ)-၈၀၊ တက(ရုပ်သံ)-၈၁၊ တက(ရုပ်သံ)-၈၂၊ တက(ရုပ်သံ)-၉၅၊ တက(ရုပ်သံ)-၉၈၊ တက(ရုပ်သံ)-၁၀၃၊ တက(ရုပ်သံ)-၁၀၆၊ တက(ရုပ်သံ)-၁၀၇၊ တက(ရုပ်သံ)-၁၀၈၊ တက(ရုပ်သံ)-၁၁၃၊ တက(ရုပ်သံ)-၁၂၂၊ တက(ရုပ်သံ)-၁၂၃၊ တက(ရုပ်သံ)-၁၄၀၊ တက(ရုပ်သံ)-၁၅၄၊ တက(ရုပ်သံ)-၁၅၈၊ တက(ရုပ်သံ)-၁၆၃၊ တက(ရုပ်သံ)-၁၆၄၊ တက(ရုပ်သံ)-၁၇၀၊ တက(ရုပ်သံ)-၁၇၈၊ တက(ရုပ်သံ)-၂၀၂၊ တက(ရုပ်သံ)-၂၀၃၊ တက(ရုပ်သံ)-၂၀၄၊ တက(ရုပ်သံ)-၂၀၅၊ တက(ရုပ်သံ)-၂၁၀၊ တက(ရုပ်သံ)-၂၁၄၊ တက(ရုပ်သံ)-၂၂၄၊ တက(ရုပ်သံ)-၂၂၅၊ တက(ရုပ်သံ)-၂၃၄၊ တက(ရုပ်သံ)-၂၃၉၊ တက(ရုပ်သံ)-၂၄၇၊ တက(ရုပ်သံ)-၂၅၅၊ တက(ရုပ်သံ)-၂၆၂၊ တက(ရုပ်သံ)-၂၆၆၊ တက(ရုပ်သံ)-၂၈၅၊ တက(ရုပ်သံ)-၂၉၀၊ တက(ရုပ်သံ)-၃၀၉၊ တက(ရုပ်သံ)-၃၁၃၊ တက(ရုပ်သံ)-၃၁၅၊ တက(ရုပ်သံ)-၃၁၆၊ တက(ရုပ်သံ)-၃၁၈၊ တက(ရုပ်သံ)-၃၂၆၊ တက(ရုပ်သံ)-၃၅၀၊ တက(ရုပ်သံ)-၃၅၆၊ တက(ရုပ်သံ)-၃၅၉၊ တက(ရုပ်သံ)-၃၆၁၊ တက(ရုပ်သံ)-၃၆၆၊ တက(ရုပ်သံ)-၃၇၂၊ တက(ရုပ်သံ)-၃၇၄၊ တက(ရုပ်သံ)-၃၇၅၊ တက(ရုပ်သံ)-၃၇၈၊ တက(ရုပ်သံ)-၃၈၀၊ တက(ရုပ်သံ)-၃၈၄၊ တက(ရုပ်သံ)-၃၈၇၊ တက(ရုပ်သံ)-၃၉၂၊ တက(ရုပ်သံ)-၃၉၄၊ တက(ရုပ်သံ)-၄၀၇၊ တက(ရုပ်သံ)-၄၀၈၊ တက(ရုပ်သံ)-၄၀၉၊ တက(ရုပ်သံ)-၅၃၂၊ ရက(ရုပ်သံ)-၃၊ ရက(ရုပ်သံ)-၇၊ ရက(ရုပ်သံ)-၉၊ ရက(ရုပ်သံ)-၁၀၊ ရက(ရုပ်သံ)-၁၆၊ ရက(ရုပ်သံ)-၁၇၊ ရက(ရုပ်သံ)-၂၅၊ ရက(ရုပ်သံ)-၂၇၊ ရက(ရုပ်သံ)-၂၉၊ ရက(ရုပ်သံ)-၃၁၊ ရက(ရုပ်သံ)-၃၅၊ ရက(ရုပ်သံ)-၃၆၊ ရက(ရုပ်သံ)-၃၈၊ ရက(ရုပ်သံ)-၄၅၊ ရက(ရုပ်သံ)-၄၆၊ ရက(ရုပ်သံ)-၅၃၊ ရက(ရုပ်သံ)-၅၉၊ ရက(ရုပ်သံ)-၆၀၊ ရက(ရုပ်သံ)-၆၅၊ ရက(ရုပ်သံ)-၆၆၊ ရက(ရုပ်သံ)-၆၈၊ တက(NRC)-၁၊ တက(NRC)-၁၄၊ တက(NRC)-၁၆၊ တက(NRC)-၂၉၊ တက(NRC)-၃၀၊ တက(NRC)-၃၃၊ တက(NRC)-၃၄၊ တက(NRC)-၃၆၊ တက(NRC)-၄၈၊ တက(NRC)-၅၄၊ တက(NRC)-၅၆၊ တက(NRC)-၅၇၊ ရက(NRC)-၂၊ ရက(NRC)-၇၊ ရက(NRC)-၈၊ ရက(NRC)-၁၀၊ ရက(NRC)-၁၁၊ ရက(NRC)-၁၂၊ ရက(NRC)-၁၇၊ ရက(NRC)-၃၃၊ ရက(NRC)-၃၇၊

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)၊ တယ်လီဖုန်းအမှတ် ၀၆၇-၇၉၁၈၅/၇၉၁၈၆ တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၄။ ၁၀-၃-၂၀၁၆ရက်နှင့် ၁၁-၃-၂၀၁၆ရက်တို့တွင် လူတွေ့နှုတ်ဖြေစာမေးပွဲဖြေဆိုရမည့် ရေးဖြေစာမေးပွဲဖြေဆိုအောင်မြင်သူများစာရင်းကို ၇-၃-၂၀၁၆ရက်ထုတ် သတင်းစာများတွင် ဆက်လက်ကြေညာသွားမည်ဖြစ်သည်။

# ညောင်ရွှေမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၅**

ရှမ်းပြည်နယ် နယ်မြေခံ တပ်မတော်သားများသည် မတ် ၂ ရက်က ညောင်ရွှေမြို့နယ် ထီရိ ကျေးရွာတောင်ဘက် လမ်းဆုံ၌ ရပ်ထားသည့်ယာဉ်အမှတ် 3G/----SURF မော်တော်ယာဉ်၊ ယာဉ်အမှတ် ၂ဂ/---- တိုက်ဂါးတစ်ခန်းတွဲ မော်တော်ယာဉ်နှင့် ယာဉ်နောက်တွင် ရပ်ထားသောဆိုင်ကယ်တို့ကို ရှာဖွေရာ ၂ဂ/---- တိုက်ဂါးတစ်ခန်းတွဲ မော်တော်ယာဉ်ပေါ်တွင် မောင်တူး၊ စိုင်းကုန္တနှင့် စိုင်းမွန်းတို့ သုံးဦးအားတွေ့ရှိပြီး ၄င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀၀၊ မြန်မာငွေကျပ် ၃ ဒသမ ၂၃၇ သိန်းနှင့် 3G/----SURF မော်တော်ယာဉ်ကို ရှာဖွေရာ စိုင်းလောင်လင်းနှင့် ရှမ်းမောင်တို့အားတွေ့ရှိပြီး ယာဉ်နောက်တွင် ရပ်ထားသည့် ဆိုင်ကယ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀၀ ပြား သိမ်းဆည်းရမိသည်။

အလားတူ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၉) ရပ်ကွက် ရွှေနှင်းဆီ(၅)လမ်း အမှတ်(၇၅၆-က)ရှိ ဆန်းလင်း၏ နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ ကောင်းမြတ်ကျော်အား တွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား ၅ ပြား၊ အိုက်စ် ၀ ဒသမ ၁၅ ဂရမ်နှင့် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက် ဖော်ထုတ်ချက်အရ တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက် မဂ္ဂင်လမ်းနှင့် စိတ္တသုခလမ်းထောင့်၌ မူးယစ်ဆေးဝါးများ ရောင်းချပေးသူ စည်သူဇော်ဝင်းနှင့် မဝတ်မှုံကျော်တို့နှစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ သိမ်းဆည်းရမိပြီး တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက် ဘယသုဒ္ဓိလမ်း အမှတ် (၁၈)ရှိ ၎င်းတို့နှစ်ဦး၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၇၀ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၂၀၇၀ ကို လည်းကောင်း၊ ထို့အတူ မတ် ၃ ရက်က မန္တလေးမြို့ စက်မှု(၁) ဖိုးရာဇာလမ်း၌ မျိုးကိုမောင်းနှင်ပြီး သောင်းဝင်း လိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိကာစစ်ဆေးဖော်ထုတ် ချက်အရ ပြည်ကြီးတံခွန်မြို့နယ် တောင်မြင့်ရပ်ကွက် အကွက်(၉)ရှိ သောင်းဝင်း၏ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၅၂၀ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၅၃၅ ပြား သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**



မောင်တူး၊ စိုင်းကုန္တ၊ စိုင်းမွန်း၊ စိုင်းလောင်လင်းနှင့် ရှမ်းမောင်တို့အား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# ငွေကျပ်သိန်းပေါင်းသုံးသောင်းကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ မရမ်းကုန်းမြို့နယ် သမိုင်း မုဒိတာအိမ်ရာ၌ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၅**

ငွေကျပ်သိန်းပေါင်း သုံးသောင်းနှစ်ထောင် ခုနစ်ဆယ့်လေးသိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သမိုင်း မုဒိတာအိမ်ရာ (C/208) ၌ မတ် ၂ ရက် ည ၉ နာရီခွဲက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မရမ်းကုန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ဦးစီးပူးပေါင်းအဖွဲ့သည် မရမ်းကုန်းမြို့နယ် (၂) ရပ်ကွက် ဗဟိုလမ်း မုဒိတာအိမ်ရာ (C)ဆောင် ပထမထပ် အခန်း ၂၀၈ ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၄၀၀၀၀ (၆၄ ကီလို)၊ ဘိန်းမည်း ၅၂ ဂရမ်၊ အိုက်စ်ပုံဆောင်ခဲ ၄၄ ဂရမ်၊ ငွေကျပ်သိန်း ၁၀၀ တို့နှင့်အတူ အိမ်ရှင် စောဘာလာစော (ခ) ဝဏ္ဏစိုး၊ ဇော်သန်း၊ သက်နိုင်၊ ကျော်မင်းဦး၊ မနားယူဟက်၊ မရှိုဆာမီတို့အား ရှာဖွေတွေ့ရှိ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကာ ဘုရင့်နောင်နယ်မြေရဲစခန်းတွင် အမှုဖွင့်ထားရှိပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# ကော့သောင်းမြို့၌ လမ်းဘေးအမှိုက်ပုံမှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

**ကော့သောင်း မတ် ၅**

ကော့သောင်းမြို့ သီရိမြိုင်ရပ်ကွက် ကော့သောင်းမြို့အဝင် ဆိုင်းဘုတ်အနီး ကော့သောင်း-ဘုတ်ပြင်း ကားလမ်းဘေး တောင်စောင်းတစ်လျှောက် စည်းကမ်းမဲ့စွန့်ပစ်ထားသည့် လမ်းဘေးအမှိုက်ပုံမှ မတ် ၅ ရက် နံနက် ၁၁ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါမီးလောင်ကျွမ်းသည့် တောင်စောင်းနေရာတစ်လျှောက်၌ ကော့သောင်းမြို့တွင်းသို့ သွယ်တန်းထားသည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ တယ်လီဖုန်းကြိုးနှင့် GSM ဖိုင်ဘာကေဘယ်ကြိုးများ သွယ်တန်းထားရှိသည့် နေရာဖြစ်သဖြင့် ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ကြရာ မွန်းလွဲ ၂ နာရီခန့်တွင် မီးညွန့်ကျိုးပြီး မီးကြွင်းမီးကျန်များကို ဆက်လက်ငြိမ်းသတ်နိုင်သဖြင့် တယ်လီဖုန်းကေဘယ်ကြိုးများသို့ ကူးစက်လောင်ကျွမ်းမှုမရှိခဲ့ကြောင်း သိရသည်။ **ကျော်စိုး (ကော့သောင်း)**

**ချိန်ခါမရွေးသတိပေး မီးဘေးကင်းဝေးမှာ**

# သုံးဘီးဆိုင်ကယ်ကို နောက်ကားက ဝင်တိုက်သဖြင့် လူကိုးဦးဒဏ်ရာရရှိ

**သထုံ မတ် ၅**

မွန်ပြည်နယ် သထုံမြို့နယ် ဇရစ်ချောင်ကျေးရွာ သထုံ-ရန်ကုန်ကားလမ်းပေါ်တွင် မတ် ၄ ရက် ညပိုင်းက ရှေ့မှသွားနေသော သုံးဘီးဆိုင်ကယ်ကို နောက်မှလိုက်ပါလာသည့် ပရိဘောက်ယာဉ်က ဝင်တိုက်မိသဖြင့် သုံးဘီးယာဉ်ရေမြောင်းထဲထိုးကျပြီး ယာဉ်ပေါ်ပါ လူကိုးဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် မြဝတီဘက်မှ ဘီးလင်းဘက်သို့ ယာဉ်မောင်း မောင်ငြိမ်းချမ်း (၂၉ နှစ်)မောင်းလာသော 7H/---- တိုယိုတာပရိဘောက် မော်တော်ယာဉ်သည် ဖြစ်စဉ်နေရာအရောက်တွင် ရှေ့မှသွားနေသည့် ယာဉ်အမှတ် ၄ဟ/----- သုံးဘီးဆိုင်ကယ်ယာဉ်ကို ဝင်တိုက်မိသဖြင့် သုံးဘီးဆိုင်ကယ်မှာ လမ်းဘေး ရေမြောင်းထဲသို့ ထိုးကျခဲ့ရာ ယာဉ်ပေါ်ပါခရီးသည် ကိုးဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကာ ခရိုင်ဆေးရုံသို့ တင်ပို့ကုသခဲ့ရကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းအား သထုံမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူလျက်ရှိကြောင်း သိရသည်။

**သက်ဦး(သထုံ)**


## ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ရန်ကုန်) ဖိတ်ကြားလွှာ

ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (ရန်ကုန်) ဖွဲ့စည်းနိုင်ရေးအတွက် ရွေးချယ်တင်မြှောက်ဖွဲ့ဆိုင်ရာ လုပ်ငန်းစဉ်များ အကြိုညှိနှိုင်း ဆွေးနွေးပွဲ ပြုလုပ်မည် ဖြစ်ပါ၍ အလုပ်အမှုဆောင် အဆိုပြုလွှာ တင်သွင်းထားသူများသည် အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

❖ နေရာ - M3.FOOD CENTRE စားသောက်ဆိုင်
❖ နေ့ -၇.၃.၂၀၁၆ ❖ အချိန် - နေ့လည် ၁ နာရီတိတိ (အစည်းဝေးစပါမည်)

ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (ရန်ကုန်)၏ ၂၀၁၆-၂၀၁၉ ခုနှစ် သက်တမ်းအတွက် အလုပ်အမှုဆောင်များ၊ ဗဟိုအလုပ်အမှုဆောင်များ ရွေးကောက်တင်မြှောက်ခြင်း နှင့် တာဝန်ခွဲဝေပေးအပ်ခြင်း အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဖိတ်ကြားထားသူများ၊ အဆိုပြုလွှာတင်သွင်းထားသူများ၊ အသင်းသူ အသင်းသားများ၊ ကျောက်မျက်ရတနာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းပြုနေသူများနှင့် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်တွင် ရန်ကုန်လိပ်စာဖြင့် အသင်းဝင်ထားသော အသင်းသားများအားလုံးအား ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

❖ နေရာ - GOLDEN CITY SHOW FLAT
ရန်ကင်းလမ်း၊ (CMA ရုံးဟောင်း)၊ ရန်ကင်းပန်းခြံအနီး၊ ရန်ကင်းမြို့နယ်၊ (ကြားမှတ်တိုင် နှင့် ၁၂ လုံးတန်းမှတ်တိုင်ကြား) ရန်ကုန်။
❖ နေ့ - ၁၃.၃.၂၀၁၆ (တနင်္ဂနွေနေ့) ❖ အချိန် - နံနက် (၉) နာရီ

ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ရန်ကုန်) ဖြစ်မြောက်ရေးကော်မတီ
၀၉-၅၁၅၄၄၂၀/၀၉-၇၉၆၁၅၀၆၅၅/၀၉-၇၇၇၂၁၇၂၀၇

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၄၄၀၉၂ Honda C90 Custom CMV, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မင်း ၅/ငဇန(နိုင်)၀၁၅၄၇၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရွှေဝါမြေလမ်း၊အမှတ် - ၂၂၆/၅၉ ဟု ခေါ်တွင်သော ( ၅ )ထပ်တိုက် အဆောက်အဦး၏ ( ပထမထပ် - ထပ် )၊ ( ၁၅' x ၄၀' )ရှိ **ဒေါ်စိုးစိုးထွန်း(၁၂/အစန(နိုင်)၀၄၆၃၀၀)** ပိုင်ဆိုင်သောတိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန်ငွေပေးချေထားပြီးဖြစ်ပါသည်။အဆိုပါတိုက်ခန်းနှင့်ပါတ်သက်၍ကန့်ကွက်လိုပါကဤကြော်ငြာပါသည့်နေ့မှခိုင်လုံသောအထောက်အထားများဖြင့်( ၇ ) ရက်အတွင်းကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်းကန့်ကွက်ခြင်းမပြုပါက အရောင်းအဝယ်ကိစ္စ ပြီးဆုံးသည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်သူရ ( LL.B, D.B.L, D.I.R )
အထက်တန်းရှေ့နေ နှင့် ကုမ္ပဏီဥပဒေအကြံပေး
အမှတ်-၇၃၊ ကင်ပွန်းခြံလမ်းသွယ်၊ ကန်လမ်း၊ (၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉၄၂၁၀၃၈၉၂၆ ၊ ၀၉၇၉၉၂၉၇၂၆

# ချောင်းကူးတံတားဟောင်းအား ပြုပြင်စဉ် တံတားကျိုးကျ၍ အမျိုးသမီးတစ်ဦးသေဆုံး



**ဘားအံ မတ် ၅**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကော့သံခါကျေးရွာနှင့် ကော့ထမလိန်းကျေးရွာအကြားရှိ ချောင်းကူးတံတား ပြိုကျ၍ တစ်ဦးသေဆုံးခဲ့ပြီး တစ်ဦး ဒဏ်ရာရခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အွန်ချောင်းလက်တက်ချောင်းကူး ရေပွန်ပေါက်ပေါ်တွင် လူသွားလမ်းအဖြစ် အသုံးပြုရန် အကျယ် သုံး ပေ၊ အနက် ၁၂ ပေ၊ အရှည် ပေ ၂၀၀ ရှိ ဝါးကူကွန်ကရစ်ခင်းထားသည့် တံတားဟောင်း တစ်စင်းအား မတ် ၂ ရက်က ပြန်လည်ပြုပြင်ရာတွင် ကျေးရွာသူ/သား ၂၀ ခန့်ဖြင့် ကူညီလုပ်ကိုင်ဆောင်ရွက်နေကြစဉ် မသင်းသင်းအောင်နှင့် မချစ်သစ္စာတို့ တံတားပေါ်သို့ တက်ရောက်စဉ် လူသွားလမ်းအဖြစ် ခင်းထားသော ဝါးကူကွန်ကရစ် တံတားအခင်း ကျိုးကျသွားသဖြင့် အနက် ၁၂ ပေခန့်ရှိ ချောင်းအတွင်းသို့ နှစ်ဦးလုံးကျသွားခဲ့ရာ မသင်းသင်းအောင်မှာ ဝါးကူကွန်ကရစ်အပိုင်း ရိုက်မိ၍ ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားပြီး ၎င်း၏တူမဖြစ်သူ မချစ်သစ္စာမှာ ဒဏ်ရာများ(မစိုးရိမ်ရ) ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်ပြီး မသင်းသင်းအောင် သေဆုံးခြင်းအပေါ် ထုံးအိုင်နယ်မြေ ရဲစခန်းက အမှုဖွင့်ထားပြီး ခေတ္တစခန်းမှူး ရဲအုပ်မြဝင်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

# စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဘိန်းစိမ်းများ ဖမ်းဆီးရမိ

**ကသာ မတ် ၅**

ကသာခရိုင် ထီးချိုင့်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ရဲလင်းအောင် ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် မတ် ၄ ရက် နံနက် ၈ နာရီခွဲက ထီးချိုင့်မြို့နယ် ဆပ်ကျအုပ်စု တုံလုံရွာနေ ဝင်းနိုင်၏နေအိမ်အား မူးယစ်ဆေးဝါးသတင်းအရ ရှာဖွေခဲ့ရာ စုစုပေါင်းစိတ်ကြွရူးသွပ်ဆေးပြား ၁၅၉ ပြား ကာလတန်ဖိုး ငွေကျပ် ၇၉၅၀၀၀၊ ဘိန်းစိမ်းမှုန့် စုစုပေါင်း အလေးချိန် ၁၆ ဒသမ ၆၀၁၄၉ ဂရမ် ကာလတန်ဖိုးငွေကျပ် ၄၉၈၀၄ ဒသမ ၄၇ ကျပ်နှင့် ငွေစက္ကူ ၂၅၈၀၀၀ တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရှိသူ ဝင်းနိုင် (၄၆ နှစ်) တုံလုံကျေးရွာ ထီးချိုင့်မြို့နယ်နေသူအား ထီးချိုင့်မြို့မရဲစခန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

## ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ (ယခင်မြန်မာ့ရုပ်ရှင်လုပ်ငန်း)မှ ရောင်းချခဲ့သော ရုပ်ရှင်ရုံများ လွှဲပြောင်းစဉ်က မူလစာချုပ်ပါ စည်းကမ်းချက်များအရ ရုပ်ရှင်ပြသရေးလုပ်ငန်းဆောင်ရွက်မှုမရှိခြင်း၊ ခွင့်ပြုချက်ရယူမှုမရှိဘဲ အခြားလုပ်ငန်းဆောင်ရွက်နေကြသော ရုပ်ရှင်ရုံများအား စာချုပ်ဖောက်ဖျက်မှုဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နေခြင်းအား သိရှိနိုင်ပါရန် အသိပေးကြေညာခြင်း

၁။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ (ယခင်မြန်မာ့ရုပ်ရှင်လုပ်ငန်း)မှ ရောင်းချခဲ့သော ရုပ်ရှင်ရုံများအနက် လွှဲပြောင်းစဉ်က မူလစာချုပ်ပါ စည်းကမ်းချက်များအရ ဆောင်ရွက်ခြင်းမရှိသော ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်ရှိ "မြနန်းသိဂီ" ရုံအား (၂၀-၁-၂၀၁၆) ရက်နေ့တွင်လည်းကောင်း၊ ခွင့်ပြုချက်မရှိဘဲ အခြားလုပ်ငန်း လုပ်ကိုင်နေကြသော အောက်ဖော်ပြပါ ရုပ်ရှင်ရုံ (၅) ရုံအား စာချုပ်ပါ စည်းကမ်းဖောက်ဖျက်မှုဖြင့် ခရိုင်ဥပဒေရုံးများသို့ ၎င်းတို့နှင့် ယှဉ်တွဲပါ နေ့ရက်များအလိုက် လုပ်ထုံးလုပ်နည်းနှင့်အညီ တရားမကြီးမှု ဖွင့်လှစ်ရန် စတင်ဆောင်ရွက်နေပြီဖြစ်ပါသည်-

| စဉ် | ရုပ်ရှင်ရုံအမည် | ဝယ်ယူသူအမည် | မှတ်ပုံတင်အမှတ် | တရားမကြီးမှု ဖွင့်လှစ်ရန် ဆောင်ရွက်သည့်ရက် |
|---|---|---|---|---|
| (က) | မြနန်းသိဂီ ရန်ကုန်မြို့ | ဦးငွေဝင်း | (ISN-၅၄၇၂၇၆) | (၂၀-၁-၂၀၁၆) |
| (ခ) | မြို့မရုပ်ရှင်ရုံ ကောလင်းမြို့ | ဦးသိန်းဝင်း | ၅/ကလတ(နိုင်) ၀၆၃၂၈၆ | (၂၅-၂-၂၀၁၆) |
| (ဂ) | ကြယ်တာရာရုပ်ရှင်ရုံ သထုံမြို့ | ဦးမျိုးမြင့် | ၁၀/သထန(နိုင်) ၀၈၅၅၈၇ | (၂၅-၂-၂၀၁၆) |
| (ဃ) | စံပြရုပ်ရှင်ရုံ မြောင်းမြမြို့ | ဦးမျိုးဝင်း | MMA-၂၁၈၇၂၃ | (၂၅-၂-၂၀၁၆) |
| (င) | စိန်မေတ္တာရုပ်ရှင်ရုံ သီပေါမြို့ | ဦးအောင်ဝင်းခိုင် | ၁၃/သပန(နိုင်)၀၀၇၆၀၂ | (၂၅-၂-၂၀၁၆) |
| (စ) | ခေမရဋ္ဌရုပ်ရှင်ရုံ ကျိုင်းတုံမြို့ | ဦးစိုင်းတစ်အောင် | KTG-၀၆၂၆၂၀ | (၂၅-၂-၂၀၁၆) |

၂။ သို့ပါ၍ ပုဂ္ဂလိကသို့လွှဲပြောင်းရောင်းချပြီး မူလစာချုပ်ပါအတိုင်း ဆောင်ရွက်မှုမရှိသော အလားတူအခြားရုပ်ရှင်ရုံများအား စိစစ်၍ တရားစွဲဆိုရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာပါသည်။

**ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ**
**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**

# ရပ်ထားသည့်ယာဉ်အား နောက်မှ ဝင်တိုက်ပြီး ယာဉ်မောင်းရှောင်ပြေး



**ရန်ကုန် မတ် ၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ရတနာလမ်းမကြီးတွင် သံချောင်းများ တင်ဆောင်၍ ရပ်တန့်ထားသည့် ၂၂ ဘီးယာဉ်အမှတ် 9B/---- (နောက်တွဲပါ) ယာဉ်ကို ပဲခူးမြစ်လမ်းအတိုင်း မြောက်မှ တောင်သို့ မောင်းနှင်လာသည့် ကိုယ်ပိုင်ယာဉ် 9C/---- (ဟာရီယာ) ယာဉ်က မတ် ၅ ရက် နံနက် ၄ နာရီခွဲခန့်တွင် အရှိန်ဖြင့် ဝင်ရောက်တိုက်မိသည်။

ဝင်ရောက်တိုက်မိသည့် 9C/---- ယာဉ်သည် ဦးခေါင်းပိုင်းတွင် ပျက်စီးခဲ့ပြီး ယာဉ်မောင်းမှာ ရှောင်တိမ်းသွားခဲ့သည်။

၂၂ ဘီး (နောက်တွဲပါ) ယာဉ်၏ ယာဉ်မောင်းမှာ ဦးသိန်းမြဖြစ်ပြီး ကိုယ်ပိုင်ယာဉ် ဟာရီယာ ယာဉ်မောင်းအား အရှေ့ပိုင်းခရိုင် ယာဉ်မှုစစ် ရဲအုပ်ယဉ်ထွေးနှင့်အဖွဲ့က စုံစမ်းလျက်ရှိကြောင်း သိရသည်။ **ကိုကြီးစိုး(ဆိပ်ကမ်း)**

# မင်းကင်းမြို့နယ် ပသေးကျေးရွာတွင် မီးလောင်မှုဖြစ်ပွား

**မင်းကင်း မတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ် ပသေးတောင်ရွာ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း မတ် ၄ ရက် နံနက် ၂ နာရီခွဲက ကျောင်းစောင့်နေထိုင်သည့် သုံးပင်ပတ်လည် သက်ငယ်မိုး၊ ထရံကာ၊ ပျဉ်ခင်းအဆောက်အအုံ မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ စာသင်ကျောင်းအစောင့် ဦးမြင့်မြတ်အောင်သည် မတ် ၃ ရက်က ပသေးကျေးရွာရှိ မိဘများနေအိမ်သို့ ပြောင်းရွှေ့နေထိုင်ပြီး လူမရှိသည့်အချိန်၌ မီးလောင်မှုဖြစ်ပွားခြင်းဖြစ်သည်။

အဆိုပါ မီးလောင်မှုကို ရွာသူရွာသားများက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ မိနစ် ၂၀ ခန့်အကြာတွင် မီးညွန့်ကျိုးသွားခဲ့ပြီး မင်းကင်းမြို့မရဲစခန်းမှ ရဲအုပ်တင်မျိုးလွင်က အမှုဖွင့်စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

**(ချင်းတွင်းသား)**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လမ်း/တံတားအသုံးပြုခကောက်ခံရေးလုပ်ငန်းများအတွက် မဲစနစ်ဖြင့် လေလံတင်ရောင်းချရန် ကြော်ငြာခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါ လမ်း/တံတားအသုံးပြုခကောက်ခံရေးဂိတ်(၃၉)ခုတို့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ၁-၄-၂၀၁၆မှ ၃၁-၃-၂၀၁၇ထိ လမ်း/တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းလုပ်ပိုင်ခွင့် လိုင်စင်များကို နိုင်ငံသားများသို့ မဲစနစ်ဖြင့် ၁၈-၃-၂၀၁၆ ရက် ၉း၀၀နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမတွင် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

| | | | |
|---|---|---|---|
| **(က)** | **ပြည်ထောင်စုလမ်းပေါ်ရှိ လမ်းဂိတ်များ** | | **သတ်မှတ်လေလံတန်ဖိုး(ကျပ်သိန်း)** |
| (၁) | ယင်းမာပင်ခရိုင် | ပုလဲဂိတ် | ၅၅၀ |
| (၂) | ယင်းမာပင်ခရိုင် | ယာကြီး/စခန်းကြီးဂိတ် | ၁၂၀ |
| (၃) | ရွှေဘိုခရိုင် | ရွှေဘိုဂိတ် | ၃၇၀ |
| (၄) | ရွှေဘိုခရိုင် | စပယ်နန့်သာဂိတ် | ၉၅၀ |
| (၅) | ကသာခရိုင် | ကျောက်တန်းဂိတ် | ၅၁၀ |
| (၆) | ကသာခရိုင် | မြတောင်ဂိတ် | ၃၆၀ |
| (၇) | ကသာခရိုင် | အင်းတော်/ကသာ/နဘားဂိတ် | ၄၅၀ |
| (၈) | ကလေးခရိုင် | အင်ဒိုင်းကြီးဂိတ် | ၂၅၀ |
| (၉) | ကလေးခရိုင် | ကျီကုန်းဂိတ် | ၁၂၅ |
| (၁၀) | ကလေးခရိုင် | ကလေး(ဂန့်ဂေါ) | ၂၅၀ |
| (၁၁) | တမူးခရိုင် | ပန်းသာဂိတ် | ၂၁၀ |
| **(ခ)** | **တိုင်းဒေသကြီးလမ်းပေါ်ရှိ လမ်းဂိတ်များ** | | **သတ်မှတ်လေလံတန်ဖိုး(ကျပ်သိန်း)** |
| (၁၂) | စစ်ကိုင်းခရိုင် | မြောင်ဂိတ် | ၁၁၅ |
| (၁၃) | မုံရွာခရိုင် | အရာတော်ဂိတ် | ၂၆၅ |
| (၁၄) | မုံရွာခရိုင် | လွှဲတဲဂိတ် | ၁၁၀ |
| (၁၅) | မုံရွာခရိုင် | မုံရွာ-နောင်ကြီးအိုင်ဂိတ် | ၆၀ |
| (၁၆) | ရွှေဘိုခရိုင် | ရွှေဘို-ရေဦးဂိတ် | ၇၅ |
| (၁၇) | ရွှေဘိုခရိုင် | ရေဦး-ခင်ဦးဂိတ် | ၈၀ |
| (၁၈) | ရွှေဘိုခရိုင် | ကန့်ဘလူဂိတ် | ၁၀၀ |
| (၁၉) | ရွှေဘိုခရိုင် | မူးကမ်းကြီးဂိတ် | ၁၂၅ |
| (၂၀) | ကသာခရိုင် | မြေလင်းဂိတ် | ၂၅၀ |
| (၂၁) | ကသာခရိုင် | တောင်မော်ဂိတ် | ၁၂၅ |
| (၂၂) | ကသာခရိုင် | ထီးချိုင့်ဂိတ် | ၈၀ |
| (၂၃) | ကသာခရိုင် | ကောလင်းဂိတ် | ၅၀ |
| **(ဂ)** | **ပြည်ထောင်စုလမ်းပေါ်ရှိ တံတားဂိတ်များ** | | **သတ်မှတ်လေလံတန်ဖိုး(ကျပ်သိန်း)** |
| (၁) | ယင်းမာပင်ခရိုင် | ပုထိုးလုံးတံတားဂိတ် | ၅၀ |
| (၂) | ရွှေဘိုခရိုင် | ရတနာသိင်္ခတံတားဂိတ် | ၅၅၀ |
| (၃) | ကသာခရိုင် | မဲဇာတံတားဂိတ် | ၁၂၀ |
| (၄) | ကသာခရိုင် | ရွှေလီ(ငါးအိုး)တံတားဂိတ် | ၃၂၅ |
| (၅) | ကသာခရိုင် | ခွန်နန်းတံတားဂိတ် | ၁၁၀ |
| (၆) | ကသာခရိုင် | နန့်မဟုတ်တံတားဂိတ် | ၁၁၀ |
| (၇) | ကလေးခရိုင် | ဘုံချောင်းတံတားဂိတ် | ၉၀ |
| (၈) | ကလေးခရိုင် | မြစ်သာ(ကလေးဝ)တံတားဂိတ် | ၂၅၀ |
| (၉) | ကလေးခရိုင် | နေရဉ္စရာတံတားဂိတ် | ၁၁၅ |
| (၁၀) | ကလေးခရိုင် | မြို့မတံတားဂိတ် | ၇၅ |
| (၁၁) | ကလေးခရိုင် | ကမ္ဘာ့းနီတံတားဂိတ် | ၇၀ |
| **(ဃ)** | **တိုင်းဒေသကြီးလမ်းပေါ်ရှိတံတားဂိတ်များ** | | **သတ်မှတ်လေလံတန်ဖိုး(ကျပ်သိန်း)** |
| (၁၂) | ရွှေဘိုခရိုင် | သမရိုးတံတားဂိတ် | ၁၃၅ |
| (၁၃) | ကသာခရိုင် | မူးမြစ်ကူးတံတားဂိတ် | ၇၅ |
| (၁၄) | ကသာခရိုင် | ကျောက်အိုက်တံတားဂိတ် | ၄၅ |
| (၁၅) | ကသာခရိုင် | ဧရာဝတီ(ထီးချိုင့်)တံတားဂိတ် | ၄၅၀ |
| (၁၆) | ခန္တီးခရိုင် | ဥရုတံတားဂိတ် | ၄၅ |

၂။ ဂိတ်တစ်ခုချင်းအလိုက် လေလံတင်သွင်းခွင့်လျှောက်လွှာများကို ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့တွင် ထုတ်ယူနိုင်ပြီး လေလံတင်သွင်းလွှာများကို ညွှန်ကြားရေးမှူးရုံး၌ ၁၆-၃-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄း၀၀နာရီ နောက်ဆုံးထားမှတ်ပုံတင် တင်သွင်းနိုင်ပါသည်။

၃။ စိတ်ပါဝင်စားကြေး၊ အာမခံကြေးနှင့် လေလံတင်သွင်းရန် အသေးစိတ်စည်းကမ်းချက်များကို သိရှိလိုပါက လမ်းဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၊ ဖုန်း-၀၇၁-၂၂၅၄၁၊ ၀၇၁-၂၃၇၆၄သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**လေလံကြီးကြပ်ရေးအဖွဲ့**
**စစ်ကိုင်းတိုင်းဒေသကြီး**


**နန်းဦးကိုကို** ရွှေစက်တော်၊ အလောင်းတော်(၅)ရက်

● အင်းတော်ကြီး၊ ရွှေမဉ္ဇူ၊ ရွှေဘို၊ မြစ်ကြီးနား။ မြစ်ဆုံ(၈)ရက်- မန္တလေး။ မိုးကုတ် ပါ(၁၁)ရက်။ (Mar 18, Apr 11)ထွက်မည်။ ● ရွှေစက်တော်၊ ရခိုင်၊ မြောက်ဦး။ စစ်တွေ ဘုရားစုံ (၇)ရက်။
● ရွှေစက်တော်ဘုရားနှင့် လမ်းဘုရားစုံဖူး(၃)ရက်။ ဆက်၍- ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ ပါ(၅)ရက်။ ဆက်၍- အလောင်းတော်ကဿပ၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင် ပါ(၈)ရက်။ ● ရွှေစက်တော်၊ ပုဂံ-ပုပ္ပါး၊ တောင်ကြီး၊ အင်းလေး၊ ထမ့်စမ်းဂူ (၈)ရက်။ အားလုံးပါ (၁၁)ရက်။ အပတ်စဉ်-သောကြာ
● ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုက္ကမီ၊ စက်စဲ (၅)ရက်-ဆက်၍မြိတ်(ဘိတ်) ပါ(၇)ရက်။
● အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာ (၃)ရက်-ဆက်၍ မန္တလေး၊ ပြင်ဦးလွင်ပါ(၅)ရက်။
● မြတ်မော်တင်စွန်းဘုရားပွဲနှင့် ပုသိမ်ဘုရားဖူး( Mar 11,18 ) [illegible]
● တောင်ကြီး၊ အင်းလေး၊ ထမ့်စမ်းဂူ၊ မွေတော်ကက္ကူ (၄)ရက်-ဆက်၍ လွိုင်ကော်ပါ(၆)ရက်။
● မန္တလေးဘုရားစုံဖူး၊ ပြင်ဦးလွင်၊ ဒီးဒုတ်ရေပြာအိုင်၊ ဝေဠုဝနကျောက်စိမ်းဘုရား (၁-ညအိပ်)
ဖုန်းဆိုတ်ခန်း 01-391577, သမ်လှိုင် 09-5122961, 09-254340569, ကျောက်မြောင်း 09-254821597


## ရမည်းသင်းမြို့လုံးကျွတ် အာစရိယပူဇော်ပွဲ နှိုးဆော်ပန်ကြားလွှာ

ရမည်းသင်းမြို့လုံးကျွတ် အာစရိယပူဇော်ပွဲကို ၂၀၁၆ ခုနှစ် မတ် ၂၀ရက် နံနက် ၉ နာရီတွင် သီလဝခန်းမ၌ ကန်တော့မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ ကျောင်းသား ကျောင်းသူဟောင်းများအား နှိုးဆော်ပန်ကြား ဖိတ်ကြားအပ်ပါသည်။ အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ဦးသက်လှိုင်စိုး ဖုန်း-၀၉-၇၈၀၀၈၀၀၁၇၊ ဦးသိန်းနိုင်အောင် ဖုန်း-၀၉-၂၁၇၃၀၆၈၊ ဦးဇော်မင်းစိုး ဖုန်း-၀၉-၄၃၀၇၆၅၇၈၊ ဦးဇေယျာသူရ ဖုန်း-၀၉-၄၀၂၅၅၈၇၃၅ တို့သို့ ထည့်ဝင်လှူဒါန်းနိုင်ပါသည်။

**မမေဆွိ ဖုန်း-၀၉-၂၁၃၀၁၃၄**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဘားအံမြို့နယ်၊ နောင်လုံ ရှမ်းစုရွာနေ ဦးမြင့်အောင်၏ သမီးနန်းဆုဆုမြင့်အောင် ၃/ဘအန(နိုင်)၃၄၇၄၄၅ နှင့် နန်းစုစုမြင့်အောင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးကျော်အောင် ၁၂/မဂတ(နိုင်)၀၆၇၅၂၄ ၏ နိုင်ငံကူးလက်မှတ်မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၅၁၇၂၄၅၅

# ရိုးရာကျွားတို့ အားပြိုင်ပွဲ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ အကြိတ်အနယ်ယှဉ်ပြိုင်

**မန္တလေး မတ် ၅**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ Great Tiger Group မှ စီစဉ်ကာ High Class သောက်ရေသန့်၏ အဓိကကူညီထောက်ပံ့မှုဖြင့် မတ် ၄ ရက် ညနေ ၆ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီး Green မြက်ခင်းပြင်၌ မြန်မာ့ရိုးရာလက်ဝှေ့လောကတွင် နာမည်ကြီးတွဲဆိုင်းများ စိန်ခေါ်ထိုးသတ်ခဲ့သည်။

ပြိုင်ပွဲတွင် သုံးချီ၊ လေးချီ၊ ငါးချီတွဲဆိုင်း ၁၁ ဆိုင်းပါဝင်သည်။ သုံးချီစိန်ခေါ်ပွဲတွင် ထွန်းမင်းအောင်(မုဒုံ)က ငမန်းလေး(စစ်ကိုင်း)ကို ပထမအချီတွင် လက်ရည်မမျှခြင်းကြောင့် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိသည်။ လေးချီစိန်ခေါ်ပွဲများတွင် အံ့ဘွား(ကောလင်း)က ကျော်ဝင်းအောင်(တိုက်ဂါး)ကို တတိယအချီတွင် အလဲထိုးအနိုင်ရသည်။ ကျော်စွာဝင်း(ယူနိုက်တက်-မန်း)နှင့် ထွန်းမင်းနိုင်(မုဒုံ)၊ ဗျူဟာ(ကျားဖြူ)နှင့် ကောင်းကောင်း (ဘီလပ်မြေစက်ရုံ)တို့ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ငါးချီစိန်ခေါ်ပွဲအားလုံး အကြိတ်အနယ်ယှဉ်ပြိုင်ပြီး သရေရလဒ်များသာ ထွက်ပေါ်သည်။ မင်းနိုင်ထွန်း(ယူနိုက်တက်-မန်း)နှင့် ဂျိုကာ(ဘီလပ်မြေစက်ရုံ)၊ ရဲသွေးနီ(တောင်ကလေး)နှင့် ထွန်းလွင်မိုး(နဂါးမာန်)၊ စောအယ်လေး (ရွှေကုက္ကို)နှင့် ရွှေရာမာန်(ရွှေဒေါပုံ)၊ ကြယ်စင်ဖြိုး(အဖြူရောင်သွေးသစ်)နှင့် စောဘဦး(တောင်ကလေး)၊ ရဲတံခွန်(အဖြူရောင်သွေးသစ်)နှင့် စောမင်းအောင်(တောင်ကလေး)၊ ကြယ်လင်းအောင်(တောင်ကလေး)နှင့် ဖိုးကေ(T&T)၊ သပြေညို (ဘီလပ်မြေစက်ရုံ)နှင့် သွေးသစ်အောင်(နဂါးနီ)တို့ တွဲဆိုင်းအားလုံး သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ပွဲစဉ်အားလုံး ပွဲကောင်းများဖြစ်သဖြင့် ပရိသတ်အကြိုက်ဖြစ်သည့် Great Tiger Group ၏ နောက်ထပ်ပွဲစဉ်များကို ပရိသတ်မျှော်လင့်လျက်ရှိသည်။ မြက်ခင်းပြင်၌ ကျင်းပသော်လည်း လက်ဝှေ့ကြိုးဝိုင်း၊ ဆိုင်းအဖွဲ့တို့က ခမ်းနားလှသလို ပရိသတ်လည်း စိတ်ချမ်းသာစွာ အားပေးခဲ့ရသည်။

ကြိုးဝိုင်းဒိုင်များအဖြစ် ဦးအောင်မျိုးဦး၊ ဦးမင်းမင်း၊ ဦးမြနန္ဒာ၊ ဦးမြကျည်ဆံ၊ ဦးဇေယျာမောင်၊ ဦးချောလှ၊ ဦးကြယ်တစ်ပွင့်၊ ဦးအောင်အောင်၊ ဦးတိုး၊ ဦးဇမ္ဗူကျော်၊ ဦးပန်းတစ်ခိုင်တို့က ဆောင်ရွက်ခဲ့ပြီး မန္တလေးမြို့၏ ဂန္ထဝင်ပွဲကြီးပွဲကောင်းဖြစ်ကြောင်းလည်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

# ပရီမီယာလိဂ်ပွဲစဉ်(၂၉) စပါးနှင့် အာဆင်နယ် သရေရလဒ်ဖြင့် ပြီးဆုံး

အင်္ဂလန် ပရီမီယာလိဂ်ပွဲစဉ်(၂၉) အစောဆုံးပွဲစဉ်အဖြစ် အသင်းကြီးနှစ်သင်းဖြစ်သော စပါးနှင့် အာဆင်နယ်ပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ယင်းပွဲတွင် နှစ်သင်းစလုံး ၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက်လာခဲ့ကြသည်။ အိမ်ရှင်စပါးအသင်းတွင် ဗာတွန်ဂန်နှင့် ကလင်တန်အန်ဂျီးနှစ်ဦးသာ ဒဏ်ရာပြဿနာကြောင့် မပါဝင်နိုင်ဘဲ ဟယ်ရီကိန်း၊ လာမယ်လာ၊ ဒမ်ဘီလီ၊ အီရစ်ဒီယာ၊ အဲရစ်ဆန်၊ အလီ၊ အယ်ဒါဝိုင်ရက်ဒ်၊ ဝေါကာ၊ ဒန်နီရို့စ်၊ ကီဗင်ဝင်မာနှင့် ဂိုး-ဟူဂိုအယ်လိုရစ်တို့ ပါဝင်ခဲ့သည်။ ဧည့်သည် အာဆင်နယ်အသင်းတွင် ဒဏ်ရာပြဿနာများစွာ ကြုံတွေ့နေရပြီး ပွဲထွက်လူစာရင်းတွင် ဝဲလ်ဘတ်ခ်၊ ကိုကွီလင်၊ ဆန်းချက်ဇ်၊ အိုဇေးလ်၊ ရမ်ဆေး၊ အယ်နီနီ၊ ကီရန်ဂစ်၊ ပေါလစ်တာ၊ မာတီဆက်ကာ၊ ဘယ်လာရင်နှင့် ဂိုး-အော့စ်ပီနာတို့ ပွဲထွက်ခဲ့သည်။

ပွဲချိန် ၃၉ မိနစ်တွင် ဘယ်လာရင်၏ ဖန်တီးမှုမှတစ်ဆင့် ကွင်းလယ်ကစားသမား ရမ်ဆေး နောက်ပေါက်ဖြင့် အာဆင်နယ်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ပထမပိုင်းတွင် အာဆင်နယ်အသင်း တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ထားနိုင်သည်။ ဒုတိယပိုင်းပွဲချိန် ၅၅ မိနစ်တွင် ကွင်းလယ်ကစားသမား ကိုကွီလင် နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံရသည်။


အာဆင်နယ်ကစားသမား ရမ်ဆေး ဂိုးသွင်းယူစဉ်။

ပွဲချိန်မိနစ် ၆၀ တွင် နောက်တန်းကစားသမား အယ်ဒါဝိုင်ရက်ဒ်က စပါးအတွက် ချေပဂိုးသွင်းယူခဲ့ပြီး ၆၂ မိနစ်တွင် တိုက်စစ်မှူး ဟယ်ရီကိန်းက စပါးအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ၇၆ မိနစ်တွင် ဘယ်လာရင် ဖန်တီးပေး၍ ဆန်းချက်ဇ်မှ အာဆင်နယ်အတွက် ချေပဂိုးသွင်းယူခဲ့သည်။ အာဆင်နယ်အသင်းသည် တစ်ယောက်လျော့ဖြင့် တိုက်စစ်အားမလျော့ဘဲ တန်ပြန်တိုက်စစ်ဖြင့် ခြိမ်းခြောက်နိုင်ခဲ့သည်။ ပွဲပြီးချိန်တွင် တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ဆယ်စုနှစ်တစ်ခုအတွင်း စပါးအိမ်ကွင်း၌ အာဆင်နယ်အသင်း နှစ်ပွဲသာ နိုင်ပွဲရခဲ့ပြီး လေးပွဲရှုံးနိမ့်ခဲ့ကာ ယခုပွဲအပါအဝင် လေးပွဲ သရေကျခဲ့သည်။ စပါးတိုက်စစ်မှူး ဟယ်ရီကိန်းသည် ယခု သွင်းဂိုးအပြီး ပရီမီယာလိဂ်သွင်းဂိုး ၁၇ ဂိုး သွင်းယူခဲ့ပြီးဖြစ်သည်။ စပါးအသင်းသည် ရမှတ် ၅၅ မှတ်ရရှိပြီး အာဆင်နယ်အသင်းမှာ ၅၂ မှတ်ရရှိထားပြီဖြစ်သည်။

**သီဟ** ■

## ❍ ကျောဖုံးမှ

ယမန်နေ့က ကစားခဲ့သောပွဲတွင် ဒုတိယနေရာမှ ဟံသာဝတီအသင်း အနိုင်ရခဲ့သောကြောင့် ရတနာပုံအသင်းမှာ ထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နိုင်ရန်နှင့် ယခုပွဲတွင် မဖြစ်မနေအနိုင်ရရန် လိုအပ်ခဲ့ပြီး အနိုင်သုံးမှတ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်းမှာ မကွေးကို အနိုင်ကစားနိုင်ခဲ့၍ ဒုတိယနေရာမှ ဟံသာဝတီအသင်းကို နှစ်မှတ်အသာဖြင့် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

ရတနာပုံအသင်းသည် ပွဲထွက်လူစာရင်းကို အနည်းငယ်အပြောင်းအလဲပြုလုပ်ခဲ့ပြီး ရှိုင်းသူရနှင့် မျိုးကိုထွန်းတို့ကို ပွဲထွက်လူစာရင်း၌ အသုံးပြုခဲ့သည်။ မကွေးအသင်းသည် ဇွဲကပင်ကို အနိုင်ကစားခဲ့သည့် ကစားသမားအများစုဖြင့် ပွဲထွက်ခဲ့သည်။ ပွဲအစပိုင်းတွင် မကွေးအသင်း ဖိကစားနိုင်ခဲ့သော်လည်း ငါးမိနစ်တွင် မထင်မှတ်ဘဲ ဂိုးပေးခဲ့ရပြီး ဝင်းနိုင်စိုးက ရတနာပုံအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် ပွဲမှာ အကြိတ်အနယ်ရှိခဲ့ပြီး ၁၆ မိနစ်တွင် မောင်မောင်စိုးက မကွေးအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ ၂၈ မိနစ်တွင် ရတနာပုံအသင်း ဒုတိယဂိုးရခဲ့ပြီး မာတူနာက တစ်ကိုယ်တော်အစွမ်းဖြင့် သွင်းယူခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းတွင် မကွေးအသင်း ချေပဂိုးပြန်လည်ရရှိရန် ကစားသမားများ အပြောင်းအလဲပြုလုပ်ကာ တိုက်စစ်အားမြှင့်ခဲ့သည်။ မကွေးအသင်း ချေပဂိုးရရှိရန် ကြိုးပမ်းသော်လည်း ရတနာပုံနောက်တန်းကို မကျော်နိုင်၍ အခက်တွေ့ခဲ့ရသည်။ မကွေးခံစစ်ပိုင်းအားနည်းချက်များကြောင့် ရတနာပုံအသင်း အခွင့်အရေးများရခဲ့သော်လည်း အဆုံးသတ်အားနည်းခဲ့၍ ပွဲပြီးခါနီးမှ ဂိုးများရခဲ့သည်။ ၉၃ မိနစ်တွင် မာတူနာ၏ ဖန်တီးပေးမှုမှ အောင်သူက ရတနာပုံအတွက် တတိယဂိုးသွင်းယူခဲ့ပြီး မကွေးအတွက် ချေပဂိုးကိုပွဲပြီးခါနီး စက္ကန့်ပိုင်းအလိုတွင် ထူးထူးအောင်က သွင်းယူခဲ့သည်။

ပွဲစဉ်(၉)အပြီးတွင် ရတနာပုံအသင်းက ၂၃ မှတ်ဖြင့် ပထမနေရာတွင် ဦးဆောင်နေပြီး ဟံသာဝတီအသင်း ၂၁ မှတ်၊ ရန်ကုန်အသင်းက ၁၆ မှတ်၊ ဇွဲကပင်အသင်းနှင့် ဧရာဝတီအသင်းတို့က ၁၄ မှတ်စီ၊ မကွေးအသင်းနှင့် ဇေယျာရွှေမြေအသင်းတို့က ၁၂ မှတ်စီ၊ ချင်းယူနိုက်တက်အသင်းက ၁၁ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၁၀ မှတ်၊ ရခိုင်အသင်းက ခုနစ်မှတ်၊ Horizon အသင်းက လေးမှတ်၊ Southern အသင်းက သုံးမှတ်ရရှိထားသည်။

# နွေရာသီအခမဲ့ဘောလုံးသင်တန်း ဖွင့်လှစ်မည်

**မန္တလေး မတ် ၅**

နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသားလူငယ်များ အချိန်ကိုတန်ဖိုးရှိစွာ အသုံးချနိုင်ရန်နှင့် မျိုးဆက်သစ်ဘောလုံးသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ရတနာပုံ(FC) ဘောလုံးအသင်းက ကြီးမှူးသော နွေရာသီအခမဲ့ဘောလုံးသင်တန်းကို မတ် ၇ ရက်မှစတင်ကာ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၈၈ လမ်းနှင့် ၈၉ လမ်းကြား ၂၂ လမ်းရှိ အောင်မြေမန္တလာဘောလုံးကွင်း၌ ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။ အဆိုပါသင်တန်း၌ ဘောလုံးပညာသာမက ကြံ့ခိုင်မှုအပိုင်းပါ လေ့ကျင့်ပေးသွားမည်ဖြစ်ပြီး အသက် ၁၅ နှစ်အောက် ကလေးများကို လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်သည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၉-၄၀၂၆၅၃၃၄၊ ၀၉-၄၃၂၀၀၄၈၈ တို့ထံသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**


ရေခဲမုန့်/အအေး
ကျွမ်းကျင်ဆရာအလိုရှိသည်
ဖာလူဒါ၊ ဒိုမီနို၊ ဒူးမလိုင်၊ ကူးဖီး၊ အအေးအမျိုးမျိုး
ဆက်သွယ်ရန်- ဖုန်း-၀၉-၂၆၂၆၁၆၈၆၈၊ ၀၉-၇၈၄၅၉၇၈၉၀

၄၊၅၊၆၊၇၊၈ တန်း နွေရာသီ သင်္ချာသီးသန့်လစဉ်(၃၀၀၀၀ိ/)
YC နွေရာသီ
၉၊၁၀တန်းဘာသာစုံ (၃)လပြတ်
(မတ်၊မေ၊ဇွန်) လစဉ်၈၀၀၀ိ/ ၃-လပြတ် အပြီး (နှစ်သိမ်း)
၉တန်း နံနက်(၁၀း၀၀ မှ ၁း၀၀)ထိ
၁၀တန်း နံနက်(၁၀း၀၀ မှ ၂း၃၀)ထိ
မြန်မာ → ဂုဏ်ထူးဦးသိန်းနိုင်
အင်္ဂလိပ် → ဦးနေအုပ်(စိန်ပေါလ်)
အင်္ဂလိပ် → ဦးတင်ကို
သင်္ချာ → ဆရာပိုင်(ပိုင်သင်္ချာ)
ဓာတု → ဦးမြင့်ဝင်းကျော်
ရူပ → ဦးဆက်မွန်
ဇီဝ → ဒေါက်တာမြသိန်း
ဘောဂ → စိုင်းထွန်းအောင်
၁၆၅၊ ပ-ထပ်(ထောင့်ခွန်းခန်း)၊ ဆိပ်ကမ်းသာလမ်း။ Ph: 09-73105201

ဖောင်းကြွပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် ၄ဂ/၉၀၉၇၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)

ပျောက်ဆုံးကြောင်း
ကျွန်မဒေါ်မြမြဝင်း ၇/သနပ(နိုင်) ၀၂၉၂၀၈ ၏ သွင်းကုန်ပါမစ် ISP IDV8 12-13-2912 28/06/12 မူရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

အမည်မှန်
ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ အမှတ်(၃/၃၈)နေ ဦးအောင်အောင် ၉/ပမန(နိုင်) ၁၂၂၅၅၂၏သမီး ပုံစံ(၆၆/၆)တွင် ပါဝင်သော မမြတ်နိုးဝေ၏ အမည်မှန်မှာ မမြင့်မြတ်စံ ဖြစ်ပါသည်။

Y.E.S. Since 1994
ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
International English Language Centre
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊ အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများအတွက်
Basic Spoken English
Sat & Sun - 3:45-6:45 pm 12 Mar
Mon to Thurs-7:30-9:30 am 14 Mar
Mon to Thurs-1:00-3:00-5:00pm 14,28 Mar
Pre-Intermediate English
Mon to Thurs-10:30-12:30 am 14 Mar
Mon to Thurs-5:00-7:00pm 14 Mar
Grammar Foundation Course
Mon to Thurs - 3:30-5:00 pm 14 Mar
Structure & Written Expression
Sat & Sun - 3:30-6:30pm 26 Mar
Basic Writing Course
Sat & Sun - 12:30 - 3:30 pm 12 Mar
NEW SAT,IELTS,API,AWC,IE,VEC
နွေရာသီကလေးများအတွက် အင်္ဂလိပ်စကားပြော သင်တန်းများ
Level I G-5 & 6 Mon to Thurs : 8-10am 14 Mar
Level II G-7 & 8 Mon to Thurs : 8-10am 14 Mar
Level III G-9 & 10 Mon to Thurs:8-10am 14 Mar
No.190, 2nd Flr.,28th St:(Upper), Pabedan Tsp. Ph: 01-243950, 246910

သွေးသည် အသက်

အသိပေးကြေညာခြင်း

မူလပုံ

ယခုပုံ
ထက်လင်းအစွမ်းထက် တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းမှ မူလထုတ်လုပ်သည့် အကြောပြေဒဏ်ကျေလိမ်းဆေး ဖန်ပုလင်းအစား အန္တရာယ်ကင်းစင်ပြီး မူလဆေးအာနိသင်နှင့် ပါဝင်သည့်ဆေးပမာဏအတိုင်းမပြောင်းလဲဘဲ ခေတ်မီလှပခိုင်ခံ့သည့် (ပလတ်စတစ်)ကော်ဘူးသို့ ပြောင်းလဲထုတ်လုပ်သွားမည်ဖြစ်ပါကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်။
ထက်လင်းအစွမ်းထက် တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး



# တည်ငြိမ်ရိုးစင်းသည့် အသွင်သဏ္ဌာန်ဖြင့် အတိတ်နှင့် ပစ္စုပ္ပန်ကိုဖြတ်သန်းဆဲဘဏ်အဆောက်အအုံ

## ရန်ကုန် ရှေးဟောင်းအဆောက် အအုံများရဲ့ရာဇဝင်

**၁၉၂၀ ပြည့်နှစ်ကနေ သုံးနှစ်တာကာလလောက်မှာ ယင်း အဆောက်အအုံကို ဗြိတိသျှအစိုးရရဲ့ မြို့စောင့်တပ်တွေအတွက် အသုံးပြုခဲ့တယ်ဆိုတဲ့ သမိုင်းမှတ်တမ်းတွေရှိတာကြောင့် ဗြိတိသျှ စစ်အင်ဂျင်နီယာ တစ်ဦး ဒီဇိုင်းရေးဆွဲ တည်ဆောက်ခဲ့တယ်ဆိုတာ ဖြစ်ကောင်း ဖြစ်နိုင်**



**လန်ဒန်မြို့ရဲ့နေရာအတော်များများမှာ ယနေ့တိုင်မြင်တွေ့နိုင်တဲ့ အဆောက်အအုံပုံစံတစ်ခုကို ရန်ကုန်မြို့မှာ အနေအထားမပျက် ၉၅ နှစ်ကြာအောင် ထိန်းသိမ်းထားတယ်ဆိုရင် ယုံနိုင်စရာမရှိပါဘူး။ ဒါပေမယ့် ဂန္ထဝင်ဆန်ဆန် ကိုလိုနီခေတ်လက်ရာ အဆောက်အအုံတစ်ခုက ယနေ့တိုင် အသုံးဝင်ဆဲ၊ သစ်လွင်ဆဲတည်ရှိနေပါတယ်။**

**ဆောင်းပါး-ခင်ရတနာ**
**ဓာတ်ပုံ-မြန်မာ့စီးပွားရေးဘဏ်**

ပန်းဆိုးတန်းလမ်း အမှတ် (၄၃)နဲ့ (၄၅) ပေါ်မှာ တည်ဆောက်ထားတဲ့ သုံးထပ်တိုက် အဆောက်အအုံ တစ်ခုဖြစ်ပြီး ၁၉၂၀ ပြည့်လွန်နှစ်မှာ စတင်အုတ်မြစ်ချ တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ တည်ဆောက်ခဲ့တဲ့ ဗိသုကာပညာရှင်နဲ့ တည်ဆောက်ခဲ့တဲ့ အင်ဂျင်နီယာ တွေကိုတော့ သမိုင်းမှတ်တမ်းတွေ မထင်ရှားတော့တဲ့ အတွက် သိရှိရခြင်း မရှိပါဘူး။ သို့သော် ရိုးရှင်းတဲ့ဒီဇိုင်း အသွင်အပြင်နဲ့ တည်ဆောက်ထားတဲ့ ပုံသဏ္ဌာန်ကို လေ့လာကြည့်မယ်ဆိုရင် အဆောက်အအုံဒီဇိုင်းရေးဆွဲ သူဟာ ခံ့ညားတဲ့အသွင်ထက် တည်ငြိမ်ရင့်ကျက်ပြီး မထင်ရှားရိုးစင်းတဲ့ ဒီဇိုင်းကိုသုံးထားတာကြောင့် များပြား လှစွာသော ရန်ကုန်ရောက် ဗြိတိသျှအစိုးရ စစ်တပ်မှ အင်ဂျင်နီယာတွေထဲက တစ်ဦးဖြစ်မယ်လို့ လက်ရှိ ဗိသုကာပညာရှင်အချို့က ခန့်မှန်းထားပါ တယ်။

ခန့်မှန်းချက်ကို ပိုပြီးအားဖြည့်သုံးသပ်ကြည့်မယ် ဆိုရင် ၁၉၂၀ ပြည့်နှစ်ကနေ သုံးနှစ်တာကာလလောက် မှာ ယင်းအဆောက်အအုံကို ဗြိတိသျှအစိုးရရဲ့ မြို့စောင့်တပ်တွေအတွက် အသုံးပြုခဲ့တယ်ဆိုတဲ့ သမိုင်းမှတ်တမ်းတွေရှိတာကြောင့် ဗြိတိသျှစစ်အင် ဂျင်နီယာတစ်ဦး ဒီဇိုင်းရေးဆွဲတည်ဆောက်ခဲ့တယ် ဆိုတာ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ အဲဒီလို မြို့စောင့် တပ်တွေရဲ့ရုံးအဖြစ် ခေတ်ပြိုင်အနေနဲ့ အိန္ဒိယနဲ့ အီဂျစ်တို့မှာလည်း ယခုလိုပုံစံအဆောက်အအုံတွေ ရှိခဲ့တယ်ဆိုတဲ့ သမိုင်းမှတ်တမ်းလည်းရှိပါတယ်။

မြေနှစ်ကွက်စာပေါ်မှာသာ တည်ဆောက်ထားတဲ့ အတွက် ကြီးမားတဲ့အဆောက်အအုံလို့တော့ မပြောနိုင်ပါဘူး။ အဆောက်အအုံတစ်ခုလုံးကို ခြုံငုံ ကြည့်မယ်ဆိုရင် အတွင်းရော အပြင်မှာပါ ရိုးစင်းလှတဲ့ အပြင်အဆင်တွေသာ သုံးစွဲထားပါတယ်။ ခေတ်နဲ့လျော်ညီ စွာ ပန်ကာတွေနဲ့ မီးစက်တွေကို တပ်ဆင်ထားတယ်လို့ မြင်တွေ့ရပေမယ့် အတွင်းအပြင်အဆင်တွေမှာတော့ သစ်ကို အသုံးပြုထားတာ အများအပြားပါဝင်နေပါတယ်။

သို့သော် ကိုလိုနီခေတ်မှာ မြန်မာ့စီးပွားရေး အားကောင်းလာတာနဲ့အမျှ ရန်ကုန်မြို့ဟာလည်း အချက်အချာ ကုန်သွယ်ရေးမြို့ဖြစ်လာတဲ့အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကလည်း မြင့်မားလာပါတယ်။ ၁၉၂၃ ခုနှစ်အရောက်မှာ ဗြိတိသျှလူမျိုးပိုင် နာမည်ကျော် Cox & Co. ကနေ စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်ဖို့ အတွက် ရည်ရွယ်ရယူခဲ့တယ်လို့ သိရပါတယ်။ သို့သော် လည်း နောက်ပိုင်းမှာ Lloyds ဘဏ်က လွှဲပြောင်းရယူ ခဲ့ပြီး ဘဏ်အနေနဲ့ အသုံးပြုခဲ့တယ်လို့ သမိုင်းမှတ်တမ်း များအရ သိရပါတယ်။ ကိုလိုနီခေတ် စီးပွားရေးကဏ္ဍ မှာ Lloyds ဘဏ်က အထင်ကရ ပါဝင်ခဲ့တဲ့ ဘဏ်ကြီး တစ်ခုဖြစ်တဲ့အပြင် ၁၉၄၁ ခုနှစ်အရောက်မှာ ဘဏ်ခွဲနှစ်ခု ကို ရန်ကုန်မြို့မှာဖွင့်လှစ်ပြီး ငွေကြေးဈေးကွက်သစ်ကို ဖွင့်လှစ်နိုင်ခဲ့တဲ့ ကျော်ကြားတဲ့ ဘဏ်ကြီးတစ်ခုလည်း ဖြစ်ပါတယ်။

ဒုတိယကမ္ဘာစစ်ကြီးမစတင်မီနဲ့ ဖြစ်ပွားနေချိန်တွေ မှာတော့ Lloyds ဘဏ်အနေနဲ့ ဘဏ်လုပ်ငန်းနဲ့ သက်ဆိုင်တဲ့အလုပ်တွေကို ဆက်လုပ်ဖို့အတွက် ဂျပန် အစိုးရက ခွင့်မပြုတော့ဘဲ ဘဏ်ကို ပြည်နှင်ဒဏ်ပေးလိုက် ပါတော့တယ်။ ဒါပေမယ့် ခေတ်အမျိုးမျိုးပြောင်းပေမယ့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူတွေအဖို့ကတော့ တိမ် ကောရိုးထုံးစံမရှိတဲ့အတိုင်း အခြားနာမည်တစ်မျိုးဖြစ်တဲ့ Shylok ဆိုတဲ့အမည်ကိုအသုံးပြုပြီး ဘဏ်ဝန်ထမ်းတွေ အရင်ရှိတဲ့လူအတိုင်းနဲ့ပဲ ငွေကြေးဈေးကွက်ကို ဝင်ရောက် နေခဲ့ပါတယ်။ ဒါပေမယ့် အခြားလုပ်ငန်းတစ်ခုနဲ့ ပူးပေါင်း ချိတ်ဆက်လုပ်ကိုင်ခဲ့တယ်လို့ သိရပါတယ်။

စစ်ပွဲတွေပြီးဆုံးလို့ နောက်တစ်ကြိမ် Lloyds ဘဏ် ပြန်ဖွင့်တဲ့အချိန်က ၁၉၄၅ ခုနှစ်မှာပါ။ အဲဒီအချိန်မှာ ဘဏ်တွေအပါအဝင် ရန်ကုန်တစ်မြို့လုံးဟာ အင်္ဂလိပ်တို့နဲ့ ဂျပန်တို့ရဲ့လက်ချက်နဲ့ ပျက်စီးနေခဲ့ပါပြီ။ Lloyds ရဲ့ ဘဏ်မန်နေဂျာဖြစ်တဲ့ Hubert C.Gotts အနေနဲ့ ကတော့ အလုပ်အများဆုံးကာလတွေ ဖြစ်ခဲ့ဟန်တူပါ တယ်။ သူ့အနေနဲ့ ဘဏ်ကြီးတစ်ခုလုံးကို ပြန်လည် ပြင်ဆင်မှုအတွက် တစ်နှစ်နီးပါးအချိန်ယူခဲ့ရတယ်လို့ သိရပါတယ်။ ဘဏ်အတွင်းအပြင် ပရိဘောဂတွေ အားလုံးဟာ ပျက်စီးယိုယွင်းပြီး သုံးမရတော့ပါဘူး။ ဘဏ်အဖြစ် အသုံးပြုခဲ့တဲ့ ကောင်တာကြီးတွေဟာလည်း တုံးလုံးလဲနေခဲ့တဲ့အပြင် မျက်နှာကြက်အမိုးတွေက မီးဆိုင်းတွေဟာလည်း အကောင်းပကတိမရှိကြတော့ ပါဘူး။ ဗုံးဒဏ်ကြောင့် တံခါးတွေကအစ မျက်နှာကြက်၊ သံပန်းနဲ့ ကြမ်းခင်းတွေအထိ ပျက်စီးမှုအလီလီကို ပြန်လည် သန့်ရှင်းခဲ့ပြီး အကြီးစားမွမ်းမံမှုတွေ လုပ်ဆောင် ခဲ့ရတယ်လို့ မြန်မာ့စီးပွားရေးဘဏ်သမိုင်းကနေ သိရပါ တယ်။

သူ့ရဲ့စီမံကွပ်ကဲမှုနဲ့ ပြန်လည်ပြင်ဆင်ခြင်းတွေကြောင့် ၁၉၄၆ခုနှစ် ဇန်နဝါရီလ ၂၃ရက်နေ့မှာ Lloyds ဘဏ်ကြီးရဲ့ စီးပွားရေးတံခါးတွေကို ဖွင့်လှစ်နိုင်ခဲ့ပြီး ကုန်သွယ်မှု၊ ငွေကြေးဈေးကွက်နဲ့ ဘဏ်လုပ်ငန်းဈေးကွက် တွေမှာ ပြန်လည်ဝင်ရောက်လုပ်ကိုင်လာနိုင်ခဲ့ပါတယ်။

သူကြိုးစားပမ်းစားဖွင့်လှစ်ခဲ့ပြီး နှစ်အနည်းငယ် အကြာ ၁၉၄၈ ခုနှစ်မှာ မြန်မာနိုင်ငံဟာ သူ့ကျွန်ဘဝကနေ လွတ်မြောက်ခဲ့ပါတော့တယ်။ အဲဒီနောက်မှာ Lloyds ဘဏ်အနေနဲ့ မြန်မာနိုင်ငံမှာ ဆက်လက်ရပ်တည်ဖို့ နည်းမျိုးစုံနဲ့ ကြိုးပမ်းခဲ့ပါတယ်။ နှစ်အနည်းငယ်အထိ ဆက်လက်ရှိနေသော်လည်း နောက်ပိုင်းမှာတော့ မြန်မာ အစိုးရနဲ့ လက်တွဲဖြုတ်ပြီး အခြားတိုင်းပြည်မှာ ရင်းနှီးမြှုပ်နှံဖို့ ရွေးချယ်လိုက်ပါတော့တယ်။

အဓိက ကတော့ မြန်မာအစိုးရရဲ့ စီးပွားရေးပေါ်လစီ ကြောင့်ဖြစ်ပြီး မြန်မာ့စီးပွားရေးလုပ်ငန်းတွေကို မြန်မာ နိုင်ငံသားတွေလုပ်ကိုင်ဖို့ အခွင့်အရေးအတွက် Lloyds အပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ သက်ဆိုင်တဲ့ ကုမ္ပဏီတွေဟာ မြန်မာ့ပိုင်နက်ကနေ ထွက်ခွာသွားရတာ ဖြစ်ပါတယ်လို့ Hubert C.Gotts က သူ့မှတ်တမ်းတွေ မှာရေးသားခဲ့တယ်လို့ ရန်ကုန်မြို့တော် စည်ပင်သာယာ ရေးကော်မတီရဲ့ ရှေးဟောင်းအဆောက်အအုံ သမိုင်း မှတ်တမ်းတွေမှာ တွေ့ရပါတယ်။

**၁၉၅၄ ခုနှစ်မှာ ကူးသန်းရောင်းဝယ်ရေး ဘဏ်လုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခဲ့ပြီး မြန်မာ့စီးပွားရေးဘဏ်အဖြစ် ၁၉၇၆ ခုနှစ် ဧပြီလ ၂ ရက်နေ့တွင် ပြောင်းလဲဖွဲ့စည်း တည်ထောင်ခဲ့တဲ့ အပြင် ၁၉၆၀ ပြည့်နှစ် အရောက်မှာတော့ စီးပွားရေးစနစ်ဟာ စီမံကိန်းစီးပွားရေးစနစ်ကို ပြောင်းလဲလာခဲ့တာကြောင့် တစ်ခုတည်း သော ဘဏ်စနစ်အရ ပြည်သူ့ဘဏ်ဖြစ်လာခဲ့ပါတယ်။**

၁၉၅၄ ခုနှစ်မှာ ကူးသန်းရောင်းဝယ်ရေးဘဏ် လုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခဲ့ပြီး မြန်မာ့ စီးပွားရေးဘဏ်အဖြစ် ၁၉၇၆ခုနှစ် ဧပြီလ ၂ ရက်နေ့တွင် ပြောင်းလဲဖွဲ့စည်း တည်ထောင်ခဲ့တဲ့အပြင် ၁၉၆၀ ပြည့်နှစ် အရောက်မှာတော့ စီးပွားရေးစနစ်ဟာ စီမံကိန်းစီးပွားရေးစနစ်ကို ပြောင်းလဲလာခဲ့တာကြောင့် တစ်ခုတည်းသော ဘဏ်စနစ်အရ ပြည်သူ့ဘဏ်ဖြစ် လာခဲ့ပါတယ်။

၁၉၇၅ ခုနှစ် ဘဏ်ဥပဒေအရ ၁၉၇၆ ခုနှစ်မှာ တော့ ပြည်သူ့ဘဏ်ကို ပြည်ထောင်စုမြန်မာနိုင်ငံဘဏ် (UBB)၊ မြန်မာ့စီးပွားရေးဘဏ် (MEB)၊ မြန်မာ့ နိုင်ငံခြားကုန်သွယ်မှုဘဏ် (MFTB) နဲ့ မြန်မာ့ စိုက်ပျိုးရေးဘဏ် (MAB) တွေကို နိုင်ငံတော်ပိုင် ဘဏ်တွေအဖြစ် ပြန်လည်ဖွဲ့စည်းခဲ့တာကြောင့် မြန်မာ့စီးပွားရေးဘဏ်အဖြစ် ပြန်လည်ရပ်တည် နိုင်ခဲ့ပါတယ်။ ၁၉၉၀ ပြည့်နှစ်မှာတော့ မြန်မာ နိုင်ငံတော်ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေ အရ မြန်မာ့စီးပွားရေးဘဏ်ဟာ တည်ဆဲနိုင်ငံပိုင် ကူးသန်းရောင်းဝယ်ရေးဘဏ်အဖြစ် သတ်မှတ်ခံ ရပြီး ယင်းအဆောက်အအုံနေရာဟာလည်း မြန်မာ့ စီးပွားရေးဘဏ် (၁)အဖြစ်နဲ့ နိုင်ငံတော်ရဲ့ စီးပွားရေး ကဏ္ဍတွေမှာ ပါဝင်နေခဲ့ပါတယ်။

မြန်မာ့စီးပွားရေးဘဏ်ရဲ့ အဓိကလုပ်ငန်းတွေ ကတော့ အချိန်ပိုင်းနဲ့ စာရင်းရှင်အပ်ငွေလက်ခံတာ၊ ချေးငွေထုတ်ချေးတာနဲ့ ချက်လက်မှတ်၊ စာချုပ် စာတမ်းတွေ ကောက်ခံရောင်းဝယ်တာ၊ ငွေလွှဲစာနဲ့ ချက်လက်မှတ်တွေ၊ ခရီးသွားချက်လက်မှတ်တွေ ထုတ်ပေးတာ၊ နိုင်ငံခြားငွေ ရောင်းဝယ်တာနဲ့ ငွေချေး သက်သေခံ လက်မှတ်တွေကို ဖောက်သည်များ ကိုယ်စား ဝယ်ယူရောင်းချတာတွေကို လုပ်ကိုင်ပါ တယ်။ ဒါ့အပြင် လုံခြုံမှုအတွက် အပ်နှံတဲ့ပစ္စည်းတွေနဲ့ ဘဏ်အာမခံဆိုင်ရာ၊ နိုင်ငံတော်ရန်ပုံငွေဆိုင်ရာတွေ နဲ့ ပင်စင်ဆိုင်ရာကိစ္စတွေကိုလည်း လုပ်ဆောင် ပေးတယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ရဲ့ ကိုယ်စားလှယ် အဖြစ်နဲ့ နိုင်ငံတစ်ဝန်းက ငွေကြေးသေတ္တာတွေကို လည်း ထိန်းသိမ်းပေးနေတဲ့အပြင် တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနယ်စပ်ကုန်သွယ်ရေး လုပ်ငန်း တွေအတွက်လည်း ဆောင်ရွက်နေတယ်လို့ မြန်မာ့ စီးပွားရေးဘဏ်က တာဝန်ရှိသူရဲ့ပြောပြချက် အရ သိရှိရပါတယ်။

မည်သို့ပြောင်းလဲရပ်တည်ခဲ့သည်ဖြစ်စေ ပန်းဆိုး တန်း လမ်းပေါ်က နှစ်ပေါင်း ၉၅ နှစ်သက်တမ်းရှိ ကိုလိုနီခေတ်လက်ရာ သုံးထပ်တိုက်အဆောက် အအုံကတော့ ယနေ့တိုင် အသုံးဝင်နေဆဲပင်ဖြစ် ပါကြောင်း။ ။ **(မြန်မာ့အလင်း)**

ခရီးသွားဆောင်းပါး

# ရှုမောဖွယ်ရာ တေဇစ်ကမ်းခြေမှာ . . .



**သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ**
**ဓာတ်ပုံ-မောင်ချစ်ကြည်**

***မွန်းတည့်နေက အပူရှိန်ပြင်းပြင်းကျဆင်းနေသဖြင့် ကားလမ်းတစ်လျှောက် တံလျှပ်ထနေသည်။ တရိပ်ရိပ်မောင်းနှင်နေသော မော်တော်ယာဉ်ကြောင့် လေပူများက တိုးဝှေ့ရိုက်ခတ်လျက် ဆောင်းကုန်စနွေဦးမှာပင် အပူရှိန်ကပြင်းထန်နေသဖြင့် ခရီးသွားရသည်မှာ မလွယ်ကူ။ ထားဝယ်က နေမြင့်မှထွက်လာခဲ့သော ကျွန်တော်တို့ လောင်းလုံးမှသည် တေဇစ်ကမ်းခြေဆီသို့ ဦးတည်နေခြင်းဖြစ်သည်။***

ထားဝယ်မြို့ကို တာဝန်ဖြင့်ရောက်ခိုက် နေ့တစ်ဝက်ခန့် အချိန်ရသဖြင့် ထားဝယ်မြို့တောင်ဘက် ၂၅ မိုင်ခန့်အကွာတွင်ရှိသော တေဇစ်ကမ်းခြေသို့ သွားရောက်လေ့လာလိုသောဆန္ဒပြင်းပြနေ၍ ဒီတစ်ခေါက်ရောက်အောင်လာခဲ့ခြင်းဖြစ်သည်။ ထားဝယ်မြို့ကို ယခင်က နှစ်ကြိမ်ရောက်ခဲ့ဖူးပြီး ရောက်တိုင်းမောင်းမကန်ကမ်းခြေသို့သွားခဲ့သည်။ ကမ်းခြေတွင် လမ်းလျှောက်ရင်း ပင်လယ်လေကိုတစ်ဝရှူကာ ဓာတ်ပုံရိုက်၊ လေ့လာမှုပြုလုပ်ကာ တစ်နာရီခန့်နေပြီးမှ ပြန်ခဲ့လေ့ရှိသည်။ ယခုတစ်ခေါက်တော့ မရောက်ဖူးသော တေဇစ်ကမ်းခြေသို့ ရောက်အောင်သွားမည်ဟူသော ဆုံးဖြတ်ချက်ဖြင့် အကောင်အထည်ဖော်ကာ မော်တော်ယာဉ်ဖြင့် ထွက်လာခဲ့ခြင်းဖြစ်သည်။

ကားလမ်းဘေးဝဲယာတစ်လျှောက် ရွာငယ်များကိုတွေ့ရသည်။ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသူများ တွေ့မြင်ရသလို ရေလုပ်ငန်းလုပ်ကိုင်ကြသူများလည်းရှိကြသည်။ တချို့နေရာများတွင် ရေယာဉ်ငယ်များတစ်စင်းစ၊ နှစ်စင်းစတည်ဆောက်နေသည်ကိုလည်း တွေ့မြင်ရသည်။ လက်ခရယူတည်ဆောက်ပေးသူများဖြစ်ပြီး ပင်လယ်ပြင်တွင်သွားလာရန်၊ ငါးဖမ်းရန်အတွက် အသုံးပြုရေး တည်ဆောက်နေခြင်းဖြစ်မည်ဟု တွေးမိသည်။ သစ်ပင်ရိပ်မလုံ့တလုံတွင် အပူဒဏ်ကိုအန်တုရင်း အလုပ်လုပ်ကိုင်နေကြသူများဖြစ်ရာ အလုပ်ပြီးချင်စိတ်ဖြင့် ဇောကပ်ကာလုပ်ကိုင်နေကြခြင်းဖြစ်သည်။

မကြာမီ ကျွန်တော်တို့လောင်းလုံးသို့ ရောက်ရှိလာသည်။ ကားလမ်းဘေးဝဲယာတစ်လျှောက် နေအိမ်ကောင်းကောင်းများကို တွေ့မြင်ရသည်။ သစ်ပင်အုပ်အုပ်ဆိုင်းဆိုင်းရှိပြီး နေအိမ်များ၊ လမ်းနှင့်အပင်များက စိမ်းစိုကာပန်းရစွာ တည်ရှိနေသည်။ လောင်းလုံးသည် ထားဝယ်မြစ်ဝနှင့် မိုင် ၂၀ ခန့်သာကွာဝေးပြီး ထားဝယ်မြစ်ဝနှင့် ကပ္ပလီပင်လယ်အကြား ရှည်မျောနေသော ကျွန်းပေါ်တွင် တည်ရှိနေခြင်းဖြစ်သည်။ နေအိမ်တိုက်တာများကြောင့် စီးပွားရေးအတန်အသင့်ကောင်းမွန်သော မြို့ဖြစ်မည်ဟု တွေးမိသည်။

လောင်းလုံးကိုဖြတ်သန်းစဉ် လောင်းလုံးအနီး လေးသွန်းခံရွာဇာတိနာမည်ကျော် ဗိုလ်မှူးကြီးဗထူးကို သတိရမိသည်။ မြန်မာ့လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရင်း အသက်ပေးခဲ့သော မျိုးချစ်ပုဂ္ဂိုလ်တစ်ဦးအဖြစ် စိတ်ထဲဦးညွှတ်မိသည်။ မြန်မာနိုင်ငံသားတို့ မမေ့အပ်သောပုဂ္ဂိုလ်များတွင် ဗိုလ်မှူးကြီးဗထူးလည်း တစ်ဦးအပါအဝင်ဖြစ်ကြောင်း တွေးနေမိသည်။ ဆက်လက်ပြီး လောင်းလုံးအနီး ညင်းမော်ရွာဇာတိဖြစ်သော မြန်မာ့လက်မှုပညာရှင် ပန်းပုပညာရှင်ကြီး ဦးဟန်တင်ကိုလည်း သတိတရရှိနေမိပြန်သည်။ နိုင်ငံကျော်ပန်းပုပညာရှင်ကြီးတစ်ဦးပင်။ သူ၏ပန်းပုလက်ရာများက သက်ဝင်လှုပ်ရှားနေသည့်အလား ပြောင်မြောက်လှသည်။ နိုင်ငံအကျိုးပြုနိုင်ငံကျော်ပုဂ္ဂိုလ်များထွက်ရှိရာ လောင်းလုံးပင်ဖြစ်သည်။

ကျွန်တော်တို့ လောင်းလုံးတွင် မော်တော်ယာဉ်ကိုထားခဲ့ကာ ဆိုင်ကယ်ဖြင့် တေဇစ်ကမ်းခြေဘက်သို့ ထွက်လာခဲ့သည်။ မော်တော်ယာဉ်ဘီးပေါက်သွားရာ ဘီးလဲလှယ်နေသဖြင့် မစောင့်တော့ဘဲ ဆိုင်ကယ်ဖြင့် ကမ်းခြေသို့ ထွက်လာခဲ့ခြင်းဖြစ်သည်။ ရှေ့မှသွားသော မော်တော်ယာဉ်တစ်စီးကြောင့် ဖုန်အလိမ်းလိမ်းထနေသော လမ်းအတိုင်း ဆိုင်ကယ်ဖြင့် သွားခဲ့သည်။ တောင်ကြောပေါ်တွင် ဖြတ်ဖောက်ထားသည့်လမ်းကြောင့် အနိမ့်အမြင့် အကွေ့အဝိုက်များဖြင့် ဖြည်းဖြည်းသာမောင်းနှင်ရသည်။ လမ်းဘေးဝဲယာတွင် သစ်ပင်များအုပ်ဆိုင်းလျက်ရှိနေသည်။ လမ်းတစ်လျှောက် ဆိုင်ကယ်အချို့၊ မော်တော်ယာဉ်အချို့ မောင်းနှင်သွားလာနေကြသည်ကို တွေ့မြင်ရသည်။

အချိန် ၁၅ မိနစ်ခန့်အကြာတွင် ပြာလဲ့သောရေပြင်၊ အနားသတ်ထားသော သဲသောင်ပြင်တို့ဖြင့် သဘာဝအတိုင်းလှပနေသော တေဇစ်ကမ်းခြေကိုမြင်တွေ့လိုက်ရသည်။ မြင်ကွင်းက အေးချမ်းပြီး ပင်လယ်ပြင်က ရှုမဆုံးအောင် စိတ်လွတ်လပ် ကြည်နူးစရာကောင်းလှသည်။ ကျွန်တော်တို့ ကမ်းခြေသဲသောင်ပြင်အတိုင်း ဖြည်းဖြည်းချင်းလမ်းလျှောက်ကာ ပင်လယ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော သန့်ရှင်းလတ်ဆတ်သည့်လေကို ရင်ဘတ်မို့မောက်အောင် ရှူသွင်းရှူထုတ်နေမိသည်။ စိတ်အေးချမ်းလှပါဘိ။ တိတ်ဆိတ်ငြိမ်သက်ကာ ငြိမ်းချမ်းသာယာခြင်းကို အပြည့်အဝခံစားရသည်။ နေပူရှိန်ပြင်းသော်လည်း ပင်လယ်ပြင်နှင့်ကမ်းခြေအလှကြောင့် အပူဒဏ်ကို မေ့လျော့သွားသည်။

တေဇစ်ကမ်းခြေက သဲဖြူသည်။ ကမ်းခြေသို့ တလိမ့်လိမ့်ရိုက်ခတ်နေသော ရေလှိုင်းတို့ကလည်း ဖွေးဖွေးဖြူသည်။ ပင်လယ်ရေပြာပြာနှင့်အတူ သဘာဝအတိုင်း မပြုပြင်ဘဲထားရှိသည့် ကမ်းခြေအလှကြောင့် ဧည့်သည်များကို အပန်းပြေစေသည်။ အမောပြေစေသည်။ လာရောက်အပန်းဖြေနေသော ဧည့်သည်အချို့ကို တွေ့ရသည်။ တချို့က ကမ်းခြေအစပ်တွင် ရေကူးနေသလို၊ တချို့က ရေကူးရန်ပြင်ဆင်နေသည်။ ဧည့်သည်များ လာရောက်သော်လည်း အများအပြားလာရောက်ခြင်း မရှိသေးသည့်အတွက် တေဇစ်ကမ်းခြေသည် သဘာဝပင်ကိုအတိုင်း ပျက်စီးခြင်းမရှိသေးသည့် ကမ်းခြေဖြစ်သည်။ သန့်ရှင်းမှုလည်း ရှိနေသည်ကို တွေ့ရသည်။

● **တေဇစ် ကမ်းခြေက သဲဖြူသည်။ ကမ်းခြေသို့ တလိမ့်လိမ့်ရိုက်ခတ်နေသော ရေလှိုင်းတို့ကလည်း ဖွေးဖွေးဖြူသည်။ ပင်လယ်ရေပြာပြာနှင့်အတူ သဘာဝအတိုင်း မပြုပြင်ဘဲထားရှိသည့် ကမ်းခြေအလှကြောင့် ဧည့်သည်များကို အပန်းပြေစေသည်။ အမောပြေစေသည်။**

ကမ်းခြေတွင် စက်လှေအချို့၊ ငါးဖမ်းလှေအချို့ကို တွေ့ရပြီး မနီးမဝေး၌ ကမ်းခြေတွင် တံငါရွာငယ်တစ်ရွာရှိသဖြင့် သွားရောက်ခဲ့သည်။ ကမ်းခြေအစပ်တွင် တည်ထားသောရွာဖြစ်ပြီး ကမ်းခြေကို လှေကပ်လိုက်သည်နှင့် ရွာကိုရောက်ပြီဖြစ်အောင် တည်ထားခြင်းဖြစ်သည်။ ရွာရှိရာကမ်းခြေအနီးတစ်ဝိုက်တွင် ငါးရှာ၊ ငါးဖမ်း၊ လှေနှင့်ရေယာဉ်များက ရေပြင်တွင်မြင်တွေ့နေရသည်။ ပင်လယ်ပြင်တွင် ငါးဖမ်းရန်အတွက် သွားရောက်သည့်လှေများဖြစ်သလို တချို့လှေများမှာ ကမ်းခြေရွာသို့ဝင်ရောက်လာသည်။ တချို့က ထွက်သွားပြီဖြစ်သည်။

*စာမျက်နှာ ၁၇ သို့*



တေဇစ်ကမ်းခြေအစပ်တွင် တည်ထားသော ရွာငယ်တစ်ရွာကို တွေ့ရစဉ်။

*စာမျက်နှာ ၁၆ မှ*

ကျွန်တော် ကမ်းစပ်ရှိလှေများကြည့်ရင်း ကမ်းစပ်ရှိ ရွာငယ်ကို အဝေးမှလှေ့လာမိသည်။ ရွာငယ်မှာ အိမ်ခြေ ၂၀ ခန့်သာရှိပြီး အဓိကစီးပွားရေးမှာ ပင်လယ်ပြင်ကို အားကိုးပြီး ရေလုပ်ငန်းမျိုးစုံလုပ်ကိုင်သည့် ရွာလေးဖြစ်သည်။ ကျွန်တော်ရွာငယ်ကို ငေးကြည့်ရင်း အတွေးလွန်နေရာ ငါးကင်၊ ပုစွန်ကင်များလာရောက် ရောင်းချသော လူငယ်လေးတစ်ဦးက အနားရောက်လာသဖြင့် အတွေးပြတ်သွားသည်။ တစ်ခါတစ်ရံမှသာ ရောင်းချခြင်းဖြစ်ကြောင်း၊ ကျောင်းပိတ်ထားသည့်ရက်များတွင်သာ ကိုယ်တိုင်ငါးကင်၊ ပုစွန်ကင်ပြုလုပ် ရောင်းချခြင်းဖြစ်ကြောင်း မောင်အောင်စိုးဟုခေါ်သော အဆိုပါ လူငယ်လေးက ပြောပြသည်။ ဝါးသီတန်ဖြင့် ပုစွန် ငါးကောင်ပါရှိသော အကင်တစ်ခုလျှင် ငွေကျပ် ၂၀၀ ဖြစ်ရာ ငါးခုဝယ်ပြီး သဲသောင်ပြင်ပေါ်ထိုင်ကာ ကျွန်တော်တို့ စိတ်ကြိုက်စားကြသည်။ ပင်လယ်လေက ဖြူးဖြူး၊ လှိုင်းပုတ်သံသဲ့သဲ့ကို နားထောင်ရင်း ပုစွန်ကင်၊ ငါးကင်များ စားရသည်မှာ သဘာဝဆန်ပြီးရိုးစင်းလှသည်ဖြစ်သော်လည်း သည်ခံစားမှုကို ဘဝတစ်လျှောက်မေ့နိုင်မည်မဟုတ်တော့။ အမြဲသတိရနေတော့မည်။

စားသောက်ပြီး ရွာငယ်လေးရှိရာသို့ ကျွန်တော်တို့ ရောက်သွားခဲ့သည်။ တံငါလုပ်ငန်းကို လုပ်ကိုင်သဖြင့် အနေအထိုင်၊ အခင်းအကျင်းများက သဘာဝဆန်သည်။ ငါးပိ၊ ငါးခြောက်အနံ့များက ပျံ့နှံ့လျက်။ အချင်းချင်း အော်ဟစ်ပြောဆိုနေကြသံများကို ကြားရသည်။ ငါးလှန်းစင်အချို့ပေါ်တွင် အရွယ်အစားသေးငယ်သော ပင်လယ်ငါးများ နေလှန်းထားသည်ကို တွေ့ရသည်။ ကလေးငယ်အချို့ ဆော့ကစားကြသည်ကို မြင်ရသည်မှာ လွတ်လပ်ပေါ့ပါးမှုအပြည့် ဖြစ်သည်။

ကမ်းစပ်တွင် ပြန့်ကျဲစွာ ရပ်နားထားသော လှေများနှင့် စက်လှေများပေါ်တွင် ရေလုပ်သားအချို့ကို တွေ့ရသည်။ ကမ်းခြေနှင့် တစ်မိုင်ပင်မဝေးသော ရေပြင်တွင် ကျွန်းငယ်နှစ်ကျွန်းကို ကပ်လျက်မြင်တွေ့ရသည်

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

**မြန်မာနိုင်ငံ တောင်ဘက်စွန်းဖြစ်သည့် တနင်္သာရီ တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် သဘာဝ ကမ်းခြေအများအပြား တည်ရှိနေသည်။ သဘာဝက ပေးထားသော လက်ဆောင်များဖြစ်သည့် ပင်လယ် ကမ်းခြေများကို မပျက်စီးအောင် ထိန်းသိမ်းစောင့် ရှောက်ရင်းအသုံးချနိုင်ပါက ဒေသလည်းဖွံ့ဖြိုးလာမည် မှာ အမှန်ပင်။**

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

မှာ ထူးခြားသည်။ ကျွန်းငယ်နှစ်ကျွန်းမှာ ဆက်စပ်လျက်ရှိပြီး သစ်ပင်အချို့ ပေါက်ရောက်နေသော်လည်း အုပ်ဆိုင်းနေခြင်းမရှိ။ ကျွန်းငယ်နှစ်ကျွန်းရှိရာသို့ လှေတစ်စင်းငှားကာ သွားရောက်ခဲ့သည်။ ရွာသားတစ်ဦးက အခမဲ့လိုက်ပို့ပေးသဖြင့် ကျွန်းများအနီးသို့သွားကာ အနီးကပ်လေ့လာမိသည်။ လှေငယ်ပေါ်မှနေ၍ ကျွန်းငယ်နှစ်ကျွန်းကို ဓာတ်ပုံမှတ်တမ်းများရိုက်ယူကာ လိုက်ပို့သူကိုမေးမြန်းကြည့်ရာ ခရီးသွားလုပ်ငန်းအတွက် အထောက်အကူပြုမည့် စီမံကိန်းရှိကြောင်း သိရသော်လည်း သေသေချာချာမပြောနိုင်။ ကျွန်းပေါ်တက်ရောက်ကြည့်ရှု၍ ရသည်။ သို့သော်လည်း မတက်ရောက်ခဲ့တော့။ လှေသမားကိုယ်တိုင်ကလည်း ပင်လယ်သို့ထွက်ရန်ရှိသည်ဟုဆိုသဖြင့် ကျွန်းပေါ်သို့ မတက်ခဲ့ခြင်းဖြစ်သည်။ ကျွန်းအနီးသို့ လိုက်ပို့သည်ကိုပင် ကျေးဇူးတင်ရသည်။ ကျွန်တော်တို့ကမ်းခြေသို့ ပြန်လာခဲ့ကြသည်။

တေဇစ်ကမ်းခြေအတိုင်း ကျွန်တော်တို့ ဖြည်းဖြည်းချင်းလမ်းလျှောက်ရင်း ခရီးသွားလုပ်ငန်းအတွက် မြန်မာနိုင်ငံတွင် သဘာဝအလှအပပေါများသည်ကို တွေးနေမိသည်။ အထူးသဖြင့် မြန်မာနိုင်ငံတောင်ဘက်စွန်းဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် သဘာဝကမ်းခြေအများအပြား တည်ရှိနေသည်။ သဘာဝကပေးထားသော လက်ဆောင်များဖြစ်သည့် ပင်လယ်ကမ်းခြေများကို မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ရင်း အသုံးချနိုင်ပါက ဒေသလည်းဖွံ့ဖြိုးလာမည်မှာ အမှန်ပင်။

တေဇစ်ကမ်းခြေသဲသောင်ပြင်ပေါ်မှ ပင်လယ်ပြင်ကို လှမ်းမျှော်ကြည့်လိုက်ရာ စိမ်းညို့ညို့ကျွန်းအချို့ကို မှုန်ပျပျလှမ်းမြင်နေရသည်။ ရေယာဉ်ကြီးအချို့ ဖြည်းညင်းစွာ ခုတ်မောင်းသွားလာနေကြသည်။ မောင်းမကန်ကမ်းခြေ၊ စက်စဲကမ်းခြေ၊ ကဗျာဝကမ်းခြေ၊ နဘူးလယ်ကမ်းခြေတို့က မြန်မာနိုင်ငံ တောင်ဘက်စွန်းမှ နာမည်ကျော်ကမ်းခြေများပင်။ အခု တေဇစ်ကမ်းခြေကလည်း အပန်းဖြေစရာကောင်းသော ကမ်းခြေသစ်တစ်ခုအဖြစ် ရောက်ရှိလာတော့မည်ဟု တွေးနေမိသည်။ တေဇစ်ကမ်းခြေမှ ပြန်ထွက်လာချိန်တွင် အနောက်ဂေါယာကျွန်းသို့ နေမင်းကလည်း တဖြည်းဖြည်းနိမ့်ဆင်းနေပြီ။ ကမ်းခြေသို့ ရေလှိုင်းပုတ်သံများလည်း တဖြည်းဖြည်း ဝေး၍ဝေး၍ ကျန်ခဲ့ပြီ။



တေဇစ်ကမ်းခြေနားရှိ ကျွန်းငယ်တစ်ကျွန်းကို တွေ့ရစဉ်။

# ဆေးဝါးမကူဘဲ ခေါင်းကိုက်သက်သာစေသော သဘာဝနည်းများ

ဘာသာပြန်-ကလျာမိုးမြင့်

ခေါင်းကိုက်ခြင်းဟာ စိတ်အနှောင့်အယှက်ပေးတဲ့ ဝေဒနာတစ်ခုဖြစ်ပြီး နေ့စဉ် မိသားစုဘဝ၊ လုပ်ငန်းခွင်၊ အိပ်စက်ချိန်နဲ့ အားကစားလှုပ်ရှားမှုတွေ ပြုလုပ်ချိန်မှာ ကြားဝင်နှောင့်ယှက်တတ်ပါတယ်။ အလုပ်ထဲက စိတ်ဖိစီးမှုကြောင့် ခေါင်းကိုက်နိုင်သလို ပြင်းထန်တဲ့ ရောဂါလက္ခဏာတစ်ခုအနေနဲ့လည်း ခေါင်းကိုက်နိုင်ပါတယ်။

ခေါင်းကိုက်ခြင်းကို သုတေသနပြုတဲ့ နိုင်ငံတကာအဖွဲ့အစည်းတစ်ရပ်က ခေါင်းကိုက်ခြင်းအမျိုးအစားကို နှစ်မျိုးနှစ်စားရှိကြောင်း ဖော်ပြပါတယ်။

မူလခေါင်းကိုက်ခြင်းဟာ ဦးခေါင်းရဲ့အတွင်းပိုင်းထဲက သိရှိခံစားနိုင်တဲ့ အင်္ဂါအစိတ်အပိုင်းတွေဖြစ်တဲ့ သွေးကြောများနဲ့ ဦးနှောက်အာရုံကြောများ လွန်ကဲစွာအလုပ်လုပ်ရခြင်း၊ လည်ပင်းကြွက်သားနဲ့ ဦးခေါင်းကြွက်သားများ ပင်ပန်းနွမ်းနယ်ခြင်းနဲ့ ဦးနှောက်အတွင်းပိုင်းက ဓာတုဖြစ်စဉ်များကြောင့် ခေါင်းကိုက်ရခြင်းဖြစ်ပါတယ်။ စိတ်ဖိအားများကြောင့် ခေါင်းကိုက်ခြင်း၊ ခေါင်းကြီးကိုက်ရောဂါလို့ခေါ်တဲ့ ပျို့အန်ခြင်း၊ အမြင်ထိခိုက်ခြင်းတို့ ပူးတွဲဖြစ်လေ့ရှိတဲ့ မကြာခဏခေါင်းကိုက်ခြင်း၊ ကာယလှုပ်ရှားမှုများကြောင့် ခေါင်းကိုက်ခြင်း၊ ချောင်းဆိုးဝေဒနာကြောင့် ခေါင်းကိုက်ခြင်းနဲ့ နေ့စဉ်လိုလို ဖြစ်ပွားတတ်တဲ့ ခေါင်းကိုက်ခြင်းများဟာ မူလခေါင်းကိုက်ခြင်းအမျိုးအစားဖြစ်ပါတယ်။

ဒုတိယအမျိုးအစားဖြစ်တဲ့ ဆင့်ပွားခေါင်းကိုက်ခြင်းကတော့ ရောဂါဝေဒနာခံစားရမှုကြောင့် ဦးခေါင်းအတွင်းပိုင်းရှိ နာကျင်ခံစားလွယ်သော အာရုံကြောများကို လှုံ့ဆော်ခံရခြင်းကြောင့်ဖြစ်ပါတယ်။ ဦးခေါင်းခွံအတွင်းပိုင်းနာကျင်မှုကြောင့် ခေါင်းကိုက်ခြင်း၊ ရေဓာတ်ဆုံးရှုံးရခြင်း၊ ပြင်းပြင်းထန်ထန်သွေးခဲခြင်း သို့မဟုတ် ဦးနှောက်သွေးလွှတ်ကြောများနေရာကွက်၍ အလွန်အမင်းကြီးထွားခြင်းများကြောင့် ဆင့်ပွားခေါင်းကိုက်ဝေဒနာကို ခံစားရနိုင်ပါတယ်။ နားအတွင်းရောဂါဖြစ်ပွားခြင်း၊ ဦးခေါင်းထိခိုက်မှုဖြစ်ခြင်း၊ တုပ်ကွေးမိခြင်း၊ ဦးနှောက်အမြှေးရောင်ခြင်း၊ မျက်စိရေတိမ်စွဲခြင်းနဲ့ ရုတ်တရက်အကြီးအကျယ်ကြောက်လန့်ခြင်း၊ အကိုက်အခဲပျောက်ဆေးများ အလွန်အကျွံသုံးစွဲခြင်းများကြောင့်လည်း ခေါင်းကိုက်နိုင်ပါတယ်။

ခေါင်းကိုက်ဝေဒနာအတွက် နီးစပ်ရာဆေးဆိုင်ဆေးခန်းများသို့ ပြေးစရာမလိုဘဲ သဘာဝနည်းလမ်းများနဲ့ လျော့ပါးသက်သာအောင် ပြုလုပ်နိုင်ပါတယ်။



**လမ်းလျှောက်ခြင်း**

ရုတ်တရက်ခေါင်းကိုက်လာချိန်မှာ ဆိတ်ငြိမ်တဲ့နေရာတစ်နေရာကိုသွားပြီး လမ်းလျှောက်ခြင်းနဲ့ လေကောင်းလေသန့်ရှူရှိုက်ခြင်းက အထိုက်အလျောက်သက်သာစေပါတယ်။ အထူးသဖြင့် ကွန်ပျူတာဖန်သားပြင် သို့မဟုတ် လက်ကိုင်ဖုန်းဖန်သားပြင်ကို ရေရှည်ကြည့်ရှုနေရတာကြောင့် ဖြစ်ရတဲ့ခေါင်းကိုက်ခြင်းအတွက် ဒီနည်းက ထိရောက်မှုရှိပါတယ်။ အသက်ကိုပြင်းပြင်းရှူပြီး စိတ်ကိုပေါ့ပေါ့ပါးပါးထားရပါမယ်။

**ရေခဲအသုံးပြုခြင်း**

သင့်ရဲ့နဖူးပြင်၊ နားထင်နဲ့ ဂုပ်ပိုးတွေမှာ ရေခဲထုပ်နဲ့ဖိကပ်ပေးခြင်းကလည်း နည်းလမ်းကောင်းတစ်ခုဖြစ်ပါတယ်။ ရေခဲတုံးရဲ့ အအေးဓာတ်က ကြွက်သားများတင်းမာနေမှုကို ပြေလျော့စေပြီး နာကျင်ကိုက်ခဲမှုကို သက်သာစေပါတယ်။ ရေများများသောက်ဖို့လိုအပ်ပါတယ်။

**ဦးခေါင်းကိုနှိပ်နယ်ခြင်း**

ဦးခေါင်းရဲ့နာကျင်ကိုက်ခဲနေတဲ့ နေရာတစ်ဝိုက်ကို လက်မနဲ့လက်ညှိုးနှစ်ဖက်ကို အသုံးပြုပြီး အသာအယာနှိပ်နယ်ပေးပါ။ နဖူး၊ နားထင်၊ ငယ်ထိပ်နေရာနဲ့ ဦးခေါင်းခွံအောက်ခြေနေရာများကို ၁၀ မိနစ်ကနေ ၁၅ မိနစ် လိုအပ်ရင် ဒီထက်ပို၍ အချိန်ကြာကြာနှိပ်နယ်ပေးပါ။

**မှေးစက်အနားယူခြင်း**

ခေါင်းအလွန်ကိုက်လာချိန်မှာ ခေတ္တမှေးစက်အနားယူလိုက်ခြင်းကလည်း ပြန်နိုးထလာချိန်မှာ အံ့သြဖွယ်ရာ ခေါင်းကိုက်ပျောက်ကင်းသွားတာကိုတွေ့ရပါတယ်။ သက်သောင့်သက်သာဖြစ်မယ့်တစ်နေရာရှာဖွေပြီး အသက်ကို ပုံမှန်ရှူရှိုက်ကာ ခေတ္တမှေးစက်လိုက်ပါ။ ဘာမှမစဉ်းစားပါနဲ့။

တစ်ခါတစ်ရံမှာ ခေါင်းကိုက်ခြင်းဟာ ဆာလောင်မှုကြောင့်ဖြစ်တတ်သလို အစာစားချိန်ပျက်ကွက်တာကြောင့်လည်း ဖြစ်တတ်ပါတယ်။ နေ့စဉ်အစာစားချိန်ကို ပုံမှန်သတ်မှတ်ပြီးစားပါ။ ကွန်ပျူတာကို အချိန်ကြာမြင့်စွာအသုံးပြုခြင်း ရှောင်ကြဉ်ပါ။ နေရောင်အချိန်ကြာကြာထိတွေ့ခြင်းက ခေါင်းကိုက်စေနိုင်တာကြောင့် UV ကာကွယ်တဲ့ နေကာမျက်မှန်တပ်ဆင်ပါ။ ဆံပင်ကိုတင်းကျပ်စွာစည်းနှောင်တာမျိုးမလုပ်ပါနဲ့။

**ရုတ်တရက် ခေါင်းကိုက်လာချိန်မှာ ဆိတ်ငြိမ်တဲ့နေရာ တစ်နေရာကိုသွားပြီး လမ်းလျှောက်ခြင်းနဲ့ လေကောင်းလေသန့်ရှူရှိုက်ခြင်းက အထိုက်အလျောက် သက်သာစေပါတယ်။ အထူးသဖြင့် ကွန်ပျူတာဖန်သားပြင် သို့မဟုတ် လက်ကိုင် ဖုန်းဖန်သားပြင်ကို ရေရှည်ကြည့်ရှုနေရတာကြောင့်ဖြစ်ရတဲ့ ခေါင်းကိုက်ခြင်း အတွက် ဒီနည်းက ထိရောက်မှုရှိပါတယ်။**

# အပြော-အရေး ကွာဟမှုများ(၁)



မောင်ခင်မင်(ဓနုဖြူ)

"ကျွန်တော်တို့နှစ်ယောက်က အလုပ်ချင်းမတူပေမယ့် နှစ်ယောက်စလုံး မြန်မာစာနဲ့ဆိုင်တဲ့ အလုပ်ကို လုပ်ပါတယ် ဆရာ"

"ဟေ. . . ဟုတ်လား။ သားက ဘာလုပ်ပါလိမ့်"

"ကျွန်တော်က နိုင်ငံခြားသားတွေကို မြန်မာစာ သင်တာပါ"

"သမီးကရော"

"သမီးက ကွန်ပျူတာသုံး မြန်မာစာပရောဂျက်တွေ လုပ်နေပါတယ်"

"စိတ်ဝင်စားစရာပဲ။ မြန်မာစာကို ကိုယ့်လိုအပ်ချက်နဲ့ကိုယ် အသုံးပြုနေကြတဲ့သူတွေဆိုတော့ ဆရာက ကြိုဆိုပါတယ်"

"ကျေးဇူးတင်ပါတယ်ဆရာ။ အခုဆရာ့ဆီလာတဲ့ အကြောင်းက ကျွန်တော်တို့ ကြုံတွေ့နေရတဲ့ ပြဿနာနဲ့ပတ်သက်ပြီး ဆရာလမ်းညွှန်ပေးတာ ခံယူချင်လို့ပါ ဆရာ"

"ဟုတ်ပါတယ် ဆရာ။ မြန်မာစာ မြန်မာစကားနဲ့ ပတ်သက်ပြီး သမီးတို့မရှင်းတာတွေ ရှိနေပါတယ်။ ဆရာရှင်းပြပေးဖို့ တောင်းပန်ပါရစေဆရာ"

"အေးကွယ်။ ဆရာတို့ဝိုင်းဖွဲ့စကားပြောရင်း အဖြေရှာကြတာပေါ့။ သားတို့ သမီးတို့ပြောတဲ့ ပြဿနာကို ပြောပြပါဦး"

"အဓိကပြဿနာကတော့ စကားသံနဲ့စာလုံးနဲ့ ထပ်တူမကျဘဲ ကွာဟချက်တွေရှိနေတဲ့ ပြဿနာပါ ဆရာ"

"တစ်ခုနှစ်ခုလောက်ပြောပြပါလား"

"ပြဿနာတစ်ခုက ဘယ်စကားလုံးကို အသံတစ်ဝက်ပဲထွက်ရတယ်။ ဘယ်စကားလုံးကိုကျတော့ အသံအပြည့်ထွက်ရတယ်ဆိုတာ ဥပဒေသထုတ်ဖို့ ခက်တဲ့ ပြဿနာပါ။ ဥပမာဆိုပါတော့ ဆရာ။ 'က'နဲ့ ရေးတာချင်းအတူတူ 'ကပြဲ'မှာ'က'ကို အသံအပြည့် ထွက်ပေမယ့် 'ကယား'ကျတော့ 'က'ကို အသံတစ်ဝက်ပဲ ထွက်ရတယ် မဟုတ်လား ဆရာ"

"ဒါတင်ဘယ်ကမလဲဆရာ။ 'က'နဲ့ ရေးတာချင်း အတူတူ 'ကလေး'ကို'ခလေး' လို့ အသံထွက်ပေမယ့် 'ကစား'ကျတော့'ဂဇား'လို့ ဂ-သံနဲ့ ထွက်ပြန်ရောမဟုတ်လား ဆရာ"

"ဟုတ်တာပေါ့"

"အဲဒီလို အသံနဲ့အရေးကွာဟချက်တွေကို ပြည့်ပြည့်စုံစုံသိရပြီး ဘယ်နေရာမှာ ဘယ်လိုအသံထွက်တယ်။ ဘယ်လိုသုံးတယ်ဆိုတာ ဥပဒေသထုတ်နိုင်ရင် နိုင်ငံခြားသားကို မြန်မာစာသင်ကြားရာမှာရော၊ ကွန်ပျူတာသုံးမြန်မာစာလုပ်ငန်းတွေမှာရော အများကြီးအကျိုးရှိမယ်ထင်ပါတယ်ဆရာ။ ဒါကြောင့် ကျွန်တော်တို့ နှစ်ယောက်တိုင်ပင်ပြီး ဆရာ့ဆီလာကြတာပါ"

"ဟုတ်ပါပြီ။ ဒီတော့ မြန်မာစကားမှာ ဆရာတို့ ပြောဆိုနေတဲ့စကားသံတွေနဲ့ မြန်မာစာမှာ ဆရာတို့ ရေးနေတဲ့ စာလုံးအက္ခရာတွေ ယှဉ်ကြည့်ရင် ကွာဟချက်တွေ ပေါ်လာနိုင်တာပေါ့။ အဲဒီကွာဟချက်တွေကို တစ်ခုချင်း လေ့လာကြည့်တာ မကောင်းဘူးလား"

"ဟာ. . . သိပ်ကောင်းတာပေါ့ဆရာ။ ယှဉ်ကြည့်မှ ကွာဟချက်တွေ မြင်လာမယ်ထင်ပါတယ်"

"ကဲ . . . . တစ်ကန့်စီ ကြည့်ကြတာပေါ့။ ပထမဆုံး ဗျည်းတွေကိုကြည့်ရအောင်။ မြန်မာစာမှာရှိတဲ့ ဗျည်းတွေကို သိကြမှာပေါ့"

"သိပါတယ် ဆရာ။ 'က' က 'အ'အထိ ဗျည်းသုံးဆယ့်သုံးလုံးပါ"

"ဟုတ်ပြီ။ မင်းတို့ မြန်မာစကားပြောတော့လည်း အဲဒီဗျည်းသံတွေ ပြောရတယ်မဟုတ်လား။ ဒီလိုဆိုရင် စဉ်းစားကြည့်ပါ။ အဲဒီ ဗျည်းအက္ခရာတွေနဲ့ ဗျည်းသံတွေ အရေအတွက်ချင်း အတူတူပဲလား၊ ထပ်တူကျသလား"

"မတူဘူး ထင်ပါတယ် ဆရာ"

"ဘယ်လို မတူတာလဲကွယ်"

"စာနဲ့ရေးတဲ့ ဗျည်းစာလုံးတွေထဲမှာ အသံတူတွေ ပါနေပါတယ်ဆရာ။ ဒါကြောင့် ဗျည်းစာလုံးတွေ ပိုနေပါတယ်"

"ဘယ်စာလုံးတွေလဲကွယ်"

"သမီးပြောကြည့်ပါ့မယ်ဆရာ။ အင်း . . . . ဂနဲ့ဃ အသံအတူတူပဲ။ ပြီးတော့ ဇနဲ့ဈ ၊ ပြီးတော့. . . . "

"ကျွန်တော်လည်း ပြောကြည့်ပါ့မယ်။ ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ ဆိုတဲ့ဗျည်းငါးလုံးနဲ့ တ၊ ထ၊ ဒ၊ ဓ၊ န ဆိုတဲ့ ဗျည်းငါးလုံးလည်း နှစ်လုံးစီ အသံတူနေပါတယ် ဆရာ"

"အင်း. . . တိတိကျကျ ပြောရအောင်။ ဋနဲ့တ၊ ဌနဲ့ထ၊ ဏနဲ့န၊ နှစ်လုံးစီအသံတူတယ်။ ဍ၊ ဎ၊ ဒ၊ ဓ ကျတော့ လေးလုံးစလုံး အသံတူတာပေါ့"

"ဟုတ်ပါတယ်ဆရာ။ ပြီးတော့ ဗနဲ့ဘ၊ ယနဲ့ရ၊ လနဲ့ဠ တို့လည်း အသံတူနေပါတယ်"

"အဲ. . . ယနဲ့ရမှာ ရက တချို့စာလုံးတွေကို လျှာလိပ်သံနဲ့ဆိုရတော့ အသံကွဲတယ်။ 'ရေဒီယို' တို့ 'ပရိဘောဂ' တို့မှာ 'ရ'ကို လျှာလိပ်သံနဲ့ဆိုရတော့ ယနဲ့အသံမတူဘူး။ အဲ. . . ရန်ကုန်တို့၊ ရေတို့မှာတော့ ယနဲ့ရ အသံတူတာပေါ့"

"ဟုတ်ကဲ့ပါ"

"တစ်ခုသတိထားရမှာရှိတယ်။ အဲဒီအသံတူ ဗျည်းအက္ခရာတွေက မြန်မာစကားမှာသာ အသံတူတာ။ မြန်မာတွေ မြန်မာစာစထွင်တုန်းက ယူလာတဲ့ ပါဠိပိဋကတ်တွေမှာတော့ အဲဒီအက္ခရာတွေက အသံမတူဘူးကွဲ့။ ဂနဲ့ဃ၊ ဇနဲ့ဈ၊ ဋနဲ့တ စသည်ဖြင့်ပေါ့။ အသံကွဲတယ်။ ဒါကြောင့် ထည့်ထားတာပေါ့။ မြန်မာစကားမှာတော့ ဂနဲ့ဃက အသံမကွဲဘူးလေ။ ကျန်တာတွေလည်းဒီလိုပဲ။ ဒါက ပါဠိစကားနဲ့မြန်မာစကားက သဘာဝချင်းမှမတူတာကိုး။ ဒီအကြောင်း ခုဆွေးနွေးရင်ရှုပ်သွားမယ်။ မြန်မာစကား မြန်မာစာအကြောင်းပဲ ပြောကြရအောင်။ မြန်မာစာမှာ အဲဒီဗျည်းတွေဟာ အသံချင်းတူနေတယ်။ ဒါကြောင့် အဲဒီအသံတွေကို ရေးမယ်ဆိုရင် အသံတူဗျည်းအက္ခရာတွေထဲက ဘယ်အက္ခရာကိုသုံးရမယ်ဆိုတာ ပြဿနာရှိနိုင်တာပေါ့"

"ဟုတ်ပါတယ် ဆရာ။ အသုံးများတဲ့စကားလုံးတွေမှာတော့ ပြဿနာမရှိပါဘူး။ နိုင်ငံခြားသားကို သင်ရင် သောက်တဲ့ရေကို 'ရေ'လို့ရေးတယ်။ 'ယေ'လို့ မရေးရဘူးလို့သင်ပေးထားရင် နားလည်ပါတယ်။ ဒါပေမယ့် 'အိမ်ရာ' လို့ရေးရမလား၊ 'အိမ်ယာ'လို့ ရေးရမလားဆိုတာမျိုးကျတော့ မသဲမကွဲဖြစ်နိုင်ပါတယ် ဆရာ"

"ဒါပေမယ့် သမီးအလုပ်က စက်နဲ့လုပ်ရတာဆိုတော့ 'ရေ'နဲ့ 'ယေ'ကို အသံတူနှစ်ခုရှိနေတဲ့ ပြဿနာမျိုးကို ရှင်းဖို့သိပ်မလွယ်ပါဘူး ဆရာ"

"ဟုတ်မှာပါ။ ဆက်ဆွေးနွေးကြတာပေါ့။ ဒီပြဿနာကို ဆက်ရရင် မြန်မာဗျည်းအက္ခရာနဲ့ဗျည်းသံမှာ အသံတူအက္ခရာတွေရှိနေလို့ ဗျည်းအက္ခရာက ဗျည်းသံထက် အရေအတွက်ပိုနေတယ်လို့ ဆိုရမှာပေါ့။ ကဲ. . . အက္ခရာမရှိဘဲ အသံရှိနေတဲ့ ဗျည်းမျိုးရောမရှိဘူးလားကွယ်"

"ဗျည်းသုံးဆယ့်သုံးလုံးနဲ့ မြန်မာဗျည်းသံအားလုံး ရေးလို့ရတယ်ထင်ပါတယ် ဆရာ။ အက္ခရာမရှိဘဲ အသံရှိနေတဲ့ဗျည်းဆိုတာ သမီးတော့ သတိမထားမိပါဘူး"

"သားရော"

"ကျွန်တော်လည်း သတိမထားမိပါဘူး ဆရာ"

"ကဲ. . . ဆရာ စာလုံးနှစ်လုံးရေးပြမယ်။ တစ်ယောက်စီ အသံထွက်ဆိုပြနော်"

"ဟုတ်ကဲ့ပါ ဆရာ"

"ကဲ. . . ဒါဘယ်လိုအသံထွက်မလဲ။ ('ကြက်သား' ဟု ရေးပြသည်။)

" 'ကြက်သား' ပါဆရာ"

"ကဲ. . . သမီးက ဒါကိုအသံထွက်ပြပါ။ ('ဘဲသား' ဟု ရေးပြသည်။)

" 'ဘဲသား'ပါဆရာ"

"ကဲ. . . ပြန်စဉ်းစားကြည့်ပါ။ 'ကြက်သား' က 'သား' နဲ့ 'ဘဲသား' က 'သား'နဲ့ အသံချင်းတူသလား၊ မတူဘူးလား"

"မတူပါဘူးဆရာ"

"ဟုတ်တယ်။ မတူဘူး။ 'ကြက်သား'မှာပါတဲ့ 'သား' က အနီးစပ်ဆုံးပြောရရင် အင်္ဂလိပ်စကား 'thin' မှာပါတဲ့ th သံမျိုးပဲ။ အသံပျော့ပျော့ဆိုရတဲ့ 'သ'သံပေါ့။ 'ဘဲသား' မှာပါတဲ့ 'သား'က အင်္ဂလိပ်စကား၊ 'that' မှာပါတဲ့ th သံမျိုး၊ အသံပြင်းပြင်းဆိုရတဲ့'သ'သံပဲ"

"ဟင်. . . ဒါဆိုမြန်မာစကားမှာ 'သ'သံ နှစ်သံ ရှိတာပေါ့နော် ဆရာ"

"ဟုတ်တယ်။ ခုပြောတဲ့ 'ကြက်သား'တို့ 'ပြသ'တဲ့၊ 'သူတော်ကောင်း'တို့၊ 'သရက်' တို့မှာပါတဲ့ 'သ'သံ တွေကအသံပျော့ပျော့ဆိုရတဲ့ သသံတွေပေါ့။ 'ဘဲသား' တို့၊ 'ဝယ်သူ'တို့၊ 'ပန်းသီး' တို့၊ 'သတင်း' တို့မှာပါတဲ့ 'သ'သံတွေကတော့ အသံပြင်းပြင်းဆိုရတဲ့ သသံတွေပဲ။ အဲဒီလို 'သ'သံ နှစ်သံရှိပေမယ့် ရေးစရာ သ-အက္ခရာကတော့ တစ်လုံးတည်းရှိတာ မင်းတို့ အသိပဲလေ"

"သိပါပြီဆရာ"

"ဗျည်းသုံးဆယ့်သုံးလုံးထဲက 'သ'ကို အသံပျော့ 'သ'သံအတွက် ရေးမယ်ဆိုရင် အသံပြင်း'သ'သံ အတွက် ရေးစရာစာလုံးတစ်လုံးလိုနေတာပေါ့"

"ဟုတ်ကဲ့ပါ"

"သုံးရိုးသုံးစဉ်ကတော့ ဒီ'သ'တစ်လုံးပဲသုံးပြီး အသံထွက်တဲ့အခါ 'ချစ်သူ' ဆိုရင် 'သူ'ကို အသံပျော့ပျော့ထွက်၊ 'ဝယ်သူ'ဆိုရင်'သူ'ကို အသံပြင်းပြင်း ထွက်ဆိုတာမျိုးသုံးနေကြတာပေါ့။ ဒါပေမယ့် နိုင်ငံခြားသားကို ဘာသာစကားသင်တဲ့အခါမျိုး၊ ကွန်ပျူတာမှာ တိတိကျကျသုံးတဲ့အခါမျိုးကျတော့ အဲဒီလိုလုပ်လို့ မရဘူးလေ။ ဘယ် 'သ'သံအတွက် ဘယ်စာလုံး သုံးရမယ်လို့ တိတိကျကျသတ်မှတ်ဖို့လိုတာပေါ့"

"ဟုတ်ကဲ့ပါ ဆရာ"

"ဒီပြဿနာကို ပထမဆုံးကြုံရတဲ့သူတွေကတော့ အဘိဓာန်ပြုစုတဲ့ပညာရှင်တွေပဲ။ အဘိဓာန်မှာ တည်ပုဒ်စာလုံးရဲ့အသံထွက်ကို တိတိကျကျပြရတယ်။ ဒါကြောင့် မြန်မာစာအဖွဲ့ကထုတ်တဲ့ အဘိဓာန်မှာ အသံပြင်း 'သ'သံတွေကို 'သ့' ဆိုပြီး သအောက်က အကောက်ကလေးနဲ့ အက္ခရာတစ်လုံးထွင်ထားတာ တွေ့လိမ့်မယ်။ လေ့လာကြည့်ကြပေါ့။ကဲ. . . နားကြဦးစို့"

"ကျေးဇူးတင်ပါတယ်ဆရာ"

> **အသံနဲ့အရေး ကွာဟချက်တွေကို ပြည့်ပြည့်စုံစုံသိရပြီး ဘယ်နေရာမှာ ဘယ်လိုအသံထွက်တယ်။ ဘယ်လိုသုံးတယ်ဆိုတာ ဥပဒေသထုတ်နိုင်ရင် နိုင်ငံခြားသားကို မြန်မာစာသင်ကြားရာမှာရော၊ ကွန်ပျူတာသုံး မြန်မာစာလုပ်ငန်းတွေမှာရော အများကြီးအကျိုးရှိမယ်ထင်ပါတယ်**

# သဘာဝဘေးမဲ့တောများနှင့်ပြည့်စုံသော ဘိုကလေးမြို့သို့

ဘိုကလေးဌေးနိုင်

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့သည် ဒီရေတော ပေါက်ရောက်ရာဒေသဖြစ်ပြီး ကဒုံကနိသစ်တောကြိုးဝိုင်း၊ ပျဉ်ဒရယ်သစ်တောကြိုးဝိုင်း၊ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများဖြင့် နာမည်ကျော်ကြားသော မြို့တစ်မြို့ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဒီရေရောက်တောများသည် အဓိကအားဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ပေါက်ရောက်လျက်ရှိသည်။ ဧကအားဖြင့် ၁၆၀၀၀၀ ကျော်ရှိပြီး ကမ္ဘာပေါ်တွင် ဒီရေတောအများဆုံး ၁၀ နိုင်ငံစာရင်း၌ ပါဝင်လျက်ရှိရာ(အဆင့် ၇ ) ရှိကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ သိရသည်။

မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ဘိုကလေးမြို့နယ်အတွင်းတည်ရှိ၍ အရှေ့ဘက်တွင် ပျဉ်ဒရယ်သစ်တောကြိုးဝိုင်း၊ အနောက်ဘက်တွင် ကဒုံကနိသစ်တောကြိုးဝိုင်းတို့ဝန်းရံနေပြီး ဘိုကလေးမြို့၏ တောင်ဘက်ရေမိုင် ၁၂ မိုင်အကွာတွင် တည်ရှိသည်။

မိန်းမလှကျွန်းကြီးဝိုင်းသည် တောင်မြောက် ၁၆ မိုင်ရှည်ပြီး အရှေ့နှင့် အနောက် ခြောက်မိုင်ကျယ်ဝန်းသည်။ ရန်ကုန်မြို့မှဘိုကလေးသို့ ရေလမ်းခရီး ၈၇ မိုင်၊ ဘိုကလေးမှ မိန်းမလှကျွန်းသို့ ၁၂ မိုင် ရာသီမရွေးသွားလာနိုင်သော်လည်း မိုးရာသီတွင် အနည်းငယ်အခက်အခဲရှိသည်။

ကုန်းလမ်းခရီးအနေဖြင့် ရန်ကုန်၊ ဒေးဒရဲ၊ ဖျာပုံ၊ ဘိုကလေးသို့ ၈၄မိုင်၊ ရန်ကုန် မအူပင်၊ ကျိုက်လတ်၊ ဖျာပုံ၊ ဘိုကလေးသို့ ၁၁၂ မိုင် ရာသီမရွေး သွားလာနိုင်သည်။

ပင်လယ်ပြင်နှင့် အလွန်နီးကပ်စွာတည်ရှိသည့် မြစ်ဝကျွန်းပေါ်ဒေသကျွန်းဖြစ်၍ ဒီရေအတက်အကျရှိသည့် ဒေသတစ်ခုဖြစ်ပြီး အရှေ့ဘက်တွင် ဘိုကလေးမြစ်နှင့် အနောက်ဘက်တွင် ကဒုံကနိမြစ်တို့ဝန်းရံထားသည့် ရေလယ်ကျွန်းဒီရေတော တစ်ခုဖြစ်သည်။

